ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
လူထုဗဟိုပြုစီမံကိန်း
သဘာဝ ပတ်ဝန်းကျင် နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်မူကြမ်း
(ဇန်နဝါရီလ ၂၀၁၅)

**က။ နိဒါန်း**

၁။ ၂၀၁၁ ခုနှစ်မှစတင်ပြီး မြန်မာနိုင်ငံတော်အစိုးရကစတင်အကောင်အထည်ဖော်ခဲ့သည့် ပြုပြင်ပြောင်းလဲရေး များ၏ အဓိကအစိတ်အပိုင်းတစ်ရပ်မှာ အထက်မှအောက်သို့အမိန့်ပေးသည့်စနစ်မှ "ပြည်သူဗဟိုပြု" ဖွံ့ဖြိုးရေးသို့ ပြောင်းလဲရေးအားထုတ် ကြိုးပမ်းမှုတစ်ရပ်ပင်ဖြစ်သည်။ အဆိုပါချဉ်းကပ်မှုကို မြန်မာနိုင်ငံ၏ကျေးလက်ဒေသများ၌ လက်တွေ့လုပ်ဆောင်နိုင်ရေးအတွက် အစိုးရသည် လူထုဗဟိုပြုစီမံကိန်း (NCDDP) တစ်ရပ်ကို ပုံစံချမှတ် အကောင် အထည် ဖော်ရာ၌ အထောက်အကူဖြစ်စေရန်အတွက် ၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့ဘဏ်ထံမှ နည်းပညာနှင့် ငွေကြေး အကူအညီကို တောင်းခံခဲ့သည်။ လူထုဗဟိုပြုစီမံကိန်းသည် ရန်ပုံငွေသုံးစွဲမှုရာ၌ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ အပေါ် အလေးဂရုပြုရင်း ကျေးလက်နေပြည်သူလူထုအနေဖြင့် ၎င်းတို့၏ဖွံ့ဖြိုးရေး လမ်းစဉ်ကို ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်ရာတွင် ပိုမိုစွမ်းဆောင်နိုင်အောင် စွမ်းဆောင်ရည် မြှင့်တင်ပေးမည်ဖြစ်သည်။

၂။ ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံနှင့်ပြန်လည်ထိတွေ့ဆက်ဆံမှု ကနဦးအဆင့်များအတွင်းပြုစုခဲ့သည့် မူလ လူထုဗဟိုပြုစီမံကိန်းသည် ကမ္ဘာ့ဘဏ်၏ လုပ်ငန်းဆောင်ရွက်ရေးမူဝါဒအမှတ် ၈.၀၀ အကျပ်အတည်းများနှင့် အရေးပေါ်အခြေအနေများကို လျင်မြန်စွာတုံ့ပြန်မှု (Operational Policy (OP) 8.00) နှင့်အညီ ပြင်ဆင်ခဲ့ပါသည်။ မူဝါဒအမှတ် ၈.၀၀ အရ နိုင်ငံတော်အစိုးရသည် ရွေးချယ်ထားသည့် စီမံကိန်း ရင်းနှီးမြှုပ်နှံမှုများ အကောင်အထည် ဖော်ရာတွင်လိုက်နာရမည့် အဓိကအကာအကွယ်စည်းမျဉ်းတစ်ခုအဖြစ် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆန်းစစ် လေ့လာရေးမူဘောင် (ESSAF) ကို ပြဋ္ဌာန်းခဲ့သည်။ လူထုဗဟိုပြုစီမံကိန်းကငွေကြေး ထောက်ပံ့မည့် စီမံကိန်း လုပ်ငန်းခွဲများကို အကောင်အထည်ဖော်စဉ်ရာတွင် ကျေးရွာလူထုကရွေးချယ်သတ်မှတ်ခြင်းဖြစ် သည့် အတွက် ESSAF သည် (၁) စီမံကိန်းလုပ်ငန်းခွဲများ စီစဉ်နေစဉ်အတွင်း ဖြစ်နိုင်ခြေရှိသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှု အကျိုး သက်ရောက်များကို ဖော်ထုတ်ဆုံးဖြတ်ခြင်း၊ အကဲဖြတ်ခြင်းပြုလုပ်ရန် အတွက် လည်းကောင်း၊ (၂) ဖြစ်ပေါ် လာနိုင်ခြေရှိသည့် သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုးကျိုးများကို ဖယ်ရှားရန်၊ သို့ မဟုတ် တခြားတစ်ခုခုဖြင့် ပြန်ထေမိ စေရန်၊ သို့မဟုတ် လက်ခံနိုင်ဖွယ်ပမာဏအထိရောက်အောင် လျှော့ချရန်အလို့ငှာ စီမံကိန်းလုပ်ငန်းခွဲများ အကောင် အထည် ဖော်ချိန်နှင့် ဆက်လက်လုပ်ဆောင်ချိန်များတွင် ဆောင်ရွက်ရမည့် လျှော့ပါး သက်သာစေရေး၊

စောင့်ကြည့် လေ့လာရေးနှင့် အဖွဲ့အစည်း ဆိုင်ရာလုပ်ထုံးလုပ်နည်း ယန္တရားတစ်ခုကို ချမှတ်ခဲ့ပါသည်။ စီမံကိန်း လုပ်ငန်းခွဲများ အကောင်အထည် ဖော်စဉ်ကာလအတွင်း ဖြစ်ပေါ်လာမည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုသက်ရောက်မှုများကို စောင့်ကြည့် လေ့လာရန်နှင့် မှတ်တမ်း တင်ထား ရန်အတွက် အသုံးပြုရမည့် စံချိန်စံညွှန်းပုံစံ များအပါအဝင် ပိုပြီး အသေးစိတ်သည့်အချက်အလက်များကို အကောင် အထည်ဖော်ရေးလက်စွဲတွင် ထည့်သွင်း ထားပါသည်။

၃။ အမေရိကန်ဒေါ်လာသန်း ၈၀ တန်ဖိုးရှိသည့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအထောက်အကူ (IDA)မှ ငွေကြေး ထောက်ပံ့ထားပြီး အပိုင်း (ဂ) တွင်ဖော်ပြထားသည့် စီမံကိန်းအစိတ်အပိုင်းငါးခုနှင့်တစ်ထပ်တည်းတူသည့် မူလ လူထုဗဟိုပြုစီမံကိန်းသည် (နေပြည်တော်ပြည်ထောင်စုနယ်မြေအပါ အဝင်) ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ ခုတစ်ခုစီ၏ မြို့နယ်တစ်မြို့နယ်စီတွင်ပါဝင်သည့် ကျေးရွာအုပ်စုအားလုံး ထံသို့ ကျေးရွာအုပ်စု အထောက်အပံ့များ ပေးအပ်ရန် စီစဉ်ရေးဆွဲထားခြင်းဖြစ်ပါသည်။ အခြေအနေနှင့် ကိုက်အောင် လေ့ လာသင်ယူမှုကို အထောက်အကူ ဖြစ်စေရန်အတွက် ယခုစီမံကိန်းတွင် ဖြည်းဖြည်းချင်း လုပ်ငန်းချဲ့ထွင်သည့်ဗျူဟာကို ကျင့်သုံးထားရာ ပထမနှစ်တွင် မြို့နယ်သုံးခုဖြင့်စတင်အကောင်အထည်ဖော်ပြီး၊ ဒုတိယနှစ်တွင် ၆ မြို့နယ်ထပ်မံတိုးချဲ့ကာ တတိ ယနှစ်တွင် နောက်ထပ် ခြောက်မြို့နယ် ထပ်မံတိုးချဲ့ အကောင်အထည်ဖော် ခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ စတင် အသက်ဝင် ချိန်မှစပြီး လူထုဗဟိုပြုစီမံကိန်းသည် အချိန်တိုအတွင်း ရလဒ်များ ဆုပ်ကိုင် ပြသနိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ် အောက်တို ဘာလမှ ၂၀၁၄ ခုနှစ် ဖွန်လအထိသက်တမ်းရှိခဲ့သည့် ပထမနှစ်စက်ဝန်း (community circle) အတွင်း စီမံကိန်း အနေဖြင့် မြို့နယ်သုံးခုရှိ စီမံကိန်းလုပ်ငန်းခွဲ ၃၅၇ ခုအတွက် ရန်ပုံငွေထောက်ပံ့ပေးနိုင်ခဲ့ပါသည်။[1] ယင်းမှာ ကျောင်း အဆောက်အဦများ ပြုပြင်ခြင်းနှင့် တိုးချဲ့ဆောက်လုပ်ခြင်း၊ ကျန်းမာရေးဌာနများ၊ ရေပေးဝေရေးစနစ်များ၊ ကားလမ်းများ၊ လူသွားလမ်းများ၊ ဆိပ်ကမ်းများနှင့် တံတားများအစရှိသည့် အခြေခံအဆောက်အအုံနှင့် အခြေခံ ဝန်ဆောင်မှုများ ရရှိနိုင်ရေးနှင့် အသုံးပြုမှု တိုးတက်စေရန် ရည်ရွယ်ပါသည်။ စီမံကိန်းဒုတိယနှစ်စက်ဝန်းကို လက်ရှိ အကောင်အထည် ဖော်လျက်ရှိရာ စုစုပေါင်း (၉) မြို့နယ်အထိ စီမံကိန်းကိုတိုးချဲ့ခဲ့ပြီး နိုင်ငံ၏အဆင်းရဲဆုံးနှင့် အဝေးလံဆုံးသော ကျေးလက်ဒေသအချို့နေ ပြည်သူပေါင်း ၈၅၀,၀၀၀ နီးပါးတို့အား တိုက်ရိုက်အကျိုးပြုလျက် ရှိပါသည်။ နောက်ထပ်လည်း စီမံကိန်းလုပ်ငန်းခွဲ ၁၀၀၀ ကျော်ကို တိုင်းပြည်တစ်ဝန်းရှိ ရပ်ရွာလူထု ကိုယ်တိုင် ဖော်ထုတ်သတ်မှတ်ခြင်း၊ ပုံစံချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ကို လာမည့် ခြောက်လတာ ကာလအတွင်း ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

၄။ ၂၀၁၄ ခုနှစ်နှောင်းပိုင်းတွင် မြန်မာနိုင်ငံတော်အစိုးရသည် ဖြည့်စွက်ရန်ပုံငွေ (Additional Financing-AF) ကို မေတ္တာရပ်ခံ တောင်းဆိုခဲ့ပါသည်။ ယင်းသည်ယခုစီမံကိန်း၏အောင်မြင်မှုအပေါ်တွင် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေး အထောက်အကူ (IDA) ရင်းမြစ်များကို အသုံးပြုကာထပ်မံအားဖြည့်ရန်နှင့် စီမံကိန်းဧရိယာတိုးချဲ့ခြင်း၊ အကျိုးခံစားမည့် ကျေးလက်လူထုများအတွက်

[1] မြို့နယ်သုံးခုတို့မှာ ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်၊ ချင်းပြည်နယ်ရှိ ကန်ပက်လက်မြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ကျွန်းစု မြို့နယ်တို့ဖြစ်သည်။

အထောက်အပံ့စက်ဝန်းအရေအတွက် တိုးမြှင့်ခြင်းစသည်ဖြင့် အကျိုးခံစားမည့် လူထုအရေအတွက် တိုးတက်များပြားလာနိုင်စေရန်တို့ ဖြစ်ပါသည်။ လက်ရှိတွင် လုပ်ငန်းဆောင်ရွက် ရေးမူဝါဒအမှတ် ၁၀ (စီမံကိန်းရန်ပုံငွေထောက်ပံ့ခြင်း) (Investment Project Financing) အရ ဒေါ်လာသန်း ၄၀၀ ရှိသည့် IDA ချေးငွေတစ်ခုကို ထုတ်ချေးနိုင်ရန်ပြင်ဆင်လျက်ရှိသည်။ ဖြည့်စွက်ရန်ပုံငွေတောင်းခံမှုအစိတ်အပိုင်းအဖြစ် နိုင်ငံတော် အစိုးရသည် လူထုဗဟိုပြုစီမံကိန်းအတွက် IDA ငွေကြေးအထောက်အပံ့နှင့် လိုက်လျောညီထွေဖြစ်စေ ရန် မူလ သတ်မှတ်ခဲ့သည့် ကုန်ဆုံးရက် ၂၀၁၉ ဇန်နဝါရီလ ၃၁ ရက်မှ ၂၀၂၁ ဇန်နဝါရီလ ၃၁ ရက်သို့ နှစ်နှစ် ပိုမိုသတ်မှတ်ပေးရန်ကိုလည်း မေတ္တာရပ်ခံခဲ့သည်။ ဖြည့်စွက်ရန်ပုံငွေတောင်းခံရန်ပြင်ဆိုင်မှုဆိုင်ရာ အခြေအနေ၊ လုပ်ငန်းဆောင်ရွက်မှုမူဝါဒအမှတ် ၁၀.၀၀ (OP10.00) နှင့်အညီဖြစ်စေရန်အတွက် ESSAF ကို ခေတ် ကာလနှင့်ကိုက်ညီအောင်ပြင်ဆင်ခဲ့ပြီး အကာအကွယ်မူဝါဒများဖြစ်သည့် မူဝါဒအမှတ် ၄.၀၁၊ ၄.၁၀ နှင့် ၄.၁၂ တို့နှင့်အညီ "သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုမူဘောင် (ESMF)" ကို ပြင်ဆင်ရေးဆွဲခဲ့ပါသည်။ ESMF သည် မူလ IDA အထောက်အပံ့၊ ထပ်တိုး IDA ချေးငွေအထောက်အပံ့နှင့် အခြားအလှူရှင်များနှင့် ပူးတွဲအထောက်အပံ့ပေးခြင်း (အီတလီအစိုးရထံမှ ပေါင် သန်း ၂၀ ချေးငွေသဘောတူညီချက်ရရှိရေး အဆိုပြုချက် အပါအဝင်) တို့ပါဝင်သည့် လူထုဗဟိုပြုစီမံကိန်းတွင် ငွေကြေးထောက်ပံ့ထားသည့် လုပ်ငန်းအားလုံးအတွက် အကာအကွယ် စာရွက်စာတမ်းတစ်ခုအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။ ၎င်းခွင့်ပြုအီတလီချေးငွေသည် နောက်ထပ် တိုးမည့်မြို့နယ်များသို့ လူထုဗဟိုပြုစီမံကိန်းကို တိုးချဲ့နိုင်ရေး ငွေကြေးပူးတွဲထောက်ပံ့နိုင်မည်ဖြစ်ပါသည်။ ယင်းသည် ယခုမူဘောင်မူကြမ်းတွင် ဖော်ပြထားသည့် အကာအကွယ်အစီအမံများအပါအဝင် အားလုံးသော စီမံကိန်း အကောင် အထည် ဖော်မှုများဆိုင်ရာ အခင်းအကျင်းများ အားလုံးကို လိုက်နာမည်ဖြစ်သည်။[2]

## ခ။ ဖြည့်စွက်ရန်ပုံငွေ စီမံကိန်းဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်

၅။ ဖြည့်စွက်ရန်ပုံငွေခေါင်းစဉ်အောက်ရှိစီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်ချက်သည် မူလ လူထုဗဟိုပြု စီမံကိန်းပါ ရည်ရွယ် ချက်နှင့် အတူတူပင်ဖြစ်သည်။ စီမံကိန်း၏ ရည်ရွယ်ချက်မှာ ကျေးလက်ပြည်သူများအတွက် အခြေခံ အဆောက်အအုံ နှင့် ဝန်ဆောင်မှုများကို လူထုဗဟိုပြု ချဉ်းကပ်နည်းဖြင့် အလွယ်တကူ လက်လှမ်းမီ အသုံးချနိုင်ရန်နှင့် ပဋိပက္ခ သို့မဟုတ် အရေးပေါ်အခြေအနေ တစ်ရပ်ပေါ်ပေါက်လာပါက လျင်မြန်ထိရောက်စွာ ဖြေရှင်းပေးနိုင်စေ ရေးအတွက် အစိုးရ၏ အရည်အသွေး မြင့်မားလာစေရန်တို့ဖြစ်သည်။ ရည်ရွယ်ချက်သို့ ရောက်ရှိရေး အတွက် (၁) လူထုကချမှတ်လိုက်သော ကျေးလက် အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုအတွက် ငွေကြေး ထောက်ပံ့ပေးခြင်းနှင့် (၂) လူထုအသိုက် အဝန်းများ အနေဖြင့်

[2] ကမ္ဘာ့ဘဏ်သည် NCDDP ကို တိုးချဲ့နိုင်ရေး အီတလီအစိုးရက မြန်မာနိုင်ငံအစိုးရထံပေးမည့် ပေါင်းသန်း ၂၀ ချေးငွေအတွက် ဘဏ်ကြီးကြပ်မှုဝန်ဆောင်မှု များပေးရန်အတွက် အီတလီအစိုးရနှင့် ပြန်လည်ထုတ်ပေးနိုင်သော အကြံဉာဏ်ဝန်ဆောင်မှု (RAS) ဆိုင်ရာ သဘောတူညီမှုတစ်ခု စာချုပ်တစ်ခုချုပ်ဆိုနိုင်ရန်ပြင်ဆင်လျက်ရှိပါသည်။ အီတလီနှင့်မြန်မာနိုင်ငံအစိုးရတို့သည် အဆိုပါကြီးကြပ်ရေးဝန်ဆောင်မှုများပေးရန် ကမ္ဘာ့ ဘဏ်အား မေတ္တာရပ်ခံထားပြီး ယင်းဝန်ဆောင်မှုများမှာ အီတလီကပေးမည့် ချေးငွေရရှိရေးအတွက် အခြေခံအကြောင်းအချက်ဖြစ်သည်။ RAS စာချုပ်အရ အီတလီချေးငွေအပေါ် လေးနှစ်တာအတွင်း ကမ္ဘာ့ ဘဏ်ကကြီးကြပ်ပေးသည့်ဝန်ဆောင်မှုအတွက် ပေါင် ၇၃၀,၀၀၀ (ဒေါ်လာ ၉၀၀,၀၀၀ ဝန်းကျင်) ကို တစ်ကြိမ်တည်းနှင့် တင်ကြို ထုတ်ပေးရမည်ဟု သဘောတူညီရမည်ဖြစ်သည်။

၎င်းတို့၏ဦးစားပေး ဖွံ့ဖြိုးရေးလုပ်ငန်းများကို မိမိတို့ ဒေသအာဏာပိုင်များနှင့်အတူလက်တွဲပြီး ဖော်ထုတ်သတ်မှတ်၊ အစီအမံချမှတ်ကာ အကောင်အထည် ဖော်နိုင်မည့် လူထုတို့၏လုပ်ရည်ကိုင်ရည် တိုးတက်စေခြင်းနှင့် (၃) အောက်ခြေလူထုအဆင့်တွင် စီမံကိန်းစက်ဝန်း တစ်လျှောက် ဆင်းရဲသားများနှင့်အကာအကွယ်မဲ့သူ ယောက်ျားမိန်းမမရွေး ပါဝင်ဆောင်ရွက်နိုင်ရေး ဘေးမှ ထောက်ကူ ပေးခြင်း ဆိုသည့်နည်းလမ်းသုံးသွယ် အားဖြင့် အောင်မြင်အောင်ဆောင်ရွက်မည်ဖြစ်သည်။

**ဂ။ စီမံကိန်းလုပ်ငန်းခေါင်းစဉ်များ**

၆။ လက်တွေ့တွင်စီမံကိန်းအတွင်း ပါဝင်သည့် မြို့နယ်များ ထပ်မံထည့်သွင်းမှုမှ လွဲ၍ အီတလီနိုင်ငံ၏ ပူးတွဲငွေကြေးအထောက်အပံ့ အပါအဝင် ဖြည့်စွက်ရန်ပုံငွေ၏လုပ်ငန်းဘောင်မှာ မူလ လူထုဗဟိုပြုစီမံကိန်းပါ အတိုင်းပင် ဖြစ်ပြီး အောက်တွင် အသေးစိတ်ဖော်ပြထားသည့် မူလလုပ်ငန်းခေါင်းစဉ်ငါးခုကိုပင် ဆက်လက်လုပ်ဆောင် သွားမည် ဖြစ်သည်။ လုပ်ငန်းခေါင်းစဉ် တစ်ခုချင်းစီတွင် ကျားမအချိုးညီမှုနှင့်တကွ အမျိုးသမီးများဘဝမြှင့်တင်ရေး ဦးတည် လုပ်ဆောင်သည့် တိကျသော လုပ်ငန်းဆောင်တာများပါဝင်ပါသည်။

၇။ **လုပ်ငန်းခေါင်းစဉ် (၁) စီမံကိန်းလုပ်ငန်းများအတွက် လူထုသို့တိုက်ရိုက်ထောက်ပံ့ငွေ** - လူထုဗဟိုပြုစီမံကိန်း သည် သည် ကျေးရွာအဆင့် ဦးစားပေးအခြေခံအဆောက်အအုံများအတွက် ကျေးရွာအုပ်စုတစ်ခုလျှင် တစ်နှစ်ပျမ်းမျှ အမေရိကန် ဒေါ်လာ ၃၈,၀၀၀ နှုန်းဖြင့် မြို့နယ်ပေါင်း ၆၈ ခုသို့လေးနှစ်စာထောက်ပံ့မည်ဖြစ်သည်။ ထောက်ပံ့မည့် အခြေခံ အဆောက်အအုံများကို (အကျုံးမဝင်သည့်ခေါင်းစဉ်စာရင်း တစ်ခုနှင့်အတူ) အလျှော့အတင်းရှိမည့်စာရင်း တစ်ခု အပေါ်တွင် အခြေခံမည်ဖြစ်ပြီး လမ်းသွယ်များ၊ ခြေကျင်လမ်းများနှင့်တံတားများ၊ သောက်ရေစနစ်များ၊ စာသင်ခန်းများနှင့် ကျန်းမာရေးဌာနများပြန်လည်ပြင်ဆင် ရေး၊ ကျေးလက်တစ်ပိုင်တစ်နိုင်လျှပ်စစ်မီးလင်းရေး ဥပမာ ရေအားလျှပ်စစ် အသေးစား သို့မဟုတ် ဆိုလာပြား စသည်တို့အများဆုံးပါဝင်မည်ဖြစ်သည်။ ကျေးလက်လူထုဘဝ မြှင့်တင်ရေး အယူအဆများကို ဒေသအာဏာပိုင်များ၊ ကျေးလက်လူထုတို့ မရင်းနှီးမှုကိုထည့်သွင်းစဉ်းစားပြီး ပြန် လည်တည်ထောင် ရေးနှင့် အသေးစားတိုးချဲ့ရေးလုပ်ငန်းများကိုဦးစားပေးထားပြီး (ရိုးစင်းသောစံညွှန်းပြုဒီဇိုင်းများ သုံးထားကာ) အကောင်အထည်ဖော်ရ ပိုမိုလွယ်ကူသည့် အကျုံးဝင်သည့် စီမံကိန်းလုပ်ငန်းခွဲ စာရင်းအတွက်သာ မြို့နယ်တစ်ခုချင်းစီ အတွက် ပထမတနှစ်စာ အထောက်အပံ့ကိုကန့်သတ်ပေးအပ်မည်ဖြစ်သည်။ တိုက်ရိုက်ထောက်ပံ့ငွေ များကို ကျေးရွာအုပ်စုတစ်ခုအတွင်းရှိ ကျေးရွာအားလုံးပါဝင်သော ပူးပေါင်းပါဝင်သည့် စီမံကိန်းရေးဆွဲမှု လုပ်ငန်းစဉ် မှတစ်ဆင့် ဖြန့်ဖြူးပေးအပ်မည် ဖြစ်သည်။ ထို့ပြင် အချိုးကိုက် မျှတရေး အတွက်လည်း ရွေးချယ်ထားသည့် မြို့နယ်များရှိ ကျေးရွာ အုပ်စု အားလုံးတို့ကို ထည့်သွင်းပေးအပ်မည်ဖြစ်သည်။ စီမံကိန်းရေးဆွဲခြင်းနှင့် စီမံကိန်း လုပ်ငန်းခွဲများအပေါ် ဦးစားပေးသတ်မှတ်ခြင်း လုပ်ငန်းများကို ကျေးရွာသားများ၊ ၎င်းတို့ကိုကိုယ်စားပြု ထားသည့် ကျေးရွာအုပ်စုကော်မတီခွဲများက အကောင်အထည်ဖော်ရေးလက်စွဲပါ လမ်းညွှန်ချက်များနှင့်အညီ လုပ်ဆောင် မည်ဖြစ်သည်။

**စီမံကိန်းနေရာရွေးချယ်ခြင်း**


၈။ စီမံကိန်းတွင်ပါဝင်မည့်မြို့နယ်များရွေးချယ်ရာတွင် ဆင်းရဲနွမ်းပါးမှုကို အဓိကအခြေခံပြီးရွေးချယ်ပါမည်။ ထို့ပြင် (၁) အလားတူလုပ်ငန်းများအတွက် အခြားဖွံ့ဖြိုးရေး အဖွဲ့အစည်းများထံမှ ထောက်ပံ့ငွေမရရှိမှုနှင့် (၂) သက်ဆိုင်ရာ မြို့နယ်အာဏာပိုင်များ၏ စိတ်အားထက်သန်မှုနှင့် လုပ်နိုင်ကိုင်နိုင်ရှိမှုတို့ကိုလည်း ထည့်သွင်း စဉ်းစား သွားမည် ဖြစ်ပါသည်။ ထောက်ပံ့ငွေရရှိမည့်မြို့နယ်များရွေးချယ်ရာတွင် သက်ဆိုင်သူ အားလုံး ပါဝင်သည့် မြို့နယ်ရွေးချယ်ရေး ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်မြို့တော်များ၌ ကျင်းပကာ ရွေးချယ်မည် ဖြစ်ပါ သည်။ အဆိုပါ ညှိနှိုင်းအစည်းအဝေးများ ပြီးနောက်တွင် တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ် များက စီမံကိန်းအတွက် ဦးစားအပေးသင့်ဆုံးဟု သတ်မှတ်လိုက်သည့် မြို့နယ် (၅) မြို့နယ်၏ စာရင်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြရမည်ဖြစ်သည်။ ထို့နောက်တွင် မွေးရေ/ကျေးလက် ဝန်ကြီးဌာန သည် မြို့နယ်တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍စီမံကိန်းအတွက်ရွေးချယ်ရာတွင် စီမံကိန်း ဦးဆောင် ကော်မတီ အဖြစ်ဆောင်ရွက်မည့် နိုင်ငံခြားအကူအညီ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီထံသို့ ရလဒ်ကို ပေးပို့ပါမည်။ အဆိုပါ ရွေး ချယ်လိုက်သည့်မြို့နယ်စာရင်းကို ကမ္ဘာ့ဘဏ်သို့ ပေးပို့ကာ အတည်ပြုချက် ရယူရမည် ဖြစ်သည်။

**စီမံချက်စက်ဝန်း**

၉။ စီမံကိန်းကို စက်ဝန်းများဖြင့် အကောင်အထည်ဖော်မည်ဖြစ်သည်။ စက်ဝန်းတစ်ခုစီတွင် အဆင့် ၁၂ ဆင့် ပါဝင်မည်ဖြစ်ပြီး အောက်တွင်ဖော်ပြထားသည့် ကားချပ် (၁) တွင်တွေ့ရမည်ဖြစ်သည်။

၁၀။ ကျေးလက်စေတနာ့ဝန်ထမ်းများ၏အကူအညီဖြင့် လူထုစည်းရုံးရေးမှူးများသည် လူထုပါဝင်ရေးနည်းလမ်း များကိုအသုံးပြုပြီး ရွာသူရွာသားများအား ၎င်းတို့၏ဦးစားပေးလိုအပ်ချက်များ၊ အဆိုပါလိုအပ်ချက်များကိုဖြည့်တင်းပေး မည့် ဦးစားပေးလုပ်ဆောင်မှုများ (ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင်ဖော်ပြထား) နှင့် ထိုလုပ်ဆောင်မှုများမှ အကျိုးခံစားရ မည့် ဆင်းရဲနွမ်းပါးသူများနှင့် ဘေးဖယ်ကြဉ်ခံအုပ်စုများပါဝင်သည့် ဦးစားပေးအုပ်စုများကိုဖော်ထုတ်ပါမည်။ ကျေးရွာ အုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီက သက်ဆိုင်ရာ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကိုပြန်လှန်သုံးသပ်ကာ ကျေးရွာအုပ်စု၏ လိုအပ်ချက် အလိုက် ဝင်ရောက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် နှစ်စဉ်ပြင်ဆင်သတ်မှတ်သည့် ကျေးရွာအုပ်စုသုံးနှစ်စီမံကိန်းအတွက် ရရှိနိုင်သောထောက်ပံ့ငွေကို ကို ဦးစားပေးသတ်မှတ်မည်ဖြစ်သည်။

**ပုံ ၁ - ကျေးရွာအဆင့် စီမံကိန်းစက်ဝန်း**




၁၁။ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ (TPIC) သည် ရှိရင်းစွဲကဏ္ဍအလိုက် အစီအမံများနှင့်နှိုင်းယှဉ်ပြီး ကျေးရွာအုပ်စုဖွံ့ဖြိုးစီမံချက်များ၊ မြို့နယ်များသို့ပေးအပ်သော အခြားသော သိရှိပြီး အကူအညီများကို ပြန်လှန်သုံးသပ်ကာ ကျေးရွာအုပ်စုတစ်ခုချင်းစီ အလိုက် လာမည့်နှစ်အတွက် အဆိုပြုထားသည့် လုပ်ငန်းများကိုထောက်ခံခြင်းများပြုလုပ်ပါသည်။ အကယ်၍ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံချက်တွင် တင်ပြထားသည့် ဦးစားပေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမြင်ကွဲပြားမှုတစ်ခုရှိလာပါက (ဥပမာ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်က ကျောင်း ဆောက်ရန် အဆိုပြုထားပြီး ယင်းကို ပညာရေးဝန်ကြီးဌာနကစီစဉ်ထားပြီးဖြစ်ပါက) ကျေးရွာအုပ်စု စီမံကိန်း အထောက် အကူပြု ကော်မတီက ရရှိသည့်အချက်အလက်ပေါ် မူတည်၍ ဦးစားပေးအရာများကိုပြန်လန်ဆန်းစစ်သုံးသပ်ရပြီး ပြင်ဆင် တည်းဖြတ်ထားသည့် စီမံချက်ကို မြို့ နယ်အဆင့်သို့ပေးပို့ကာထောက်ခံချက်ရယူရမည်။

၁၂။ လူထုစည်းရုံးရေးမှူးများ၊ လက်ထောက်နည်းပညာမှူးများနှင့် ကျေးရွာစေတနာ့ဝန်ထမ်းများသည် လုပ်ငန်း အစီအစဉ်များ ရေးဆွဲရာတွင် ရွာသူရွာသားများနှင့် ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီတို့အား အကူ အညီများ ပေးရမည်။ ထို့ပြင် ရွာသူများနှင့်ရွာသားများအား သီးခြားစီတွေ့ဆုံပြီး ၎င်းတို့၏လိုအပ်ချက်များနှင့် ဦးစားပေး လုပ်ငန်းများကို ဖော်ထုတ်ရမည်။ ၎င်းတို့အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများနှင့် မြို့နယ် နည်း ပညာအကူအညီအသင်းတို့က ပံ့ပိုးပေးသွားမည်ဖြစ်သည်။

၁၃။ ကျေးရွာနှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်များကို နောက်တစ်နှစ်လုပ်ငန်းများမစမီ နှစ်စဉ်သုံးသပ်ပြင်ဆင် သွားရမည်။ ရွာသူရွာသားများနှင့်

ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီတို့သည် ၎င်းတို့၏လိုအပ်ချက် နှင့် ဦးစားပေးအစီအစဉ်များကို ပြန်လည်သုံးသပ်ညှိနှိုင်းသွားမည်ဖြစ်သည်။ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီသည် မူလဖွံ့ဖြိုးရေးအစီအစဉ်နှင့် သိသာထင်ရှားစွာကွဲလွဲမှုများကို (စီမံကိန်းအကောင် အထည်ဖော်ရေးလက်စွဲတွင် ပြဆိုထားသည့်အတိုင်း) အတည်ပြုသွားရမည် (သို့တည်းမဟုတ်) သတင်းအချက် အလက် ရရှိရေးအတွက် ပြုပြင်ရေးဆွဲထားသော အစီအစဉ်ကို ရယူရမည်။ ပြုပြင်ရေးဆွဲထားသော ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အစီအစဉ်နှင့်ပတ်သက်၍ ကွဲလွဲချက်တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ကျေးရွာအုပ်စု စီမံကိန်းအထောက် အကူပြု ကော်မတီမှတစ်ဆင့် ဦးစားပေးအစီအစဉ်များကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ထားသောအစီအစဉ်ကို တင်ပြရ မည်။

၁၄။ မြို့နယ်များရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအင်ဂျင်နီယာများနှင့် လက်ထောက်နည်းပညာ မှူးများသည် နည်းပညာအကူအညီ အခြေခံအဆောက်အအုံ ကျွမ်းကျင်သူ၏အကူအညီဖြင့် စီမံကိန်းလုပ်ငန်းခွဲများ၏ နည်းပညာဆိုင်ရာ ဒီဇိုင်းကိုရေးဆွဲရမည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းခွဲအကောင်အထည်ဖော်နေစဉ်အတွင်း အကျုံးဝင်သည့် အကာအကွယ်များနှင့် ကိုက်ညီမှုရှိစေရေးကို တာဝန်ယူမည်ဖြစ်သည်။ ကျေးရွာစောင့်ကြည့်ကြီးကြပ်ရေးကော်မတီခွဲ များက စီမံကိန်းလုပ်ငန်းခွဲများတစ်ဆင့်ချင်းအလိုက်အကောင်အထည်ဖော်မှုကို ကြီးကြပ်ရပြီး ကန်ထရိုက်တာများနှင့် အလုပ်သမားများအား ငွေပေးချေရာတွင် လက်မှတ်ထိုးပေးရသည်။ ကျေးရွာအလိုက် ဝယ်ယူဖြန့်ဖြူးမှုကော်မတီခွဲက ကုန်ပစ္စည်းများ၊ အလုပ်များနှင့်ဝန်ဆောင်မှုများကို ကျေးလက်ဦးစီးအင်ဂျင်နီယာ၏အကူအညီဖြင့် တာဝန်ယူဆောင် ရွက်ရသည်။ ဘဏ္ဍာငွေစီမံခန့်ခွဲမှုနှင့် ကန်ထရိုက်စာချုပ်ချုပ်ဆိုခြင်းများကို ကျေးရွာအုပ်စု ဘဏ္ဍာရေးဆပ်ကော်မတီက လုပ်ဆောင်ပေးရသည်။

၁၅။ စီမံကိန်း လုပ်ငန်းခွဲများသည် ကျေးရွာအုပ်စုတစ်ခုအတွင်း တစ်ရွာထက်မက ပါဝင်နိုင်သည်။ ကျေး/ထောက် ကော်မတီသည် ၎င်းနစ်စဉ် ရရှိသော ခွဲတမ်းအား မိမိအုပ်စုအတွင်းရှိ ကျေးရွာ တစ်ရွာထက်မက ပိုမိုအကျိုးရှိစေရန် ဆောင်ရွက်ရမည်။ ဤလုပ်ငန်းစဉ်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အင်ဂျီနီယာသည် ကော်မတီဝင် များ၊ လူထုစည်းရုံးရေးမှူးများနှင့် ကျေးရွာစေတနာ့ဝန်ထမ်းများနှင့် တိုင်ပင်ဆွေးနွေးပြီး စီမံကိန်း လုပ်ငန်းခွဲများကို ပြင် ဆင်ရမည်။ ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီသည် စီမံကိန်းလုပ်ငန်းခွဲများကို သုံးသပ် အတည်ပြု ပေးရမည်။ စီမံကိန်းလက်ခံရရှိသည့် ကျေးရွာများမှာကြီးကြပ်ကွပ်ကဲရေးဆပ်ကော်မတီများသည် စီမံကိန်း လုပ်ငန်းခွဲ များ အကောင်အထည်ဖော်မှုကို ပူးပေါင်းကြီးကြပ်ပေးရမည်ဖြစ်ပြီး ကန်ထရိုက်တာနှင့် အလုပ်သမား များ အား ငွေပေး ချေမှုကို ကြီးကြပ်ပေးရမည်။

၁၆။ မည်သည့် စီမံကိန်း လုပ်ငန်းခွဲအတွက်မဆို ကျေးရွာလူထုက ငွေသားဖြစ်စေ၊ ပစ္စည်းဖြစ်စေ ထည့်ဝင်ပေးရန် မလိုပါ။ သို့သော် ရပ်ရွာလူထုက ဆန္ဒရှိပါက ထိုသို့ ထည့်ဝင်ခွင့်ပြုထားပါသည်။ မည်သူတစ်စုံတစ်ဦးကိုမျှ ၎င်း၏ဆန္ဒနှင့် ဆန့်ကျင်ပြီး ၎င်း၏ပိုင်ဆိုင်မှုပစ္စည်းများကိုထည့်ဝင်ရန် အတင်းအကျပ်တောင်းဆိုခွင့်မရှိပါ။ မိမိသဘောဆန္ဒအလျောက် ထည့်ဝင် လှူဒါန်းခြင်းမျိုးသာ ဖြစ်ရပါမည်။

ကျေးရွာလူထုက လုပ်အားထည့်ဝင်ကူညီမှုရှိခဲ့ပါကလည်း ဒေသလုပ်ခနှေ့ တွက်နှုန်းထားများကို အခြေခံပြီး လုပ်အားခပေးချေရမည်။ နှုန်းထားများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးက ပုံမှန်လေ့လာသုံးသပ်ပြီး သတ်မှတ်ပေးရမည်။

**အကျုံးဝင်သောစီမံကိန်းလုပ်ငန်းခွဲများ**

၁၇။ စီမံကိန်း စတင်အကောင်အထည်ဖော်ပြီး ပထမနှစ်အတွင်း ခွင့်ပြုစာရင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းခွဲ များကိုသာ ခွင့်ပြုသွားမည်ဖြစ်သည်။ လုပ်ရင်းသင်ယူရသောနည်းလမ်းကို ထိရောက်စွာအသုံးချနိုင်ရန်အတွက် ပထမ ဆုံးနှစ်တွင် ဆောင်ရွက်မည့်စီမံကိန်းများသည် ဒီဇိုင်းရေးဆွဲရန်နှင့်အကောင်အထည်ဖော်ရန်ရိုးရှင်းသည်။ ယင်းတို့တွင် သတ်မှတ်ပုံစံများကို အသုံးပြုထားသော ပြန်လည်ထူထောင်ရေးလုပ်ငန်းငယ်များ သို့မဟုတ် ရပ်ရွာအခြေခံ အဆောက် အအုံများ အနည်းငယ်တိုးချဲ့ခြင်း (အသစ်တည်ဆောက်ခြင်းမပါ)များပါဝင်ပြီး ယင်းလုပ်ငန်းများအတွက် ပြင်ပမှ ပစ္စည်း ဝယ်ယူခြင်းကို တတ်နိုင်သလောက် နည်းစေရပါမည်။ ပထမဆုံးနှစ် အကျုံးဝင်သော စီမံကိန်းလုပ်ငန်းခွဲများကို ဇယား (၁) တွင်ဖော် ပြထားပြီး စီမံကိန်း အကောင်အထည်ဖော်ရေး လက်စွဲတွင်လည်း ဖော်ပြထားပါသည်။[3]

**ဇယား (၁) အကျုံးဝင်သောစီမံကိန်းလုပ်ငန်းခွဲများစာရင်း**

| | **Eligible Sub-Project categories** | **Clarifications and Limitations on Eligible Categories** |
|---|---|---|
| 1 | Rural health centers | Rehabilitation or minor extension of existing facilities |
| 2 | School buildings | Rehabilitation or minor extension of existing facilities |
| 3 | Rural roads (roads connecting villages, and between villages and township) | Rehabilitation or maintenance of existing footpaths and roads within existing alignment<br>Rehabilitation or maintenance of small bridges and culverts |

[3] နောက်ဆက်တွဲ သတ်မှတ်ချက်များကို ဇယား (၃) တွင်ပြုစုထားပါသည်။

| | | |
|---|---|---|
| 4 | Rural water supply systems | Rehabilitation or minor extension of deep/shallow well; rainwater harvesting; installation of minor pipelines from natural springs or surface water sources |
| 5 | Rural electrification investments | Solar panel and charge station, pico hydro (<20kW), solar street lighting, bio gas charge station, diesel generator (<15 kilovolt-amps), biomass generator (<15 kilovolt-amps) |
| 6 | Community recreation centers | Rehabilitation or minor extension of existing facilities, including for child care and telecommunications |
| 7 | Rural markets | Rehabilitation or minor extension of existing facilities |
| 8 | Small scale irrigation | Rehabilitation (<25 hectares) |
| 9 | Sanitation facility | Rehabilitation or minor extension of public latrines, small scale wastewater treatment and waste disposal facilities, |
| 10 | Jetty | Rehabilitation or minor extension of existing public facilities |

၁၈။ စီမံကိန်းဒုတိယနှစ်နှင့် ကျန်နှစ်များတွင် ကျေးရွာအုပ်စုများ၌ မည်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းကိုမဆို ရန်ပုံငွေမှ အသုံးပြုနိုင်သည်။ ယင်းတို့တွင် ဇယား (၂) တွင်ဖော်ပြထားသည့် "အကျုံးမဝင်သောစီမံကိန်းလုပ်ငန်းခွဲများ" များမှအပ ကျန် အသေးစားဆောက်လုပ်ရေးလုပ်ငန်းများလည်း ပါဝင်သည်။

**ဇယား (၂)** အကျုံးမဝင်သောစီမံကိန်းလုပ်ငန်းခွဲများ

| Sub-Projects not Eligible for Funding in NCDDP | |
|---|---|
| 1 | are not included in the village tract development plan which is endorsed by the TPIC; |
| 2 | exclude the poor or marginalized population groups; |
| 3 | do not provide equal pay for equal work for women and men; |

| | |
|---|---|
| 4 | require physical relocation or displacement of any villagers |
| 5 | include the payment of compensation for land or asset loss from the proceeds of the World Bank financing or other government sources; |
| 6 | finance private goods, private livelihood activities, government offices or religious buildings; |
| 7 | do not meet the required technical and quality specifications; |
| 8 | have negative environmental or social impacts that are irreversible, create cumulative impacts and/or cannot be adequately mitigated |
| 9 | are financed, or scheduled to be financed, by the government or other development partners; |
| 10 | contain the purchase or use of drugs, military equipment or other potentially dangerous materials and equipment, including chain saws, pesticides; insecticides; herbicides; asbestos (including asbestos-containing materials); or other investments detrimental to the environment and livelihoods including cultural resources; |
| 11 | involve activities that cause or lead to child abuse, child labor exploitation or human trafficking; * |
| 12 | finance the construction or rehabilitation of dams (>10 m height); |
| 13 | any new construction in protected areas or reserved forests (or proposed protected areas) unless specified as planned investments part of the respective PA management plan<br>Note: rehabilitation of existing infrastructure which has been already developed (e.g., existing paths or tracks for tourism purposes) is possible if the respective subproject is in line with the park development/management plan, and subject to agreement of Union DRD. |
| 14 | involve development of new settlements or expansion of existing settlements in critical habitats, protected areas or areas proposed for certain level of national protection (e.g., reserved forests).<br>Note: Where settlements already exist, proposals for funding should be in compliance with any local regulations on land management and other provisions of the protected area management plan. |

၁၉။ အကျုံးမဝင်သော စီမံကိန်း လုပ်ငန်းခွဲများ စာရင်းကို စီမံကိန်း အကောင်အထည် ဖော်ရေး လက်စွဲတွင် ဖော်ပြ ထားပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့သည် ရရှိလာခဲ့သော လုပ်ငန်း အတွေ့အကြုံများ၊ လက်တွေ့ ကွင်းဆင်းဆောင်ရွက်နေသော လူထုစည်းရုံးရေးမှူးများနှင့်

ကျေးလက်ဦးစီး ဦးစီးဌာန ဝန်ထမ်းများ၏ အကြံပေး ချက်များအပေါ်အခြေခံ၍ ငွေကြေး ထောက်ပံ့ရန် အကျိုးမဝင်သော လုပ်ငန်းများနှင့် အကျိုးမဝင်သော လုပ်ငန်းများကို အခါအားလျော်စွာ လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ရမည်။

၂၀။ **လုပ်ငန်းခေါင်းစဉ် (၂) ကူညီထောက်ပံ့ခြင်းနှင့်စွမ်းဆောင်ရည်ဖွံ့ဖြိုးစေခြင်း** - ယခုစီမံကိန်းသည် ဗဟိုအဆင့် နှင့် မြို့နယ်အဆင့်များတွင် နည်းပညာအကူအညီနှင့် လုပ်ငန်းအလေ့အထအားကောင်းစေရေး ငွေကြေးအကူအညီ ပေးရေးအတွက် ဒေသအလိုက် ကူညီထောက်ပံ့မှုများနှင့် စွမ်းဆောင်ရည်ဖွံ့ဖြိုးရေးအပိုင်းများတွင် ငွေကြေးအမြောက် အမြား ကျခံ သုံးစွဲထားပါသည်။ ယင်းတို့တွင် လုပ်ငန်းခေါင်းစဉ် (၁) အရ လူထုကိုယ်တိုင်ဆောင်ရွက်သော လုပ်ငန်း များ အကောင်အထည်ဖော်မှုကို အားပေးကူညီခြင်းနှင့် ဝေဖန်အကြံပြုမှုများ ဖြေရှင်းရေး လုပ်ငန်းစဉ်တစ်ခု ပေါ်ပေါက်ရေး ရည်ရွယ်ချက်ဖြင့် လူထုစည်းရုံးရေးမှူးများ ငှားရမ်းခေါ်ယူခြင်းလည်း အပါအဝင်ဖြစ်ပါသည်။ ဤအခြေအနေအရ အားလုံး ပါဝင်နိုင်ရေး လုပ်ငန်းစဉ်၊ စီမံကိန်းစီမံခန့်ခွဲမှု၊ ကျားမတန်းတူညီမျှမှုနှင့် ပါဝင်နိုင်မှု၊ ဒေသအလိုက် ကော်မတီဝင်များ၊ မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စုအဆင့် အစိုးရ ဝန်ထမ်းများအတွက် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုနှင့် လူမှုတာဝန်ယူတာဝန်ခံမှု စသည့်နယ်ပယ်များတွင် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယခု စီမံကိန်းက ကူညီထောက်ပံ့မည်ဖြစ်ပါသည်။

၂၁။ **လုပ်ငန်းခေါင်းစဉ်ခွဲ (၃) အသိဉာဏ်ပညာနှင့် လေ့လာသင်ယူခြင်း** - ယခုခေါင်းစဉ်အောက်တွင် အစိုးရဝန်ထမ်း များ၊ ကျေးရွာနှင့် အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များအား မြန်မာနိုင်ငံအတွင်း အကောင် အထည် ဖော်နေသည့် လူထုဗဟိုပြုချဉ်းကပ်မှုများမှ လေ့လာသင်ယူနိုင်စေရန် ကူညီပံ့ပိုးလျက်ရှိပါသည်။ ယင်းတွင် လက်ရှိအချိန် အထိ အကောင်အထည်ဖော် ထားသည့် အစီအစဉ်အရ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျေးလက် လူထု အကြား အပြန် အလှန် လေ့လာသင်ယူခဲ့မှုများအပေါ်အခြေပြုကာ သက်ဆိုင်ရာ အစိုးရဝန်ထမ်းများအား အာဆီယံ နိုင်ငံများနှင့် အခြားသောဒေသများတွင်အောင်မြင်နေသည့် လူထုဗဟိုပြုသော ဖွံ့ဖြိုးရေးချဉ်းကပ်မှုများကို လက်တွေ့ မျက်မြင် သွားရောက် လေ့လာစေမည်ဖြစ်ပါသည်။ စီမံကိန်းသည် ပြီးခဲ့သည့်နှစ်မှရရှိခဲ့သည့် အတွေ့အကြုံများ မျှဝေနိုင်ရန်နှင့် နောက် နှစ်တွင် စီမံကိန်း၏ဒီဇိုင်းပိုင်း၊ အကောင်အထည် ဖော်မှုအပိုင်းတို့ တိုးတက်စေရေး ဆွေးနွေး နိုင်ရန် တို့အတွက် နှစ်စဉ် သက်ဆိုင်သူ အားလုံး ပါဝင်သော လေ့လာသုံးသပ်မှုများ ကိုလည်း ဆက်လက်ဦးဆောင် စည်းရုံး ကျင်းပ သွားပါမည်။ လေ့ လာသုံးသပ်ရာတွင် စီမံခန့်ခွဲ အုပ်ချုပ်မှုနှင့် အကျင့်ပျက် ခြစားမှု တိုက်ဖျက်ရေး လုပ်ငန်းများနှင့် ဆက်စပ်ကာ ရရှိခဲ့သည့် သင်ခန်းစာများကို အဓိက ထားပါမည်။ ထို့ပြင် မန်မာနိုင်ငံ လူထုဗဟိုပြု ဖွံ့ဖြိုးရေး ဆိုင်ရာ အလားအလာ အကောင်းဆုံးသော တီထွင် ဆန်းသစ်ဖန်တီးမှုများကို စီမံကိန်းဒေသများအတွင်း ရှေ့ဆောင်ရှေ့ရွက် ပြုနိုင်ရေးအမြင် ဖြင့် ၎င်းတို့အား မီးမောင်းထိုး ပြနိုင်ရေး အတွက် "ဖွံ့ဖြိုးရေး အသိဗဟုသုတ စုဆုံရပ်ဝန်း" တစ်ခုကျင်းပနိုင်ရေးအတွက် ရန်ပုံငွေ ထောက်ပံ့မည် ဖြစ်ပါသည်။ နောက်ဆုံးအနေဖြင့် ကျားမ တန်းတူညီမျှမှု တိုးတက်ရေးနှင့် အမျိုးသမီးများဘဝ မြှင့်တင်ရေးအတွက် လူထုဗဟိုပြု ဖွံ့ဖြိုးရေး ဆိုင်ရာ ကျားမ ကွန်ရက် တစ်ခုကိုလည်း တည်ထောင် သွားမည်ဖြစ်ပါသည်။

၂၂။ **လုပ်ငန်းခေါင်းစဉ်ခွဲ (၄) အကောင်အထည်ဖော်ရေးထောက်ပံ့ခြင်း** - ဤအပိုင်းသည် မြို့နယ်အဆင့်နှင့်ပြည် ထောင်စုအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံခန့်ခွဲမှုအတွက် ကုန်ကျစရိတ်များကို ထောက်ပံ့သွား မည်ဖြစ်သည်။ ယင်းစရိတ်များတွင် စောင့်ကြည့်ကြီးကြပ်ရေးနှင့်အကဲဖြတ်ခြင်း၊ အစီရင်ခံခြင်းနှင့် ဆက်သွယ်ရေးကိစ္စ များ၊ စီမံကိန်းအကောင်အထည်ဖော်ခြင်းအတွက် စီမံခန့်ခွဲရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာအထောက်အပံ့များ ပါဝင်မည်ဖြစ်ပါသည်။ ထို့ပြင် ပြင်ပမှ စာရင်းစစ်နှင့်နည်းပညာဆိုင်ရာ စစ်ဆေးမှုများပြုလုပ်နိုင်ရေးလည်း ပါဝင်ပါသည်။

၂၃။ **လုပ်ငန်းခေါင်းစဉ်ခွဲ (၅) - အရေးပေါ်အခြေအနေတုံ့ပြန်ခြင်း** - ဤအပိုင်းအတွက် ခွင့်ပြုငွေ သုညဟုသတ်မှတ် ထားခြင်းမှာ သဘာဝဘေးအန္တရာယ်များ၊ အရေးပေါ်အခြေအနေများ၊ ပြင်းထန်သော သဘာဝဘေးများဖြစ်ပေါ်သည့် အခါထောက်ပံ့ပေးနိုင်ရေးအတွက် အခြားသောခေါင်းစဉ်များအောက်မှ ဆွဲယူသုံးစွဲနိုင်ရန်ဖြစ်ပါသည်။

### ဃ။ စီမံကိန်း အကောင်အထည်ဖော်မှု အခင်းအကျင်းများ

၂၄။ လူထုဗဟိုပြုစီမံကိန်းကို ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့်ဟူ၍ အဆင့်သုံးဆင့်ခွဲကာ အကောင်အထည်ဖော်သည်။ အကောင်အထည် ဖော်ရာတွင် စီစဉ်ခင်းကျင်း ထားရှိမှုပုံစံကို အောက်ပါစာပိုဒ်တွင် ကောက်ကြောင်းရေးခြစ်ပြထားပါသည်။

၂၅။ ပြည်ထောင်စုအဆင့်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန လက် အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြန်မာနိုင်ငံတော်အစိုးရကိုယ်စား လူထုဗဟိုပြုစီမံကိန်းကို အကောင် အထည်ဖော်သည်။ မိမိဌာနအတွင်းဖွဲ့စည်းထားသည့် လူထုဗဟိုပြုဖွံ့ဖြိုးရေးအတွင်းဝန်ရုံးမှတစ်ဆင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် စီမံကိန်းအကောင်အထည်ဖော်ရေးလက်စွဲအတိုင်း လိုက်နာမှု၊ နည်းပညာအကူ အညီနှင့် လုပ်ငန်း အလေ့အထ အကူအညီများဆိုင်ရာ အတိုင်ပင်ခံ ဝန်ဆောင်မှုများရယူခြင်း၊ ဆက်သွယ်ရေးနှင့် ပြင်ပနှင့်ထိတွေ့မှု၊ စီမံကိန်းတွင်ပါဝင်ပတ်သက်နေသူအားလုံးတို့၏ စွမ်းဆောင်ရည်ဖွံ့ဖြိုး တိုးတက်မှု စသည်တို့ကို တာဝန်ယူရသည်။ ဦးစီးဌာနသည် စီမံကိန်းရှိသည့်နေရာများသို့ စောင့်ကြည့်ကြီးကြပ်ရေးနှင့် ကွပ်ကဲရေးများ ပြုလုပ်ရန် ပုံမှန်သွား ရောက်ခြင်း၊ မြို့နယ်များမှတက်လာသည့် လစဉ်အစီရင်ခံစာများကိုသုံးသပ်ခြင်း၊ ပေါ်ပေါက်လာသည့် စီမံခန့်ခွဲရေးနှင့် အကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များကိုဖြေရှင်းခြင်းနှင့် မြို့နယ်များနှင့် အပြန်အလှန် လေ့လာသုံးသပ်အကြံပြုမှု ကွင်းဆက်တစ်ခုထားရှိခြင်း စသည်တို့ကိုလည်း ပြုလုပ်မည်ဖြစ်သည်။ ဦးစီးဌာနသည် ဦးဆောင်ကော်မတီနှင့် ကမ္ဘာ့ဘဏ်တို့ထံသို့လည်း သုံးလပတ် တိုးတက်မှု အစီရင်ခံစာများ တင်ပြမည် ဖြစ်သည်။

၂၆။ ပြည်ထောင်စုအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ပြည်ထောင်စု အဆင့် အကြံပေးအဖွဲ့ (TA) က ကူညီပံ့ပိုးပေးသည်။ အဆိုပါအဖွဲ့ကို အဖွဲ့ခေါင်းဆောင် (လူထုဗဟိုပြုဖွံ့ဖြိုး ရေးကျွမ်းကျင် ပညာရှင်) ကဦးဆောင်ပြီး ဝယ်ယူဖြန့်ဖြူးမှု၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ဝေဖန်အကြံပြုဖြေရှင်းရေး၊ လေ့ကျင့်သင်တန်း ပေးရေး၊ အခြေခံအဆောက်အအုံနှင့် စောင့်ကြည့် ကြီးကြပ်ရေးနှင့် အကဲဖြတ်ခြင်းစသည့် ကဏ္ဍနယ်ပယ်များမှ ကျွမ်းကျင် ပညာရှင်များ ပါဝင်သည်။ အကောင်အထည်ဖော်မှုနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်နှင့် အညီ ဆောင်ရွက် ခြင်းတို့အတွက်တာဝန်ကို ပြည်ထောင်စုအဆင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယူထားပြီး ပြည်ထောင်စုအဆင့် အကြံပေးအဖွဲ့က မြို့နယ် အကြံပေးအဖွဲ့များမှ တစ်ဆင့် မြို့နယ်အဆင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနခွဲများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ကြီးကြပ်မှု တို့ကို အားဖြည့် ကူညီ ပေးသည်။

ပုံ (၂)

၂၇။ နိုင်ငံခြားအကူအညီ စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံအားပေးသည့် ဖွံ့ဖြိုးရေးအကူအညီများ ကို ညှိနိူင်းကိုင်တွယ်ရန်အတွက် သက်ဆိုင်သော ပြည်ထောင်စု ဝန်ကြီးဌာနများ၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူး ချုပ်များ ပါဝင်ဖွဲ့စည်းထားသည့် ဝန်ကြီးဌာနချင်း ချိတ်ဆက်ထားသည့် ကော်မတီ တစ်ရပ်ဖြစ်သည်။ ၎င်းသည် စီမံကိန်း၏ ဦးဆောင်ကော်မတီအဖြစ်ဆောင်ရွက်ပြီး စီမံကိန်းအပေါ်တွင် လွှမ်းခြုံ ကြီးကြပ်သည်။ စီမံကိန်းတွင်ပါဝင် မည့် မြို့နယ်များ ရွေးချယ်ရာတွင် အတည်ပြုပေးပြီး အကောင်အထည် ဖော်မှု ဆိုင်ရာများတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုး တက်ရေး ဦးစီးဌာနကို အကြံဉာဏ်ပေးခြင်း၊ မူဝါဒအဆင့် သို့မဟုတ် အကောင်အထည်ဖော်ရေးနှင့်ဆိုင်သည့် ရှုပ်ထွေး သော ပြဿနာရပ်များနှင့်ပတ်သက်ပြီး ကူညီဖြေရှင်းခြင်းနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများ၏ ပါဝင် ပတ်သက်မှု ကို ကူညီညှိနိူင်း ဆောင်ရွက်ခြင်းတို့ကိုလည်း ဆောင်ရွက်သည်။

၂၈။ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနပေါင်းစုံ နည်းပညာကော်မတီသည် စီမံကိန်းနှင့်ဆက်နွယ်သည့် နည်းပညာ အကူအညီပေါင်းစုံကိုပေးသည်။ ကော်မတီသည် သုံးလတစ်ကြိမ် သို့မဟုတ် လိုအပ်သည့်အခါတိုင်း နေပြည်တော်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌တွေ့ဆုံကာ စီမံကိန်းတွင်ကြုံတွေ့ရသည့်အခက်အခဲများနှင့် တိုးတက်မှု များနှင့်ဆိုင်သည့် နည်းပညာကိစ္စပေါင်းစုံကို ဆွေးနွေးသည်။ ထို့ပြင် ဆက်စပ်ဦးစီးဌာနများနှင့်ပူးပေါင်းခြင်း၊ ၎င်းတို့ထံမှ လိုအပ်သည့်အကူအညီကိုရယူခြင်းတို့ကိုလည်းဆောင်ရွက်သည်။

၂၉။ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဝန်ထမ်းများမှာမူ ညှိနိူင်းဆောင်ရွက်မှုနှင့် ကြီးကြပ်သည့်တာဝန်များကို ရယူ ထားကြသည်။ သက်ဆိုင်သည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က အဆိုပါတိုင်းဒေသကြီး/ပြည်နယ်မြို့တော်များ ၌ သက်ဆိုင်သူပေါင်းစုံတွေ့ဆုံစည်းဝေးပွဲကျင်းပပြီး မြို့နယ်ငါးမြို့နယ်ကိုရွေးချယ်ကာ ရွေးချယ်ခံမြို့နယ်များစာရင်းနှင့် ရွေးချယ်ရသည့်မှတ်ချက်များကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့သို့ပေးပို့ကာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏

သဘော တူညီချက်ကို ရယူသည်။ တိုင်းဒေသကြီး/ပြည်နယ်များရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများသည် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရဝန်ကြီးဌာနများနှင့် အခြားသောဆက်စပ်ဦးစီးဌာနများအကြား ညှိနှိုင်း ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။ လူထုဗဟိုပြုစီမံကိန်းကျယ်ပြန့်လာသည်နှင့်အမျှ ခရိုင်အဆင့်ဦးစီးဌာန ရုံးများ သည်လည်း မြို့ နယ်များသို့ပေးရသည့်အကူအညီများအတွက် ညှိနှိုင်းရေးဆုံရပ်များအဖြစ် ဆောင်ရွက် လာနိုင်ဖွယ် ရှိသည်။

၃၀။ မြို့နယ်အဆင့်တွင်မူ မြို့နယ်စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီ (TPIC) နှင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးခွဲများသည် (မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး) စီမံကိန်း အကောင် အထည် ဖော်မှု ဆိုင်ရာ အဓိက တာဝန်များကိုရယူသည်။

၃၁။ မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး ကို တာဝန်ခံ စောင့်ကြည့် ကြီးကြပ်ရေးနှင့် အကဲဖြတ် (M&E) အရာရှိ၊ စီမံကိန်း အချက်အလက်နည်းပညာ လက်ထောက်နှင့် အခြေခံ အဆောက်အအုံ ကျွမ်းကျင်သူ စသည်တို့ဖြင့် ဖွဲ့စည်းထားပြီး မြို့နယ်အဆင့် စီမံကိန်း အကောင်အထည်ဖော်ရာတွင် ၎င်း၏ လက်ရှိရုံးများတွင် ရုံးထိုင်၍ ဆောင်ရွက်ရန် တာဝန်ရှိသည်။ လုပ်ကိုင်လိုစိတ်ရှိသည့် စီမံကိန်းနှင့် အုပ်ချုပ်ရေး ဝန်ထမ်းများကို မြို့နယ်တစ်ခုချင်းစီရှိ လူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးအတွင်းဝန်ရုံးသို့ တာဝန် ထမ်းဆောင်ရန် စေလွှတ်ပြီး လူထုစည်းရုံးရေးမှူးများနှင့် ကျေးရွာအုပ်စု ကော်မတီများအား နည်းပညာ အကူအညီများကို စဉ်ဆက်မပြတ် ပေးအပ်သည်။ ၎င်းတို့သည် အစိုးရ ဦးစီးဌာနများနှင့် အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များနှင့် ညှိနှိုင်း ဆောင်ရွက်ရသကဲ့သို့ မြို့နယ်များရှိ စီမံကိန်း ဆောင်ရွက်ချက်များကို စောင့်ကြည့်ကြီးကြပ်ကာ အစီရင်ခံ တင်ပြရန်လည်း တာဝန်ရှိသည်။

၃၂။ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ (TPIC) သည် လက်ရှိမြို့နယ်အဆင့် အကူအညီစီမံခန့်ခွဲရေးဆပ်ကော်မတီကို တိုးချဲ့ထားခြင်းဖြစ်ပြီး ယင်းဆပ်ကော်မတီသည် နိုင်ငံတော်အဆင့်နှင့် ကျေး ရွာအဆင့်တို့ အုပ်ချုပ်ရေးအရရော အလုပ်ဖြစ်မြောက်မှုအရပါ ထိတွေ့ဆက်ဆံကြသည့်နေရာဖြစ်သည်။ အဆိုပါ ကော်မတီနှင့် ဆပ်ကော်မတီတို့သည် မြို့နယ်အဆင့်ရှိ ဝန်ကြီးဌာနအများအပြားကို အချင်းချင်းထိတွေ့ဆက်ဆံအောင် ဆောင်ရွက်သည်။ TPIC တွင် သက်ဆိုင်ရာဝန်ကြီးဌာနကိုယ်စားလှယ်များ (ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ စီမံ/ စီးပွားစသည်) ပါဝင်ပြီး မြို့နယ်အတွင်း စီမံကိန်းအကောင်အထည်ဖော်မှုကို ကြီးကြပ်သည်။ TPIC သည် (စီမံကိန်း အတွက် သတ်မှတ်ထားသည့်လိုအပ်ချက်များအားလုံးပြည့်စုံသည်ဟု အတည်ပြုချက်ရယူပြီးနောက်တွင်) ကျေးရွာ အုပ်စုတစ်ခုချင်းစီအလိုက် ပထမအဆင့် ဖွံ့ဖြိုးရေးစီမံချက်ကို လေ့လာသုံးသပ်ကာ ခွင့်ပြုပေးသည်။ နှစ်စဉ်ပြန်လှန် သုံးသပ်ချက်များကို TPIC သို့ပေးပို့မည်ဖြစ်သည် သို့သော် မူလစီမံကိန်းများမှ သိသိသာသာကွဲလွဲသွားသည့်အခါများ မှ တစ်ပါး TPIC ၏သဘောတူညီချက်ကို မလိုအပ်ပါ။

၃၃။ မြို့နယ်အဆင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (မြို့နယ် လူထုဗဟိုပြုဖွံ့ဖြိုးရေးအတွင်းဝန်ရုံး) တစ်ခုချင်းစီကို **မြို့နယ် အကြံပေးအဖွဲ့ (TTA)** က ကူညီမည်ဖြစ်သည်။

၎င်းတွင် အဖွဲ့ခေါင်း ဆောင်တစ်ဦး (ဦးဆောင် လူထုဗဟိုပြုဖွံ့ဖြိုးရေး/သင်တန်းကျွမ်းကျင်အရာရှိ)၊ M&E အရာရှိ၊ အခြေခံအဆောက်အအုံ ကျွမ်းကျင်ပညာရှင်၊ ဆက်သွယ်ရေး ပညာရှင်၊ လူထု စည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများ ပါဝင်သည်။ TTA ကို (ရေတိုတွင်) နိုင်ငံတကာမှ လူထုဗဟိုပြုဖွံ့ဖြိုးရေးကျွမ်းကျင်အရာရှိတစ်ဦးက ကူညီမည်ဖြစ်သည်။ လုပ်ငန်း တာဝန်များကိုကြည့်လျှင် TTA သည် စီမံကိန်းပါ ဝေဖန်အကြံပြုချက်ဖြေရှင်းရေးလုပ်ငန်းစဉ်မှတစ်ဆင့် မကျေနပ် ချက်များကို ပြန်လှန်လေ့လာခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်း တို့ကိုလုပ်ကိုင်နိုင်အောင် မြို့နယ်အဆင့် လူထုဗဟိုပြု စီမံကိန်းရုံးကို ပံ့ပိုးကူညီမည်ဖြစ်သည်။

၃၄။ ကျေးရွာအုပ်စု/ ကျေးရွာအဆင့်တွင် ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီ (VTPSC) နှင့် ကျေးရွာ စီမံကိန်း အထောက်အကူပြု ကော်မတီတို့ ပူးပေါင်း၍ ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့်များတွင် ကျေးရွာအဆင့် စီမံကိန်းရေးဆွဲရေး လုပ်ငန်းစဉ်နှင့် စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်မှုနှစ်အလိုက်အဆင့် များကို အသီးသီး အကောင်အထည်ဖော်ရာတွင် သတ်မှတ်ထားချက်သည့်အတိုင်း ကိုက်ညီမှုကိုသော်လည်းကောင်း၊ ထိရောက်သင့် သလောက် ထိရောက်ကြောင်း သော်လည်းကောင်း၊ စီမံကိန်း အကောင်အထည်ဖော်ရေးလက်စွဲနှင့် သဘာပတ်ဝန်း ကျင်နှင့်လူမှုဆိုင်ရာ စီမံခန့်ခွဲမှုမူဘောင်တို့နှင့်အညီ ဆောင်ရွက်မှုရှိမရှိကိုလည်းကောင်း စစ်ဆေး ရမည်ဖြစ်သည်။

၃၅။ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီ (VTPSC) သည် သက်ဆိုင်ရာ ကျေးရွာဖွံ့ဖြိုးရေးအစီ အမံများကို ပြန်လည်သုံးသပ်ကာ မိမိကျေးရွာအုပ်စု၏လိုအပ်ချက်များ၊ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးသုံးနှစ်အစီအမံပါ ရရှိနိုင်မည့် ရန်ပုံငွေတို့နှင့် ချိန်ညှိကာ လုပ်ကိုင်ရမည့်လုပ်ငန်းများကို ဦးစားပေးအဆင့်သတ်မှတ်သည်။ ကျေးရွာအုပ်စု တစ်ခုချင်းစီတွင် ကျေးရွာအုပ်စု ဝေဖန်အကြံပြုဆပ်ကော်မတီကို VTPSC ၏အောက်တွင်ဖွဲ့စည်းသည်။ ထို ဆပ်ကော်မတီ၏ တာဝန်များမှာ မကျေနပ်ချက် အသံများနားထောင်ရေး လှုပ်ရှားမှုကို ကူညီအားဖြည့်ရန်၊ ဝေဖန် အကြံပြုမှု ဖြေရှင်း ရေးလုပ်ငန်းများ တိုးတက်မှုကို စောင့်ကြည့်ရန်၊ မကျေနပ်ချက်/ဝေဖန်အကြံပြုချက်များကို စုဆောင်း/ လက်ခံခြင်းနှင့် တုံ့ပြန် ဆောင်ရွက်ခြင်းတို့အပြင် လိုအပ်လာပါ ၎င်းတို့ကိုမြို့နယ်အဆင့်သို့ လွှဲပြောင်း ပေးခြင်း စသည်တို့ဖြစ်သည်။ ဝေဖန် အကြံပြု ဆပ်ကော်မတီကို ကျေးရွာတစ်ရွာချင်းစီမှ VTPSC အဖွဲ့ဝင်မဟုတ်သည့် ကိုယ်စားလှယ် နှစ်ဦးကျစီဖြင့် ဖွဲ့စည်း ထားသည်။

၃၆။ ကျေးရွာအဆင့်တွင် ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီကိုဖွဲ့စည်းပြီး ကျေးရွာအဆင့်၌ စီမံကိန်း အကောင်အထည်ဖော်မှုကို အဓိက တာဝန်ယူသည်။ စီမံကိန်းလုပ်ငန်းခွဲများကို သဘာပတ်ဝန်း ကျင်နှင့်လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်နှင့်အညီ ပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်ရန်လည်း တာဝန်ရှိသည်။ ကျေးရွာ စီမံကိန်းအထောက်အကူပြုကော်မတီ သည် ကျေးရွာအခြေခံအဆောက်အအုံ စီမံကိန်းလုပ်ငန်းခွဲများအတွက် စီမံကိန်းရေးဆွဲခြင်း၊ ဦးစားပေးသတ်မှတ်ခြင်း နှင့် အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ရန်တာဝန်ရှိသည်။ စီမံကိန်းဝန်ထမ်းများ အထူးအားဖြင့်

လူထုစည်း ရုံးရေးမှူးများက စီမံကိန်းအကောင်အထည် ဖော်ရေး လက်စွဲပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျေးရွာစီမံကိန်းအထောက် အကူပြုကော်မတီကို ဖွဲ့စည်းထားခြင်း ရှိမရှိကို စစ်ဆေးရသည်။ အဖွဲ့ဝင် အားလုံး၏ ၅၀ ရာခိုင်နှုန်းသည် အမျိုးသမီးများ ဟုတ်မဟုတ်ကိုလည်း စစ်ဆေးရ မည်ဖြစ်သည်။

၃၇။ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီအောက်တွင် ကျေးရွာစောင့်ကြည့်ကြီးကြပ်ရေး ဆပ် ကော်မတီ များကို ဖွဲ့စည်းပြီး စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ရာတွင် တိုးတက်မှုများကို ကျေးရွာသူရွာသား များထံ ပုံမှန်အစီရင်ခံရမည်ဖြစ်သည်။ အဆိုပါ ဆပ်ကော်မတီသည် စီမံကိန်းလုပ်ငန်းခွဲများအကောင်အထည်ဖော်မှုကို ကြီးကြပ်ကွပ်ကဲမည်ဖြစ်သည်။

၃၈။ လူထုစည်းရုံးရေးမှူးများကို ကျေးရွာ စေတနာ့ဝန်ထမ်းများက စီမံကိန်း အကောင်အထည်ဖော်စဉ် ကာလ တစ်လျှောက် ကူညီပံ့ပိုးမည်ဖြစ်သည်။ ထို့ပြင် ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီများ၏ ဆုံးဖြတ်ချက် ချမှတ်သည့် ဖြစ်စဉ်များတွင် တိုင်းရင်းသားလူနည်းစုများပါဝင်မှု၊ ကျေးရွာ အကောင်အထည်ဖော်ရေး ကော်မတီများ နှင့် စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီများအတွင်း တိုင်းရင်းသားလူနည်းစုကိုယ်စားလှယ်များ ပါဝင် ဆောင်ရွက်မှု၊ စီမံကိန်း အကြောင်း သတင်းဖြန့်ချိရာတွင် ဒေသသုံး ဘာသာစကားများ အသုံးပြုမှု စသည် တို့ကိုလည်း ကူညီ မြှင့်တင်ပေး မည် ဖြစ်သည်။

၃၉။ အကြံပြုချက် ဖြေရှင်းရေးရုံးများကို အားလုံး ပါဝင်သည့် ရပ်ရွာလူထု အစည်းအဝေး များမှတစ်ဆင့် ရွေးချယ်ပါသည်။ ဖြေရှင်းရေးရုံးများသည် ကျေးရွာအဆင့် တိုင်ကြားမှုများကို ကိုင်တွယ် ဖြေရှင်းပေးရန်တာဝန်ရှိပြီး နစ်နာမှုအတွက်တိုင်ကြားလိုသူများအတွက် ပင်တိုင်ထား ဆက်သွယ်ရမည့် ရုံးလည်းဖြစ် သည်။

**ဇယား (၃)**

**င။ အသုံးပြုရမည့် မြန်မာနိုင်ငံ၏ဥပဒေများ**

**မြေယာဥပဒေ**

၄၀။ မြန်မာနိုင်ငံတွင် မြေယာအသုံးချခြင်းနှင့် စပ်လျဉ်း၍ တစ်ပေါင်းတစ်စည်းတည်းသော ဥပဒေမရှိသော်လည်း မြေယာ အမျိုးအစားအမျိုးမျိုးအတွက် ဥပဒေများစွာရှိသည်။ နိုင်ငံတော်အတွင်းရှိမြေယာအားလုံးသည် တည်ဆဲ ဥပဒေအရ နိုင်ငံတော်၏စီမံခန့်ခွဲမှုအောက်တွင်ရှိနေပြီး မြေယာအသုံးချသူများအား မြေစာရင်းဦးစီးဌာနက လက်မှတ် များ ထုတ်ပေးပါသည်။ ၁၉၉၄ ခုနှစ် မြေယာပိုင်ဆိုင်မှုဥပဒေအရ ယင်းလက်မှတ်များကို ထုတ်ပေးသည်။ အကြောင်း ကြောင်းကြောင့် ပုဂ္ဂလိကမြေယာကိုရယူသည့်အခါ သို့မဟုတ် သစ်ပင်၊ စိုက်ပျိုးထားသည့်သီးနှံများအစရှိသည့် ပုဂ္ဂလိ ပိုင်ဆိုင်မှုများ နိုင်ငံတော်စီမံကိန်း သို့မဟုတ် ပုဂ္ဂလိစီမံကိန်းများကြောင့် ဆုံးရှုံးသည့်အခါ ဈေးကွက်ပေါက်ဈေးအတိုင်း လျော်ကြေး ပေးရမည်ဖြစ်သည်။ ထိခိုက်နစ်နာသူများအနေဖြင့် တရားရုံးသို့ တိုင်ကြားအမှုဖွင့်ခွင့်ကိုလည်း ယင်းအက် ဥပဒေက ပေးထားပါသည်။

၄၁။ လယ်ယာမြေ ဥပဒေသစ်ကို ၂၀၁၂ ခုနှစ်မတ်လအတွင်းပြဋ္ဌာန်းခဲ့ပြီး လယ်မြေပိုင်ရှင်များအား မိမိတို့ပိုင်ဆိုင် သောလယ်ယာများအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း လဲလှယ်ပိုင်ခွင့်၊ အမွေဆက်ခံ ပိုင်ခွင့် သို့မဟုတ် လှူဒါန်းပိုင်ခွင့်များပေးခြင်း စသည့်ပြုပြင်ပြောင်းလဲမှုများကို တွေ့ရပါသည်။ ထို့ပြင် မြေနှင့်မြေပေါ်ရှိ အဆောက်အဦများ အတွက်လည်း တွက်ချက်ပြီးလျော်ကြေးပေးရမည်ဟုလည်း သတ်မှတ်ခဲ့သည်။ ကျေးလက်ဒေသရှိ မစိုက်မပျိုးသော မြေများနှင့်စပ်လျဉ်း၍ ကျေးရွာနှင့်မြို့အက်ဥပဒေကို ယခုပြန်လည်သုံးသပ်နေပါသည်။ ၂၀၁၂ မတ်လ မှာပင် အတည်ပြုခဲ့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေအရလည်း အသုံးမပြုရသေးသော မြေယာ များအတွက် ဥပဒေသတ်မှတ်ချက်များပြဋ္ဌာန်းခဲ့သည်။

**တိုင်းရင်းသားလူနည်းစုများ**

၄၂။ ၂၀၁၄ ခုနှစ်အတွင်းက ပြုလုပ်ခဲ့သည့်ပြည်လုံးကျွတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏လူဦးရေမှာ ၅၁ ဒသမ ၄ သန်းရှိသည်။ လူဦးရေအများဆုံးမှာ ဗမာလူမျိုးစုဖြစ်ပြီး စုစုပေါင်းလူဦးရေ၏ သုံးပုံနှစ်ပုံဝန်းကျင်ပြီး ကျန် တိုင်း ရင်းသားလူမျိုးစုအများအပြားမှာ သုံးပုံတစ်ပုံရှိသည်။ လူများစုဗမာများမှာ မြန်မာပြည်အလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ် ဒေသတို့တွင်အဓိကနေထိုင်ကြပြီး ၎င်းတို့ကို တိုင်းဒေသကြီးခုနစ်ခုဖြင့်ခွဲခြားထားကာ ကျန်တိုင်းရင်းသားလူမျိုးစုများ ကိုတော့ များသောအားဖြင့် နယ်စပ်ဒေသတစ်လျှောက်ရှိတောင်ပေါ်ဒေသများတွင် တွေ့ရသည်။ ၎င်းတို့နေထိုင်ရာ ဒေ သများကို ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းဟူ၍ ပြည်နယ်ခုနစ်ခုဖြင့် အကြမ်းဖျင်းသတ်မှတ်ထားသည်။ အဓိကတိုင်းရင်းသားအုပ်စုကြီးများ၏ တရားဝင်လူဦးရေခန့်မှန်းကိန်းဂဏန်းများမှာ ရှမ်း (၉%)၊ ကရင် (၇%)၊ ရခိုင် (၄.၅%)၊ ချင်း (၂%)၊ မွန် (၂%)၊ ကချင် (၄%) နှင့် ကယား (၁%) တို့ဖြစ်ကြသည်။ "တိုင်းရင်းသားလူမျိုး" ရှစ်မျိုးကို လူမျိုး ၁၃၅ ခုအဖြစ် ထပ်မံခွဲခြားထားပြီး ၎င်းတို့အားလုံးမှာ ဘာသာစကားမိသားစုကြီးငါးခုဖြစ်သည့် တိဗက်တို ဘားမင်း၊ မွန်-ခမာ၊ တိုင်-ကဒိုင်၊ မှုန်-မီယန်နှင့် မာယာယို-ပိုလီနေးရှင်း တို့တွင် တစ်ခုမဟုတ်တစ်ခု ပါဝင်ကြသည်။ တိုင်းရင်းသား လူမျိုး တစ်မျိုးချင်းစီကို ထပ်ခွဲသည့်မျိုးနွယ်စုများအတွက်မူ သီးခြားလူဦးရေးကိန်းဂဏန်းမရှိပါ။

၄၃။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) ပုဒ်မ ၂၂ တွင် နိုင်ငံ တော်အစိုးရသည် မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာစကား၊ စာပေ၊ ယဉ်ကျေး မှုနှင့်အနုပညာတို့ ဖွံ့ဖြိုးရေးနှင့်တိုးတက်ရေးတို့အတွက် အစွမ်းကုန်ကူညီထောက်ပံ့မည်ဟုဆိုထားသည်။ ယင်းအရ

"နိုင်ငံတော်သည် ...

(က) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီ ဆောင်ရက်မည်

(ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက် ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်

(ဂ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသေးသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်း ဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီ ဆောင်ရွက်မည်" ဟု ပြဆိုထားသည်။

၄၄။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံ၏တိုင်းရင်းသားလူမျိုးများတွင်ပါဝင်သော လူမျိုးများအား တန်းတူညီမျှ အခွင့်အရေး ပေးထားပြီး ၎င်းတို့၏ယဉ်ကျေးမှုနှင့်ရိုးရာ အစဉ်အလာများ ထိန်းသိမ်းရန် ရည်ရွယ်သည့် ဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများ ပါဝင်သည်။ ယင်းတို့ထဲတွင် ၁၉၉၁ ခုနှစ်ကပြဋ္ဌာန်းကာတည်ထောင်ခဲ့သည့် ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်လည်းပါဝင်သည်။ ယင်းမှာ ချစ်ကြည်ရင်းနှီးသော ပတ်ဝန်းကျင်တွင် နေထိုင်ရင်း၊ တက္က သိုလ်၌ပညာသင်ကြားခြင်းဖြင့် ပြည်ထောင်စု၏ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ ဓလေ့ ထုံးစံများနှင့် ရိုးရာ အစဉ် အလာများကို ထိန်းသိမ်းရန်နှင့်နားလည်ရန်၊ တိုင်းရင်းသားလူမျိုးများအကြား ပြည်ထောင်စု စိတ်ဓာတ် အားကောင်း စေရန်တို့လည်းပါဝင်သည်။ သို့ရာတွင် နိုင်ငံတော်အသိအမှတ်ပြု တိုင်းရင်းသား လူမျိုးများ စာရင်းကိုမူ ၁၉၈၂ ခုနှစ် နောက်ပိုင်း ပြင်ဆင်ပြောင်းလဲခြင်းမရှိသေးပါ။

၄၅။ လွတ်လပ်ရေး ရချိန်မှစကာ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများအကြား တိုင်းရင်းသားတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ယဉ်ကျေးမှုအခွင့်အရေးများ ပိုမိုရရှိလိုမှုနှင့် သဘာဝသယံဇာတစီမံခန့်ခွဲမှုစသည့် ခေါင်းစဉ်များ အောက်တွင် ပဋိပက္ခများ အကြိမ်ကြိမ်ဖြစ်ပွားခဲ့သည်။ ၂၀၁၁ ခုနှစ်တွင်စတင်ခဲ့သည့် အစိုးရ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အရ တိုင်းရင်းသားလက်နက်များနှင့် အပစ်ရပ်စာချုပ်များသက်တမ်းတိုးခြင်း သို့မဟုတ် အပြီးသတ်လက်မှတ်ထိုးခြင်း များရှိခဲ့သော်လည်း ကချင်နှင့်ရှမ်းပြည်နယ်ဒေသအချို့၌ ပဋိပက္ခများဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား နှစ်ဖက်သဘောတူအပစ်ရပ် စာချုပ်များချုပ်ဆိုနိုင်ခဲ့သည့်နောက်တွင် အချို့ သော တိုင်းရင်းသား လူနည်းစုများအနေဖြင့် ၎င်းတို့နယ်မြေအတွင်း (အချို့သောနယ်မြေများမှာ အတိုင်းအတာတစ်ခု အထိကြီး) နိုင်ငံရေးနှင့်စီးပွားရေးကဏ္ဍများ၌ လုပ်ပိုင်ခွင့်များရရှိခဲ့သည်။ လူမှုရေးနှင့်အခြားသောအများပြည်သူဝန် ဆောင်မှုများကို အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှအကူအညီအများစုဖြင့် တိုင်းရင်းသားအာဏာပိုင်များက ဖော် ဆောင်ခဲ့ပြီး နယ်မြေဒေသအများအပြား၌ ဆက်လက် ဆောင်ရွက်နေဆဲဖြစ်သည်။ ဘာသာရေး အကြောင်းပြု အကြမ်းဖက်မှု ဖြစ်စဉ်များလည်း ရှိခဲ့သည်ကိုတွေ့ရသည်။

၄၆။ လက်ရှိအစိုးရလက်ထက်တွင် သတင်းမီဒီယာလွတ်လပ်ခွင့် ဖွံ့ဖြိုး တိုးတက်လျက်ရှိပြီး တိုင်းရင်းသားပါတီများ နှင့် အသင်းအဖွဲ့များမှာ နိုင်ငံရေးကိုတက်ကြွစွာလုပ်ကိုင်နေကြသည်။ တိုင်းရင်းသားလူနည်းစုအဖွဲ့အစည်းများအနေ ဖြင့် မူဝါဒများနှင့် အစီအစဉ်များ အပေါ် ပြည်နယ်နှင့်တိုင်းဒေသကြီးများအား ပိုပြီးထင်ရှားသိသာသည့်အခန်းကဏ္ဍမှ ပါဝင်နိုင်စေမည့်

လက်ရှိအစိုးရ၏ဗဟိုချုပ်ကိုင်မှုလျှော့ချရေးကြိုးပမ်းမှုများဖြင့် ရှေ့ဆက်လျှောက်လှမ်းရာတွင် ပိုမိုအားကောင်းသော အခန်းမှပါဝင်နိုင်ခြေရှိသည်။

**သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ခြင်း**

၄၇။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေသည် ၂၀၁၂ ခုနှစ် မတ်လ ၃၀ ရက်နေ့မှစ၍ အသက်ဝင်ပါသည်။ သို့သော် နည်းဥပဒေများ၊ စံသတ်မှတ်ချက်များကို မထုတ်ပြန်ရသေး/အတည်မပြုရသေးပါ။ ထို့ပြင် ၁၉၉၂ ခုနှစ် သစ်တော ဥပဒေ နှင့် မြန်မာနိုင်ငံက ပဋိညာဉ်ခံထားသည့် အခြားသော နိုင်ငံတကာဥပဒေများ၊ စာချုပ်စာတမ်းများ စသည့် သဘာဝ ပတ်ဝန်းကျင် မူဝါဒများ ပါရှိသည့်အခြားသော ဥပဒေများလည်း ရှိပါသည်။

**ကမ္ဘာ့ဘဏ်၏လုပ်ငန်းအကောင်အထည်ဖော်ရေးမူဝါဒများ**

၄၈။ မူလ လူထုဗဟိုပြုစီမံကိန်းသည် သဘာဝပတ်ဝန်းကျင် ဆန်းစစ်လေ့လာခြင်း (မူဝါဒအမှတ် ၄.၀၁)၊ တိုင်းရင်းသား မျိုးနွယ်စုများ (မူဝါဒအမှတ် ၄.၁၀)၊ အတင်းအကျပ်ပြန်လည်နေရာချထားရေး (မူဝါဒအမှတ် ၄.၁၂) အစရှိသည့် ကမ္ဘာ့ဘဏ်၏ လုပ်ငန်းအကောင်အထည်ဖော်ရေးမူဝါဒများကို စတင်အသုံးပြုခဲ့ပါသည်။ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုအကျိုးသက် ရောက်မှုများကို ဆန်းစစ် စောင့်ကြည့် အကဲဖြတ်ခြင်းများသည် လုပ်ငန်းခေါင်းစဉ်ခွဲ (၁) အရ စီမံကိန်းလုပ်ငန်းများ အတွက် လူထုသို့တိုက်ရိုက် ထောက်ပံ့ငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းခွဲများနှင့်သာ သက်ဆိုင်သည်။ ဖြည့်စွက်ရန်ပုံငွေ အတွက်လည်း ယခုမူဝါဒများကိုသာ အသုံးပြုသွားပါမည်။

၄၉။ **မူဝါဒအမှတ် ၄.၀၁ - သဘာဝပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်း။** ဤမူဝါဒသည် ကမ္ဘာ့ဘဏ်ကထောက်ပံ့ရန် အဆိုပြုထားသော ရင်းနှီးမြှုပ်နှံမှုများအနေဖြင့် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိသော၊ ရေရှည်တည်တံ့မှုရှိစေရန် အတွက် သဘာဝပတ်ဝန်းကျင် ဆန်းစစ်လေ့လာမှုပြုလုပ်ရန် သတ်မှတ်ပြဋ္ဌာန်းချက်ဖြစ်သည်။ ဆန်းစစ်လေ့လာမှု၏ အတိမ်အနက်နှင့် အမျိုးအစားမှာ အဆိုပြုလုပ်ငန်းစဉ်များ၏ သဘောသဘာဝ၊ ပမာဏ၊ ဖြစ်တန်စွမ်းသော သဘာဝ ပတ်ဝန်းကျင် ထိခိုက်နိုင်မှုများအပေါ် မူတည်သည်။ သဘာဝပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်းလုပ်ငန်းစဉ်တွင် သဘာဝပတ်ဝန်းကျင် (လေ၊ ရေနှင့်မြေ)၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လူမှုကဏ္ဍများ (အတင်းအကျပ် ပြန်လည်နေရာချထားခြင်း၊ တိုင်းရင်းသားလူမျိုးများ၊ ယဉ်ကျေးမှုအမွေအနှစ်များ) နှင့် နယ်စပ်ဖြတ်ကျော်နှင့် ကမ္ဘာလုံး ဆိုင်ရာ သဘာဝပတ်ဝန်းကျင် အခြေအနေများကိုထည့်သွင်းစဉ်းစားဆောင်ရွက်သည်။ ဖြည့်စွက်ရန်ပုံငွေ (AF) သည် မူဝါဒအမှတ် ၄.၀၁ နှင့် ခေါင်းစဉ် (ခ) အရ ကိုက်ညီမှုရှိသည်။ စီမံကိန်းလုပ်ငန်းခွဲများကို အကောင်အထည် ဖော်စဉ် ကာလအတွင်း ကျေးရွာလူထုကိုယ်တိုင်က ဖော်ထုတ်သတ်မှတ်မည်ဖြစ်ရာ သဘာဝ ပတ်ဝန်းကျင် ဆန်းစစ်လေ့လာမှု သည် ယခု ESMF တွင်ပြထားသည့် မူဘောင်ချဉ်းကပ်မှုကိုလိုက်နာမည်ဖြစ်သည်။

၅၀။ **မူဝါဒအမှတ် ၄.၁၀ (တိုင်းရင်းသားလူမျိုးများ)။** စီမံကိန်း အကောင်အထည်ဖော်သော နေရာများတွင် ဒေသခံ တိုင်းရင်းသားများ ရှိနေမည်ဟု မျှော်လင့်ခဲ့သည့်အတွက် ယခုမူဝါဒကို မူလစီမံကိန်းအတွက်

ထည့်သွင်းချမှတ် ခဲ့သည်။ ဖြည့်စွက်ရန်ပုံငွေ (AF) အရ တိုးချဲ့မည့်နယ်မြေများသည်လည်း တိုင်းရင်းသားလူမျိုးများဒေသ များ ပါဝင် လာနိုင်ခြေ ရှိသဖြင့် ယခုမူဝါဒသည် AF နှင့် အခြားသောငွေကြေးအထောက်အပံ့များအတွက် လည်းအကျုံး ဝင် စေမည်ဖြစ်သည်။ သို့ရာတွင် AF ခေါင်းစဉ်အောက်တွင်အကျုံးဝင်မည့် မြို့နယ်စာရင်းအတိအကျကိုမူ အကောင် အထည်ဖော်ချိန်ကျမှ ဆုံးဖြတ်မည် ဖြစ်သည်။ စီမံကိန်း အကောင်အထည်ဖေါ်မည့်ကျေးရွာအားလုံးတွင် အားလုံးပါဝင်သော လူမှုဆန်းစစ်လေ့လာမှုများကို ဆက်လက်ပြုလုပ်မည်ဖြစ်သည်။ လူထု၏ကူညီထောက်ပံ့မှု ကျယ်ကျယ်ပြန့်ပြန့် ရရှိစေရန်အတွက် လူမျိုးစုငယ်များအပါအဝင် ရပ်ရွာလူထုနှင့် တင်ကြိုအသိပေးသော၊ လွတ်လပ်သော အကြံပေးဆွေးနွေးမှုများကို ဆောင်ရွက် သွားမည်ဖြစ်ပြီး လူထုစည်းရုံးရေးမှူးများကလည်း ကူညီ ပံ့ပိုး ပေးရပါမည်။ ဒေသခံ တိုင်းရင်းသား လူမျိုးစုငယ် များအပါအဝင် လူထုပါဝင်သော လူမှု ဆန်းစစ်လေ့လာချက်များ အတွက် အဓိကစည်းမျဉ်းများ၊ လုပ်ငန်းစဉ်များ၊ လုပ်ထုံး လုပ်နည်းများကို စီမံကိန်း အကောင်အထည် ဖော်ရေး လက်စွဲတွင် ဖော်ပြသွားပါမည်။

၅၁။ မူဝါဒအမှတ် ၄.၁၂ (အတင်းအကျပ် ပြန်လည်နေရာချထားမှု)။ မူလစီမံကိန်းသတ်မှတ်ချက်အရ AF ဖြင့် ထောက်ပံ့မည့် စီမံကိန်း လုပ်ငန်းခွဲအများစုသည် လက်ရှိအသေးစားကျေးလက်အခြေခံအဆောက်အအုံများ ပြန်လည် ထူထောင်ရေး သို့မဟုတ် အသေးစားဖွံ့ဖြိုးတိုးတက်ရေးများအတွက် ထောက်ပံ့ပေးမည်ဖြစ်ပြီး ပုဂ္ဂလိကပိုင်မြေယာများ ရယူရခြင်း သို့မဟုတ် ပုဂ္ဂလိကပိုင်ဆိုင်မှုများဆုံးရှုံးခြင်းတို့ဖြစ်ပေါ်ရန် ဖြစ်နိုင်ခြေမရှိပါ။ သို့ရာတွင် စီမံကိန်းလုပ်ငန်းခွဲ များမှာ တောင်းဆိုမှုပေါ်အခြေခံသည့်စနစ်ဖြင့် အကောင်အထည်ဖော်ရသဖြင့် မြေယာရယူခြင်းသို့မဟုတ် ပုဂ္ဂလိကပိုင် ပစ္စည်းများဆုံးရှုံးခြင်းတို့ အနည်းအကျဉ်းဖြစ်နိုင်ခြေရှိပါသည်။ ထို့ကြောင့်လည်း AF အတွက် မူဝါဒအမှတ် ၄.၁၂ (အတင်းအကျပ် ပြန်လည်နေရာချထားမှု) ကို လိုက်နာကျင့်သုံးရပါသည်။ စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် မြေယာနှင့်ဆက်နွယ်သော အကျိုးသက်ရောက်မှုများကိုဆန်းစစ်ပြီး မြေယာသိမ်းဆည်းခြင်း သို့မဟုတ် ပုဂ္ဂလိကပိုင်ဆိုင်မှုများဆုံးရှုံးခြင်းများ မလွှဲမရှောင်သာကြုံတွေ့ရမည်ဆိုပါက သက်သာစေမည့်နည်းလမ်း များကို ရှာဖွေအသုံးပြုရမည်ဖြစ်ပါသည်။ ယင်းဖြစ်စဉ်ကိုရှောင်လွှဲနိုင်ရန်မှာ သက်ဆိုင်သူများက ပင်ကိုစိတ်ဆန္ဒဖြင့် လှူဒါန်းခြင်းဖြင့်သာဖြစ်နိုင်ပါမည်။ ထိုသို့စိတ်ဆန္ဒမရှိပါက ပြန်လည်နေရာချထားရေးအစီအစဉ် (RAP) ကို သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဆန်းစစ်လေ့လာရေးမူဘောင်ပါမူဝါဒများ၊ လုပ်ငန်းစဉ်များနှင့်အညီ ဖော်ထုတ်ချမှတ်သွားရမည်။ စီမံကိန်း၏သက်ရောက်မှုများ သိသာသည့်ဖြစ်ရပ်များတွင်မူ RAP ကို အပြည့်အဝအကောင်အထည်ဖော်ရမည်။

## ၈။ အကာအကွယ်အစီအမံများအကောင်အထည်ဖော်မှုအတွေ့အကြုံနှင့် ရရှိသင်ခန်းစာများ

၅၂။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် လူထုဗဟိုပြုစီမံကိန်း စတင် အသက်ဝင်လာချိန်မှစကာ စီမံကိန်း အကောင်အထည် ဖော်ရေး လက်စွဲ (POM) ကို ESSAF တွင် ပုံစံချထားသည့် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု ဆိုင်ရာ မူဝါဒများနှင့် အခြေခံမူများကို အသုံးပြုခြင်းဆိုင်ရာအချက်အလက်အသေးစိတ်ကို ဖော်ပြနိုင်ရန် အတွက် ရေးဆွဲခဲ့သည်။ ယင်းလက်စွဲကို ကမ္ဘာ့ဘဏ်ကပြန်လှန်သုံးသပ်ပြီး ခွင့်ပြုပေးသည်။ စီမံကိန်း ပထမနှစ်မှ ရသည့် အတွေ့အကြုံမှ သင်ခန်းစာများရယူ ပြီးလျှင် စီမံကိန်း၏လူမှုစစ်ဆေးခြင်းနှင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သော သုံးသပ်ပွဲများမှ ထွက်ပေါ်လာသည်များနောက်တွင် အကောင်အထည် ဖော်ရေးလက်စွဲကို ၂၀၁၄ ခုနှစ် အတွင်း ပြန်လည်ပြင်ဆင် တည်းဖြတ်ခဲ့သည်။ ယခုအပိုင်းတွင် မူလ NCDDP အရ အကာအကွယ်အစီအမံ အကောင် အထည်ဖော်မှုအတွေ့အကြုံများကို ဖော်ပြမည်ဖြစ်သည်။

**သဘာဝပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်း (မူဝါဒအမှတ် ၄.၀၁)**

၅၃။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆန်းစစ်လေ့လာရေးမူဘောင် (ESSAF) နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်များ (ECoPs) တို့သည် ပထမနှစ်အတွင်းငွေကြေးအထောက်အပံ့ပေးသည့် စီမံကိန်းလုပ်ငန်းခွဲများကို လေ့ လာဆန်းစစ်ရန်နှင့် ယင်းတို့၏သက်ရောက်မှုကိုလျှော့ချရန်အသုံးပြုသည့် ပင်မ သဘာဝပတ်ဝန်းကျင်အကာအကွယ် ပေးမှုနှင့်ဆိုင်သည့်စာရွက်စာတမ်းများဖြစ်သည်။ ထို့ပြင် အသေးစားအခြေခံအဆောက်အအုံများအတွက် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကအသုံးပြုသည့် အမျိုးသားဒီဇိုင်းစံသတ်မှတ်ချက်များနှင့် ဒီဇိုင်းကျင့်ဝတ်များကို လည်း ပထမနှစ်အတွင်း ပံ့ပိုးပေးခဲ့သည့် စီမံကိန်းလုပ်ငန်းခွဲများအတွက် အသုံးပြုခဲ့သည်။ သဘာဝပတ်ဝန်းကျင် သက် ရောက်မှုအကန့်အသတ်ရှိသည့်အတွက် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို မည်သည့်စီမံကိန်းလုပ် ငန်းခွဲကမျှ အသုံးမပြုခဲ့ပါ။ စီမံကိန်းရေးဆွဲနေသည့်အဆင့်တွင် DRD မှအင်ဂျင်နီယာများ၊ လက်ထောက်နည်းပညာမှူး များ (TF) နှင့် နည်းပညာအကူအညီ (TA) အခြေခံအဆောက်အအုံကျွမ်းကျင်ပညာရှင်များအနေဖြင့် စီမံကိန်းလုပ်ငန်း ခွဲဒီဇိုင်းပိုင်းတွင် လူထုကိုအကူအညီပေးရန်အတွက် ESSAF နှင့် ECoP တို့ကိုအသုံးပြုခဲ့သည်။ စီမံကိန်းလုပ်ငန်းခွဲများ ၏ထက်ဝက်ခန့်ကို ကန်ထရိုက်တာများက အကောင်အထည်ဖော်ပြီး ကျန်တစ်ဝက်ကို လူထုအင်အားစာရင်းများကို အသုံးပြုကာ လူထုကကိုယ်တိုင် အကောင်အထည်ဖော်သည်။ ECoP ကို စီမံကိန်းလုပ်ငန်းခွဲအကောင်အထည်ဖော်စဉ် ကာလအတွင်း ကန်ထရိုက်တာများ/ရပ်ရွာလူထုများ၊ ကျေးလက်/ဦးစီးအရာရှိများ၊ လူထုစည်းရုံးရေးမှူးများနှင့် နည်းပညာ အကူ အညီဝန်ထမ်းများက ပိုပြီးကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခဲ့သည် (ဥပမာအားဖြင့် ဆက်နွယ်သော အသေးစား မြို့ပြဆိုင် ရာ အကောင်အထည်ဖော်မှုများ)။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ECoP အကောင်အထည်ဖော်မှု အတွက် လိုအပ်သည့်ပြန်လည်တိုက်ဆိုင်ကြည့်ရမည့်အရာများစာရင်း၊ အရည်အသွေးပိုင်းနှင့် ကြီးကြပ် အုပ်ချုပ်ခြင်း၊ ဆက်သွယ်ရေးစီမံခန့်ခွဲမှုတို့ကို စီမံကိန်းလုပ်ငန်းခွဲအကောင်အထည်ဖော်မှု တစ်ခုလုံးပိုမို ကောင်းမွန် စေရန်အတွက် ရည်ရွယ်ကာပြင်ဆင်ခဲ့သည်။

၅၄။ ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်းပြုလုပ်ခဲ့သည့် နည်းပညာပြန်လှန်သုံးသပ်လေ့လာမှု[4]အရ စစ်ဆေးခဲ့သည့် စီမံ ကိန်းလုပ်ငန်းခွဲများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် ESSAF သို့မဟုတ် ECoP တစ်ခုခုနှင့်သော်လည်းကောင်း၊ နှစ်ခုစလုံး နှင့်သော်လည်းကောင်း ပြည့်စုံလုံလောက်စွာကိုက်ညီမှုရှိသည်ကိုတွေ့ရသည်။ ပတ်သက်နေသည့် သဘာဝပတ်ဝန်း ကျင်သက်ရောက်မှုများ အနည်းအကျဉ်းသာရှိသဖြင့် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအမံများကို မလိုအပ်ကြောင်း လည်း အတည်ပြုနိုင်ခဲ့သည်။ သို့ရာတွင် စီမံကိန်းလုပ်ငန်းခွဲသုံးခုမှာမူ နည်းပညာ အရည်အသွေးပိုင်းအရ "ညံ့" ဟု သတ်မှတ်ခံခဲ့ရပြီး ESSAF နှင့်မကိုက်ညီသည်ကိုတွေ့ခဲ့ရသည်။ (အောက်ဖော်ပြပါ) စီမံကိန်းလုပ်ငန်းခွဲသည် သဘာဝ ပတ်ဝန်းကျင် အကာအကွယ်များဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်မကိုက်ညီသလို တခြား စီမံကိန်းလုပ်ငန်းခွဲနှစ်ခုမှာလည်း အမျိုးသားများနှင့်အမျိုးသမီးများအား လုပ်ခမတူအောင်ပေးသည်ကို တွေ့ခဲ့ရသည်။

၅၅။ ကန်ပက်လက်မြို့နယ်ရှိ မကျောက်အား လူသွားလမ်းစီမံကိန်းလုပ်ငန်းခွဲသည် ကျေးရွာနှင့်မြို့နယ်တို့ကို ဆက် သွယ်ထားသည့် လက်ရှိခြေကျင်လမ်းကို လမ်းချဲ့ရန်ဖြစ်ပြီး၊ နဂိုမူလက သစ်တောဧရိယာကိုဖြတ်သန်းကာ ဖောက်လုပ် ထားခြင်းဖြစ်သည်။ စီမံကိန်းပြီးစီးပြီးနှစ်လအကြာတွင် မြေပြိုမှုနှင့်မြေတိုက်စားမှုဖြစ်ရပ်များ ထိုဒေသ အတွင်း ဖြစ်ပွားခဲ့ပြီး အလျှင်အမြန် ထိန်း၍မရခဲ့ပါ (ဥပမာ၊ မြေထိန်းနံရံများတည်ဆောက်ခြင်း၊ သို့မဟုတ် ယာယီ လျှောစောက် အထိန်းများ)။ ကျေးရွာ စီမံကိန်း ဆပ်ကော်မတီက ခြောက်သွေ့ ရာသီတွင် ပြန်လည်ပြင်ဆင်မည်ဟု ဆိုထား သော်လည်း မူလဒီဇိုင်းတွင် ထိုကိစ္စများကိုထည့်သွင်းမစဉ်းစားခဲ့သဖြင့် ယခုအထိ မြေထိန်းနံရံမရှိသေးပေ။ စီမံကိန်း လုပ်ငန်းခွဲ ဒီဇိုင်းကို ပြန်လည်မသုံးသပ်ပါက မြေပြိုခြင်းနှင့်မိုးရေတိုက်စားခြင်းတို့ နောက်နှစ်မိုးရာသီတွင်ပြန်လည်ဖြစ် ပေါ်မည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံထားမှုများအလဟဿဖြစ်လိမ့်မည်ဖြစ်သည်။ နည်းပညာပြန်လည်သုံးသပ်ချက်အရ ဒီဇိုင်း ပိုင်းတွင် ရှိရင်းစွဲခြေကျင်လမ်း၏သဘာဝပတ်ဝန်းကျင်ရှုထောင့်များကို စဉ်းစားခဲ့သင့်ကြောင်းနှင့် အလုပ်မစမီ သဘာဝ ပတ်ဝန်းကျင်စစ်ဆေးမှုရလဒ်များကိုပါ ထည့်သွင်းခဲ့သင့်ကြောင်း အစီရင်ခံသည်။ ECoP ပုံစံများတွင် မြေပြိုမှုများနှင့် ယင်းတို့ကိုလျှော့ချနိုင်ခြေရှိမည့်လုပ်ဆောင်မှုများပါဝင်သော်လည်း နောက်ဆုံးထွက်လာသည့်ဒီဇိုင်းတွင် ၎င်းတို့မပါဝင် ခဲ့ပေ။ အကျိုးဆက်အားဖြင့် စီမံကိန်းလုပ်ငန်းခွဲသည် သဘာဝပတ်ဝန်းကျင် အကာအကွယ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ အတိုင်းအကောင်အထည်ဖော်မှုများနှင့် မကိုက်ညီခဲ့ဟု စဉ်းစားသုံးသပ်သည်။

---

[4] ၎င်းကို ကျေးလက်ဖွံ့ဖြိုးဦးစီးဌာနကငှားရမ်းသည့် အတိုင်ပင်ခံတစ်ဦးဖြင့်ဆောင်ရွက်ခဲ့ပြီး ၎င်းက ပထမနှစ်အတွင်းအကောင် အထည် ဖော်သည့် စီမံကိန်းလုပ်ငန်းခွဲနမူနာတချို့၏ နည်းပညာပိုင်းအရည်အသွေးကို စစ်ဆေးခဲ့သည်။ ကန်ပက်လက်၊ နမ့်ဆန်နှင့် ကျွန်းစုမြို့နယ်များရှိ ပထမနှစ်စီမံကိန်းလုပ်ငန်းခွဲများ၏ ကိုးရာခိုင်နှုန်းကို စစ်ဆေးခဲ့ပြီး အဓိကစီမံကိန်းလုပ်ငန်းခွဲကြီးတစ်ခုချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲများလည်းပါဝင်သည်။ စစ်ဆေးခံ စီမံကိန်းလုပ်ငန်းခွဲများစာရင်းကို နောက်ဆက်တွဲ (၅) တွင်ဖော်ပြထားသည်။ စီမံကိန်းလုပ်ငန်းခွဲအရေအတွက်ပိုများအောင်နမူနာယူစစ်ဆေးမည့် နည်းပညာစစ်ဆေးရေးကို ၂၀၁၅ အတွက် ရေးဆွဲထားသည်။

၅၆။ ပထမနစ်အတွေ့အကြုံများကိုပြန်လေ့လာပြီးလျှင် အကောင်အထည်ဖော်ရေးလက်စွဲကို တည်းဖြတ်သုတ် သင်ခဲ့ရာ သဘာဝပတ်ဝန်းကျင်ကာကွယ်မှုနှင့် သက်ဆိုင်သည့်အောက်ပါအပြောင်းအလဲများကိုပြုလုပ်ခဲ့ပါသည်။

၅၇။ စီမံကိန်းအတွက်အကျုံးမဝင်သည့်စာရင်းထဲသို့ နောက်ထပ်သုံးချက်ထည့်သွင်းခဲ့ရာ ယင်းတို့မှာ (၁) ဆည်များအားငွေကြေးထောက်ပံ့ခြင်း (၂) မည်သည့်အရေးပါသည့်စားကျက်မြေများအတွင်း၌မဆို၊ လက်ရှိရှိရင်းစွဲ သို့ မဟုတ် အဆိုပြုထိန်းသိမ်းရေးဇရိယာအတွင်း၌မဆို လမ်းဖောက်လုပ် ခြင်း သို့မဟုတ် ပြန်လည်တည်ဆောက်ခြင်း၊ (၃) အရေးပါသည့်စားကျက်မြေများ၊ အထူးသစ်တောထိန်းသိမ်းရေးမြေ၊ ထိန်းသိမ်းရေးဇရိယာများ သို့မဟုတ် ထိန်းသိမ်း ရေး အတွက် အဆိုပြုထားသည့် ဇရိယာများအတွင်းရှိ အဆောက်အအုံများဆောက်လုပ်ခြင်း သို့မဟုတ် ရှိရင်းစွဲ အဆောက်အအုံများကို တိုးချဲ့ခြင်း တို့ဖြစ်သည်။ အကျုံးမဝင်သည့်စီမံကိန်းများစာရင်းအရလည်း စီမံကိန်းတွင် အန္တရာယ်ရှိ ပစ္စည်းများနှင့် ပစ္စည်းကိရိယာများမသုံးစွဲရဟု သတ်မှတ်ထားသည်။ ယင်းတို့တွင် သံကြိုးတပ်လွှများ၊ ပိုးသတ်ဆေးများ၊ ပေါင်းမြက်သတ်ဆေး၊ ကျောက်ဂွမ်း (ကျောက်ဂွမ်းပါဝင်သည့်ပစ္စည်းများအပါအဝင်) သို့မဟုတ် ယဉ်ကျေးမှု ရင်းမြစ်နှင့် ဆိုင်သည့်အရာဝတ္ထုများ (အမျိုးသားအဆင့် သမိုင်းဝင်၊ သို့မဟုတ် ဘာသာရေးပစ္စည်းများ) အပါ အဝင် သဘာဝ ပတ်ဝန်းကျင်နှင့် အသက်မွေးဝမ်းကျောင်းမှုများကို ထိခိုက်စေနိုင်သည့် အခြားရင်းနှီးမြှုပ်နှံမှုများ ပါဝင် သည်။

၅၈။ အဆိုပါအချက်များကို ထင်ဟပ် ပေါ်လွင်သည့် ပုံစံအသစ်များကို နောက်ဆက်တွဲ များတွင် ဖော်ပြထားသည်။ ထို့ပြင် စီမံကိန်း လုပ်ငန်းခွဲ စစ်ဆေးရေးပုံစံမူဈော (PC10) တွင် စီမံကိန်းကြောင့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုများကို ဖော်ပြနိုင်မည့် အပိုင်းတစ်ခုကိုလည်းထည့်သွင်းထားသည်။

၅၉။ လုပ်ငန်းစက်ဝန်းသစ်မစမီ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နိုင်ငံခြားသား နည်းပညာအတိုင် ပင်ခံနှင့် ပြည်ထောင်စု နည်းပညာအကူအညီ အခြေခံအဆောက်အအုံကျွမ်းကျင်သူတို့သည် ပြည်ထောင်စုအဆင့်နှင့် မြို့နယ်အဆင့် ကျေးလက်ဦးစီးအင်ဂျင်နီယာများ၊ နည်းပညာအကူအညီ အခြေခံ အဆောက်အအုံ ကျွမ်းကျင်သူများ နှင့် လက်ထောက်နည်းပညာမှူးများအား (၁) အကာအကွယ်မူဝါဒများ (၂) နည်းပညာ လေ့လာ သင်ယူမှု (နည်းပညာ စစ်ဆေးမှု၊ ကျေးရွာအတွင်း တည်ဆောက်မှု/အိမ်နီးချင်းနိုင်ငံများမှ ဒီဇိုင်းတို့အပေါ်လေ့လာမှုများ၊ လူထု သင်တန်းများ) နှင့် (၃) ပြင်ဆင် တည်းဖြတ်ထားသည့် အကောင်အထည်ဖော်ရေး လက်စွဲတို့နှင့် ပတ်သက်ပြီး အကာအကွယ်ဆိုင်ရာ သင်တန်းများဖွင့်လှစ်သင်ကြားပေးခဲ့သည်။ (သင်တန်းများစာရင်းကို နောက်ဆွဲတွဲတွင်ရှုပါ။)

**တိုင်းရင်းသားလူမျိုးများ (မူဝါဒအမှတ် ၄.၁၀)**

၆၀။ လူမျိုးစုများ ပူးပေါင်းပါဝင်မှု လေ့လာခြင်း အပါအဝင် အားလုံးပါဝင်သော လူမှုဆန်း စစ်လေ့လာမှု (SA) တစ်ရပ်ကို ကျေးရွာစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်များ၏အစိတ်အပိုင်းတစ်ခုအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ပထမနစ်တွင် စီမံကိန်း မှ အကျိုးခံစားမည့်သူအများအပြားမှာ လူနည်းစုတိုင်းရင်းသားများဖြစ်သည်ကို

တွေ့ရပါသည်။ အောက်ပါ ဇယားသည် ပထမနှစ်အတွက်ရွေးချယ်ထားသည့် မြို့နယ်များအတွင်းတွေ့ရသော တိုင်းရင်းသား လူမျိုးစုများ စာရင်းနှင့် အကျိုးခံစား မည့်သူအရေအတွက်ကို ပြသထားသည့်ဇယားဖြစ်ပါသည်။

**ဇယား (၄)**

| Township | Population by ethnic group |
|---|---|
| Kyunsu | Bamar 129,956; Kayin 10,111; Gheko 1,500; Rongtu 673; Salon 460 |
| Namhsan | Palaung 6,614; Shan 2,323; Lisu 1,815; Bamar 647;others 225 |
| Kanpetlet | Dai (Yindu) 8,591; Chin 3,403; Oo-Pu 3,196; Ngom 1,875; Bamar 31; Lai 9; Gwete 7; Rakhine 5; Sentang 5; Zahnyet 1; |

၆၁။ လူမှု ဆန်းစစ်လေ့လာမှု၏ ရလဒ်များအရ လူနည်းစု တိုင်းရင်းသားများသည် လူထုဗဟိုပြုစီမံကိန်း NCDDP တွင် ပါဝင်ဆောင်ရွက်ကြ သလို ယင်းမှလည်း အကျိုးကျေးဇူးများ ရရှိသည်ကို တွေ့ရသည်။ လူမျိုးစု စာရင်း ကောက်ယူခြင်းကို ဆောင်ရွက်ရာတွင် ကျေးရွာအိမ်ထောင်စု အားလုံးနီးပါး၏ ပူးပေါင်းပါဝင်မှု ရခဲ့ပြီး လူနည်းစု တိုင်းရင်းသားများ အပေါ် မည်သည့်ခွဲခြားဆက် ဆံမှုမျိုးရှိသည်ဟူ၍ မကြားခဲ့ရပါ။ ၂၀၁၄ ဖွန်လနှင့် ဩဂုတ်လများ အတွင်း လူမှုစစ်ဆေးခြင်း (ကျေးရွာလူထုစစ်ဆေးပွဲ) များပြုလုပ်ခဲ့ရာတွင်လည်း လူနည်းစုတိုင်းရင်းသားများဘက်မှ မည်သည့် နစ်နာမှုမျိုး သို့မဟုတ် မကျေမနပ်တိုင်ကြား ချက်မျိုးကိုမျှ မတွေ့ရှိခဲ့ရပါ။

၆၂။ အကောင်အထည်ဖော်ရေး လက်စွဲမူရင်းအနှစ်ချုပ်ကို ရှမ်းဘာသာစကားသို့ပြန်ဆိုခဲ့ပြီး စီမံကိန်းပိုစတာများနှင့် အကောင်အထည်ဖော်ရေး လက်စွဲတို့ကိုလည်း ပလောင်၊ ဟားခါးချင်းနှင့် အခြားချင်းဘာသာများသို့ ပြန်ဆိုခဲ့ပါသည်။ စီမံကိန်း လုပ်မည့်မြို့နယ်အတွင်း တိုင်းရင်းသားလူမျိုးစုံနေထိုင်သည့်အပြင် အများအပြားမှာ ကိုယ်ပိုင်စာအရေးအသား မရှိသဖြင့် စီမံကိန်းဆိုင်ရာ ဘာသာပြန်ဆိုမှုအားလုံးမှာ အခက်အခဲ အတော်ရှိခဲ့ပါသည်။ ထို့ပြင် အစိုးရကျောင်းများ၌ ဗမာဘာသာဖြင့်သာ သင်ကြားသဖြင့်) တိုင်းရင်းသားအတော်များများမှာ ၎င်းတို့နေထိုင်ရာဒေသမှာပင်လျှင် ၎င်းတို့စာ ကို ၎င်းတို့ မရေးတတ်ကြသလို ကိုယ်ပိုင် စာရေးတတ် ဖတ်တတ်သူများမှာတော့ ဗမာစာလည်း တတ်ကြသည်ကိုတွေ့ရ သည်။ စီမံကိန်းဆိုင်ရာ စာရွက်စတမ်းများကို တိုင်းရင်းသား ဘာသာများသို့ မှန်ကန်စွာ ပြန်ဆိုရေး မှာလည်း အခက်အခဲ ရှိခဲ့သည်။ အကြောင်းမှာ တိုင်းရင်းသား စကားအတော်များများတွင် စီမံကိန်း စာရွက်စာတမ်းများပါ အတွေးအခေါ်အယူ အဆအသစ်၊ အသုံးအနှုန်း အသစ်များကို ချိုင်မိအောင် ဖော်ပြမည့် ဝေါဟာရ မရှိ၍ ဖြစ်သည်။ မူလ လူထုဗဟိုပြုစီမံကိန်း NCDDP အတွက်လည်း စာရွက်စာတမ်းနှင့် ပုံစံအပြောက်အများကို ရေးသားခဲ့ရသဖြင့် ၎င်းတို့အားလုံးကို တိုင်းရင်းသား ဘာသာ စကားများသို့ ပြန်ဆိုရာတွင် အခက်အခဲများနှင့်သာ ပိုမိုကြုံတွေ့ခဲ့ရသည်။

၆၃။ အထက်ပါဘာသာ ပြန်ဆိုမှုပြဿနာများကိုဖြေရှင်းရန်အတွက် အောက်ပါတို့ကိုရှေ့ဆက်ဆောင်ရွက်ရန် သဘော တူညီခဲ့ပြီး ဖြစ်သည်။

(က) ဒေသသုံးဘာသာစကားသို့ပြန်ဆိုမည့် အဓိကစာရွက်စာတမ်းများစာရင်းကို ကျေးလက်ဦးစီးဦးစီးဌာနက ပြုစုရမည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ လူနည်းစုတိုင်းရင်းသားများ၊ အသုံးပြုသည့် ဘာသာစကားများနှင့် ဘာသာပြန်ဆိုရန် ဖြစ်နိုင်ခြေရှိမရှိ/အဆင်ပြေနိုင်ခြေရှိမရှိကို မြို့နယ် အကြံပေးအဖွဲ့၏ အကူအညီဖြင့် သက်ဆိုင်ရာ မြို့နယ်က သတ်မှတ်ဆုံးဖြတ်ရမည်။ ဘာသာပြန်ဆိုမည့် အဓိက စာရွက်စာတမ်းများတွင် ယခု ESMF ပါဝင်မည်ဖြစ်ပြီး အတည်ပြု ပြီးသော ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအစီအမံများ အပြင် ဆန္ဒအလျောက်လ ုပ္ဒါန်းကြောင်းပုံစံ နှင့်အတူ ပြန်လည်နေရာချ ထားရေးအစီအစဉ် (RAP) အကျဉ်း၊ သို့မဟုတ် RAP ပြုလုပ်ရန်လိုအပ်သည့်နေရာများတွင် RAP အပြည့်အစုံတို့ကို လည်း ထည့်သွင်းနိုင်သည်။ ယင်းစာရင်းများကို အဓိကပါဝင်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးပြီးမှ ရေးသားပြုစု ရန် သဘောတူညီပြီးဖြစ်သည်။ ကျေးလက်/ဦးစီးဌာနသည် ထပ်တိုး ငွေကြေး အထောက်အပံ့ အတွက် ကျင်းပမည့် အကာအကွယ်ပေးရေးအစည်းအဝေးများတွင် တက်ရောက်လာသူများ၏ ဝေဖန်အကြံပြုချက်များကို ရယူမည်ဖြစ်ပြီး မည်သည့် စာရွက် စာတမ်း များကို ဘာသာပြန်ဆိုသင့်သည်ကို သဘောတူညီမှု ရယူမည်ဖြစ်သည်။

(ခ) တိုင်းရင်းသားများထဲမှ အကျိုးခံစားမည့်သူများ/ ထိခိုက်မှုရှိမည့်သူများ အနေဖြင့် စီမံကိန်း ပြုလုပ်ရသည့် အကြောင်းရင်းနှင့် သဘာဝပတ်ဝန်းကျင်မထိခိုက်အောင်၊ လူမှုဘဝများ မထိခိုက်အောင် လုပ်ရသည့်ချဉ်းကပ်မှုများ စသည်တို့ကိုနားလည်ရေးအတွက်လည်း ဆက်လက်ပြီး အလေးထားမည် ဖြစ်သည်။ မူလလူထုဗဟိုပြုစီမံကိန်းမှရသည့် အတွေ့ အကြုံအရ အထိအခိုက် နည်းပါးရေး စည်းမျဉ်းများအကြောင်းအပါအဝင် စီမံကိန်း၏ချဉ်းကပ်လုပ်ဆောင်မှု များနှင့် ပတ် သက်ပြီး လူနည်းစု တိုင်းရင်းသားများအား မျက်မြင် အကူပစ္စည်းများ သုံးပြီး နှုတ်ဖြင့် ရှင်းလင်း တင်ပြခြင်းက အဓိပ္ပာယ် အရှိဆုံးနှင့် လက်တွေ့အကျဆုံးနည်းလမ်းဖြစ်သည်ဟု တွေ့ရှိရသည်။ စီမံကိန်း ပထမ စက်ဝန်းတွင် လူထုစည်းရုံးရေး မှူးများနှင့် လက်ထောက်နည်းပညာမှူးများထဲတွင် သက်ဆိုင်ရာ မြို့နယ်ရှိ ဒေသသုံးဘာသာ စကားကို ပြောဆိုနိုင်သူ များကို ထည့်သွင်းခဲ့သည်။ ယင်းမှာ စီမံကိန်းကြောင့်အကျိုးခံစားမည့်သူများရော ထိခိုက်နစ်နာမည့်သူများပါ ယခု ထိခိုက်မှု ကာကွယ်ရေး စည်းမျဉ်းများကို နားလည်မှုရှိအောင် လုပ်ဆောင်ရာ၌ အသုံးတည့်ကြောင်း တွေ့ရသည်။ ရှေ့ ဆက်ဆောင်ရွက်ရာတွင် အဓိက ဘာသာစကား အားလုံးဖြင့် မျက်မြင်အကူ ပစ္စည်းများ ပိုမိုပြုလုပ်ရန်၊ သို့မှသာ တိုင်းရင်း သားများအနေဖြင့် စီမံကိန်းပါ အကာအကွယ် ပေးရေး စည်းမျဉ်းများကို နားလည်နိုင်စေရန် ဆက်လက်အားထုတ်သွား မည်ဖြစ်ပါသည်။

**အတင်းအကျပ်ပြန်လည်နေရာချထားမှု (မူဝါဒအမှတ် ၄.၁၂)**

၆၄။ ယခု သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုမူဘောင် (ESSAF) သည် မြို့နယ်တစ်ခုချင်းစီ၌ ပထမ စီမံကိန်း စက်ဝန်း ကာလအတွင်း ကျေးရွာလူထု၏ သဘောဆန္ဒမပါဘဲ မြေယာများသိမ်းယူခြင်း (နှင့် ပစ္စည်းဥစ္စာများ ဆုံးရှုံး ခြင်း) တို့ကိုဖြစ်စေမည့် မည်သည့်စီမံကိန်းလုပ်ငန်းခွဲကိုမဆို တားမြစ်ခြင်းအပါအဝင် ကမ္ဘာ့ဘဏ်၏ မူဝါဒအမှတ် ၄.၁၂ ကိုလိုက်နာစေမည့် နည်းလမ်းများကိုပေးထားသည်။

၆၅။ အောက်ပါဇယားတွင် မြင်ရသည့်အတိုင်း ပထမစက်ဝန်းအတွင်း ဆိုးကျိုးခံစားခဲ့ရသည့် အိမ်ထောင်စုအနည်း အကျဉ်းသာ ရှိပါသည်။ ထို့ပြင် ထိုအိမ်ထောင်စုအားလုံးတို့သည်လည်း ၎င်းတို့ပိုင်မြေကြီး/ပိုင်ဆိုင်မှုတို့ကို ကြည်ဖြူစွာ ဖြင့် ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။ နည်းပညာစစ်ဆေးခြင်း (ဩဂုတ်လ ၂၀၁၄) နှင့် လူမှုစစ်ဆေးခြင်းများ (ဇွန် မှ ဩဂုတ် ၂၀၁၄) အရ ထိခိုက်ခံစားခဲ့ရသည့်အိမ်ထောင်စုအားလုံးတို့သည် အားလုံးကိုကြေညက်စွာ သိရှိနားလည်ပြီးမှ ၎င်းတို့သဘောထားဆန္ဒဖြင့်သာ ၎င်းတို့ပိုင်မြေကြီး/ပိုင်ဆိုင်မှုတို့ကို လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ယင်းအတွက် မကျေနပ်မှု တစ်စုံတစ်ရာမရှိခဲ့ပါ။ ၂၀၁၄ ဇူလိုင်လအတွင်းဆောင်ရွက်ခဲ့သည့် အကောင်အထည်ဖော်မှုအထောက်အကူပြုလေ့လာ စုံစမ်းမှုများအရ ESSAF နှင့်အားလုံးကိုက်ညီမှုရှိသည်ကိုတွေ့ခဲ့ပြီး ထိခိုက်ခံလူအားလုံးတို့ကလည်း ၎င်းတို့ပိုင် မြေကြီး သို့မဟုတ် ပိုင်ဆိုင်မှုများကို ကြည်ကြည်ဖြူဖြူလှူဒါန်းခဲ့ကြောင်းကို အတည်ပြုနိုင်ခဲ့ပါသည်။ ချုံကြည့်ရလျှင် သဘောတူ ညီမှုဖြင့်လှူဒါန်းမှုပုံစံစာရွက်များကို မှန်မှန်ကန်ကန်ပြင်ဆင်ရေးဆွဲခဲ့ပြီး ထိခိုက်ခံပြည်သူများက လက်မှတ်ထိုးခဲ့ကြပါ သည်။ သို့ရာတွင် အချို့သောဒေသဖြစ်ရပ်များ၌ (ပိုင်ဆိုင်မှုများကို သဘောတူညီမှုဖြင့်လှူဒါန်းခဲ့သော်လည်း) လှူဒါန်းရန် သဘောတူကြောင်းပုံစံများရော သဘောမတူကြောင်းပုံစံ စာရွက်များကိုပါ ပြင်ဆင်ခဲ့ရပါသည်။ ပထမစက် ဝန်းပြီးနောက်ထွက်ရှိလာသည့် အကြံပြုချက်တစ်ခုမှာ ကာကွယ်ရေးလုပ်ငန်းနှင့်ဆိုင်သည့် မှတ်တမ်းတင်သည့်ကိစ္စ မှာရော ကာကွယ်ရေးလုပ်ငန်းစဉ်များမှာပါ လက်ထောက်နည်းပညာမှူးများနှင့် လူထုစည်းရုံးရေးမှူးများ၏ ဗဟုသုတ အကြားအမြင်ပိုကျယ်အောင်ဆောင်ရွက်ရန်ဖြစ်ပါသည်။ ယင်းသည် ဒုတိယစက်ဝန်းဆီသို့ ရှေ့ဆက်သည့်အခါ ရပ်ရွာ အသိုင်းအဝိုင်းများက အလျှော့အတင်းလုပ်ထားသည့်စာရင်းတစ်ခုပြုလုပ်မည်ဖြစ်သဖြင့် အထူးအရေးကြီးသည်။ စီမံ ကိန်းလုပ်ငန်းခွဲများနှင့်ဆက်စပ်နေသည့် အကာအကွယ်လုပ်ငန်းဆိုင်ရာအရဲစွန့်လုပ်ရနိုင်ခြေများကို လျှော့ချနိုင်ရန် အတွက် သုတ်သင်တည်းဖြတ်ထားသည့် အကောင်အထည်ဖော်ရေးလက်စွဲတွင် စီမံကိန်းလုပ်ငန်းခွဲများအတွက် အမြင့်ဆုံးဘတ်ဂျက်ကို ကျပ်သိန်း ၁၁၀ (ဒေါ်လာ ၁၁၀,၀၀၀ ခန့်) ဟုသတ်မှတ်ထည့်သွင်းထားပြီး ကျပ်သိန်း ၄၀ (ဒေါ် လာ ၄၀,၀၀၀ ခန့်) ကိုကျော်သည့် စီမံကိန်းလုပ်ငန်းခွဲများအနေဖြင့် ပြည်ထောင်စုအဆင့် ကျေးလက်ဦးစီးထံမှ သဘောတူညီမှုရရှိရန်နှင့် ကမ္ဘာ့ဘဏ်ထံမှကန့်ကွက်မှုလုံးဝမရှိစေရန် သတ်မှတ်ထားပါသည်။ ဆုံးရှုံးနိုင်ခြေပိုများသည့် စီမံကိန်းလုပ်ငန်းခွဲများအတွက် စောင့်ကြည့်ကြီးကြပ်ရန်ခွင့်ပြုထားပါသည်။

**ဇယား (၅)**

| Township | Number of subprojects with land contribution | Number of affected HHs | Number of HHs requested for compensation |
|---|---|---|---|
| Kyunsu | 6 | 6 | 0 |
| Namhsan | 11 | 22 | 0 |
| Kanpetlet | 7 | 41 | 0 |

၆၆။ ပထမစက်ဝန်း အကောင်အထည်ဖော်စဉ်အတွင်း တွေ့ရှိခဲ့သည့်ပြဿနာများကို ကိုင်တွယ်ရန်အလို့ငှာ ဖြည့် စွက်ရန်ပုံငွေအောက်တွင် အောက်ပါတို့ကိုဆောင်ရွက်ပါမည်။

၆၇။ **အကာအကွယ်သင်တန်းများကို အဓိကကျသည့် မြို့နယ်များမှ ကျေးလက်ဦးစီးကျေးလက်ဦးစီးဝန်ထမ်းများ၊ လူထုစည်းရုံး ရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများအား ပေးသွားမည်ဖြစ်သည်။** ယင်းသည် လူထုဆန္ဒမပါဘဲ မြေယာ များရယူရာ၌ အကာအကွယ်ဆိုင်ရာ မှတ်တမ်းတင်ခြင်းနှင့် အကာအကွယ်ကိစ္စများဆောင်ရွက်မှုနှင့်ဆိုင်သည့် ၎င်းတို့၏ အသိဗဟုသုတတိုးပွားစေမည်ဖြစ်ပါသည်။ အထူးအားဖြင့် စီမံကိန်းကြောင့်အကျိုးသက်ရောက်မှုများအပေါ် ခန့်မှန်းတွက်ချက်ခြင်း၊ ၎င်းတို့အတွက်အစားထိုးတန်ဖိုးများသတ်မှတ်ခြင်းဆိုင်ရာ အကြားအမြင်နှင့် ကျွမ်းကျင်မှုတို့ တိုးတက်စေမည်ဖြစ်သည်။

၆၈။ **စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်စဉ်အတွင်း ဖြေရှင်းပေးရန်ကျန်ရှိနေသည့် လူမှုအကျိုး သက်ရောက်မှုများကို လျင်လျင်မြန်မြန်တွေ့ရှိပြီး နည်းမှန်လမ်းမှန်ဖြေရှင်းဆောင်ရွက်နိုင်စေရေးအတွက် နည်းပညာ စစ်ဆေးမှုများနှင့် လူမှုစစ်ဆေးမှုများကို ပိုမိုတိုးတက်ကောင်းမွန်အောင်အားဖြည့်ပေးရမည်ဖြစ်သည်။** ထိခိုက်နိုင်ဖွယ်ရှိ သည့် လူအများ၏ အကာအကွယ်ယူမှုစည်းမျဉ်းများအကြောင်းသိရှိထားမှုကိုလည်း တိုးတက်အောင်လုပ်ပေးရမည် ဖြစ်သည်။ (အဓိက တိုင်းရင်းသားဘာသာစကားများအပါအဝင်) မျက်မြင်ထောက်ကူပစ္စည်းများကိုလည်း အားလုံး ပါဝင်မှုရှိသည့် လူမှုဆန်းစစ်လေ့လာမှုအရ မိတ်ဆက်အသုံးပြု မည်ဖြစ်သည်။

**စီမံကိန်းနှင့်ပတ်သက်ပြီး ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးစနစ် (GHM) နှင့် လူမှုစစ်ဆေးမှုတွေ့ရှိချက်များဆိုင်ရာ အတွေ့အကြုံ**

၆၉။ မူလလူထုဗဟိုပြုစီမံကိန်းအရ ESSAF ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးစနစ် (GHM) တစ်ခုကို ချမှတ်ခဲ့သည်။ ယင်းစနစ်အကြောင်းအသေးစိတ်ကို အကောင်အထည်ဖော်ရေးလက်စွဲတွင် ဖော်ပြထားပြီး အကျဉ်းချုပ်ကို ယခု သဘာပတ်ဝန်း ကျင်နှင့်လူမှုဆိုင်ရာ စီမံခန့်ခွဲမှုမူဘောင်၏ အပိုင်း (ည) တွင် ပေးထားပါသည်။

၇၀။ ပထမနစ်ပတ်လည်စက်ဝန်းအတွင်း ဝေဖန်အကြံပြုတိုင်ကြားမှုပေါင်း ၃၁၈ ခုကို လက်ခံရရှိခဲ့ပါသည်။ ယင်းတို့အနက် ၂၇၀ မှာစီမံကိန်းနှင့်သက်ဆိုင်ပြီး အကျုံးဝင်သမျှဝေဖန်အကြံပြုတိုင်ကြားမှုပေါင်း၏ ၉၇ ရာခိုင်နှုန်းကို ဖြေရှင်းပေးနိုင်ခဲ့ပါသည်။ ဝေဖန်အကြံပြုတိုင်ကြားချက်များကိုကြည့်လျှင် တိုင်ပင်ဆွေးနွေးသည့်စနစ်ညံ့ဖျင်းချက်များ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၏ စီမံကန်းစီမံခန့်ခွဲမှုအပေါ် ရှိသည့်သံသယများ၊ ဘဏ္ဍာရေးနှင့် ဝယ်ယူ ဖြည့်တင်းရေးကိစ္စရပ်များ၊ ကျေးရွာကော်မတီဝင်များ၏ရိုးသားမှုနှင့်ဆိုင်သည့် မကျေနပ်ချက်များ စသည်တို့အများဆုံး ပါဝင်ပါသည်။ တိုင်ကြားချက်ပေါင်း၏ ၈၉% ကို ကျေးရွာလူထုကတိုင်ကြားပြီး ကျန်တိုင်ကြားချက်များကို မြို့နယ် ကျေးလက်ဦးစီး နှင့် အကြံပေးအဖွဲ့ ဝန်ထမ်းများထံမှ ရရှိပါသည်။ တိုင်ကြားမှု ပေါင်း၏ ၆၄% ကို မြို့နယ် အဆင့်တွင် ကိုင်တွယ်ပြီး သုံးပုံတစ်ပုံကို ပြည်ထောင်စု အဆင့်က ကိုင်တွယ် ဖြေရှင်း ပေးသည်။ ၇၆% ကိုစာဖြင့်ရေးသား တိုင်ကြားခြင်းဖြစ်ပြီး ပုံစံစာရွက်များ၊ လိပ်မူထားသည့်စာအိတ်များနှင့် စီမံကိန်းဝင် ကျေးရွာတိုင်းတွင် ချထားပေးသည့် စာတိုက်ပုံးများအသုံးပြုပြီး ပေးပို့ခြင်းဖြစ်ပါသည်။

၇၁။ စီမံကိန်း ဝေဖန်အကြံပြု တိုင်ကြားမှုဖြေရှင်းရေး စနစ်နှင့်ဆိုင်သည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အခြေခံများကို ယခု တည်ထောင်ပြီး ဖြစ်သဖြင့် ဖြည့်စွက်ရန်ပုံငွေ ခေါင်းစဉ်ဖြင့် ကျေးလက်ဦးစီးဦးစီးဌာန၏ ဗဟိုနှင့် မြို့နယ်အဆင့် ဌာနခွဲများ၏ အဆင်ပြေအောင်ဖြေရှင်းပေးနိုင်စွမ်းကို တိုးတက်အောင် ဆက်လက် အားထုတ် သွားမည် ဖြစ်သည်။ ထို့ပြင် တိုင်ကြားသူများနေဖြင့် ဖြေရှင်းချက်အပေါ် ကျေနပ်သလား သို့မဟုတ် ၎င်းတို့၏တိုင်ကြားချက်များ ပိုမို အားကောင်း ခိုင်မာစေမည့် နောက်ထပ်အချက်အလက်များရှိသေးသလား ဆိုသည်ကိုဆုံးဖြတ်ရန် မလွယ်ကူသည့် ပြည်သူများအား လူထုစည်းရုံးရေးမှူးများက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

၇၂။ လူမှုစစ်ဆေးမှုများကို ESSAF တွင်ပါသည့်အတိုင်း ၂၀၁၄ ဇွန်နှင့်ဩဂုတ်လအကြား ဆောင်ရွက်ခဲ့သည်။ စုစုပေါင်း လူမှုစစ်ဆေးမှု အစည်းအဝေး ၁၄၃ ခုကို ပထမစီမံကိန်းစက်ဝန်းပါ မြို့နယ်သုံးမြို့နယ်စလုံးရှိ ကျေးရွာအုပ်စု ၆၉ ခုစလုံးတွင် ကျင်းပခဲ့သည်။ လူမှုစစ်ဆေးမှုဆိုင်ရာ လက်စွဲတစ်ခုကို ပြည်ထောင်စုအဆင့် ကျေးလက် ဦးစီးက ပြုလုပ်ပေးခဲ့ပြီး လူထုစည်းရုံးရေးမှူးများအား လူမှုစစ်ဆေးမှုများမတိုင်မီ သင်တန်းများ ပို့ချပေးခဲ့သည်။

၇၃။ ခြုံကြည့်လျှင် လူမှုစစ်ဆေးမှုဝင်ပြီးသည့်အခါ လူထုဗဟိုပြုစီမံကိန်းတွင် ပါဝင်သည့် ကျေးရွာလူထု အများစုကြီး အနေဖြင့် စီမံကိန်း အရဆောင်ရွက်သည့် လုပ်ငန်းစဉ်များ၊ ပေါ်ထွက်ရလဒ်များအပေါ် အပြုသဘော အကဲဖြတ်ပေးခဲ့ကြ ပါသည်။ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ သို့မဟုတ် လူမှုဘဝဆိုင်ရာ မည့်သည့်ပြဿနာရပ်ကိုမျှ လူမှုစစ်ဆေးမှုတွင် မတွေ့ရှိခဲ့ပါ။ အများဆုံး ပေးခဲ့သောမှတ်ချက်များမှာ

(က) ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ထံမှ ယခုထက်အကူအညီပိုရရန်လိုအပ်သည်

(ခ) အစည်းအဝေးအကြိမ်အရေအတွက်လျှော့ချသင့်သည် သို့မဟုတ် အစည်းအဝေးခေါ်ယူမှုကို ရွာသားများ ၏ နေ့စဉ်အလုပ်ချိန်များအတွင်းဝင်အောင် လုပ်သင့်သည်

(ဂ) ရွာသူရွာသားများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဘဝဆိုင်ရာအသိဗဟုသုတ တိုးပွားအောင် လုပ်ပေးသင့်သည်။

(ဃ) ဝေဖန်အကြံပြုတိုင်းကြားဖြေရှင်းရေးစနစ်အကြောင်း ရွာသူရွာသားများကို ပိုပြီး သင်တန်း ပေးသင့်သည်။

(င) တိုင်ကြားချက်များကိုဖြေရှင်းသည့်လုပ်ငန်းစဉ်ကို ပိုပြီးအရှိန်မြှင့်သည်

(စ) ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးစနစ်တွင် ရွာသားများပါဝင်မှု ယခုထက် ပိုများအောင် လုပ်သင့်သည်။

၇၄။ လူမှုဆန်းစစ်ချက်အရ ကျွန်းစုမြို့နယ်တွင် တိုင်ကြားချက်ပေါင်း ၄၈ ခုရှိခဲ့ပြီး ယင်းအနက် ၈၀ ရာခိုင်နှုန်းကို ဖြေရှင်းပေးနိုင်ခဲ့သည်။ ဖြေရှင်းရန်ကျန်ရှိသေးသည့်တိုင်ကြားချက်များမှာ ကော်မတီဝင်များပြန်လည်တင်မြှောက်ရန် ကိစ္စ၊ အသုံးစရိတ် တက်လာခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပိုပြီးပွင့်လင်းမြင်သာမှုရှိရန်တောင်းဆိုမှုများ၊ ကော်မတီ ဝင်များ၏ ပိုပြီး တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရန်တောင်းဆိုမှုများ စသည်တို့ကြောင့် နောင့်နှေးရခြင်းဖြစ်သည်။

၇၅။ လူမှုစစ်ဆေးခြင်းများကို စီမံကိန်းပါမြို့နယ်အားလုံးတွင် တစ်နှစ်တစ်ကြိမ်ထပ်မံလုပ်ဆောင်မည်ဖြစ်သည်။ ထိုသို့လုပ်ရာတွင် ယမန်နှစ်မှသင်ခန်းစာများကိုလည်း ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။ အထူးသဖြင့် အောက်ပါ ပြဿနာရပ်များကို ပိုပြီးရှင်းရှင်းလင်းလင်း ဖြေရှင်းနိုင်ရန်အတွက် လူမှုစစ်ဆေးမှုများကို ပိုကောင်းအောင်ဆောင်ရွက် ပါမည်။

(က) ဝေဖန်အကြံပြုဖြေရှင်းရေးစနစ်၏ကောင်းမွန်မှုနှင့် ဖြေရှင်းရန်ကျန်သည့်တိုင်တန်းချက်များ (ရှိခဲ့ပါက) ကို ပိုပြီးတိတိကျကျ မသွယ်မဝိုက်ရှာဖွေသင့်သည်။ မိုးရာသီစတော့မည်ဖြစ်သဖြင့် လူမှုစစ်ဆေးခြင်းကို တက်သုတ် ရိုက်လုပ်ဆောင်ခဲ့ရသဖြင့် ဝေဖန်အကြံပြု တိုင်တန်းမှုနှင့် ဆိုင်သည့် ကိစ္စများကို ကျွန်းစုမြို့နယ်တစ်ခုတွင်သာ တက် တက်ကြွကြွ ရှာဖွေလုပ်ဆောင်နိုင်ခဲ့သည်။ ရှေ့လျှောက်တွင် လူမှုစစ်ဆေးမှုများလုပ်သည့်အခါ ပါဝင်ဆောင်ရွက်သူများ အား ဖြေရှင်းရေး စနစ် ကိစ္စရပ်များ အပေါ် ဆွေးနွေးရန်တွန်းအားပေးမည်ဖြစ်သည်။

(ခ) လူမှုစစ်ဆေးမှုများသည် ESMF မူဘောင်ကိုလိုက်နာရေးကိစ္စအပေါ် ပိုပြီးတိုက်ရိုက်ကျကျ ကိုင်တွယ် လုပ်ကိုင်သင့်သည်။ အချိန်အခက်အခဲကြောင့် စီမံကိန်းလုပ်ငန်းစဉ်များနှင့် ရလဒ်များကို လူထုကကျေနပ်မှုရှိမရှိ အပေါ်မှာသာ လူမှုစစ်ဆေးမှုများက ပိုမိုအာရုံစိုက်ခဲ့သည်။ အနာဂတ်တွင်မူ ESMF မူဘောင်ကိုလိုက်နာမှုရှိမရှိကို ပိုပြီး တိုက်ရိုက်ကျကျ လေ့လာနိုင်ရန် လူမှုစစ်ဆေးမှုများကို ပုံစံရေးဆွဲမည်ဖြစ်ပါသည်။

**ဆ။ သဘာဝပတ်ဝန်းကျင်နှင့်လူမှုထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များဖြေရှင်းနိုင်မည့်နည်းလမ်းများ**

၇၆။ ယခု ESMF သည် ကမ္ဘာ့ဘဏ်ကချမှတ်ထားသော အကာအကွယ်ပေးရေးဆိုင်ရာ မူဝါဒများနှင့်အညီ လူထုဗဟိုပြုစီမံကိန်းကို ဆက်လက် အကောင်အထည်ဖော်ရာတွင် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာရေရှည် တည်တံ့ ခိုင်မြဲမှု ရှိစေရေးအတွက် ယေဘုယျသည့်မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ် ပေးသည်။ ESSAF ပါ ပြဋ္ဌာန်းချက်များနှင့် ယခု ESMF ပါပြဋ္ဌာန်းချက်များ အတူတူပင်ဖြစ်သော်လည်း ပထမ စက်ဝန်း အတွေ့အကြုံအပေါ် အခြေခံကာ ပြဋ္ဌာန်းချက်အသစ်များကိုလည်း ထည့်သွင်းထားပါသည်။ ESSAF နည်းတူပင် ယခု ESMF သည် အောက်ပါတို့အောင်မြင်ပြီးမြောက်စေရန်ရည်ရွယ်ပါသည်။

(က) သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများကို အနည်းဆုံးအထိ လျှော့ချရန်၊

(ခ) သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်ဆိုင်ရာ ကောင်းကျိုးများကို ဖြစ်နိုင်သည့်အခါတိုင်း တိုးပွား စေရန်

(ဂ) တိုင်းရင်းသားလူနည်းစုများနှင့် အကျိုးရှိစွာတိုင်ပင်ဆွေးနွေးပြီး ၎င်းတို့အနေဖြင့် ယဉ်ကျေးမှုနှင့် ကိုက်ညီ သောပုံစံအားဖြင့် အကျိုးကျေးဇူးများရရှိခံစားရမှုရှိစေရန်၊

(ဃ) စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သော အသက်မွေးဝမ်းကျောင်းအလုပ်များ ဆုံးရှုံး နစ်နာမှုများ မဖြစ် အောင်ကာကွယ်ပေးရန်နှင့် မရှောင်လွှဲနိုင်ပါက လျော့ပါး သက်သာရေးဆောင်ရွက်ပေးရန်၊

(င) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စွမ်းဆောင်ရည်များတိုးတက်လာစေပြီး လူထုနှင့် လက်တွဲပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင် ထိခိုက်နစ်နာမှုများကို ဖြေရှင်း ပေးနိုင်စေရန်၊

၇၇။ မူဝါဒအမှတ် ၄.၁၀ အရလိုအပ်သည့် လူမှုဆန်းစစ်ချက်များအားလုံးနှင့် တိုင်းရင်းသားများအား လွတ်လွတ် လပ်လပ် ကြိုတင် အသိပေးတိုင်ပင်ညှိနှိုင်းမှုများရှိစေရေး ချဉ်းကပ်မှုများသည် လူမှုဆန်းစစ်ချက် (SA) တွင် ပါဝင်ပြီး ယခု ESMF တွင်ဖော်ပြထားသည်။ ပုဂ္ဂလိကပိုင်ဆိုင်မှုများ ဆုံးရှုံးနစ်နာမှုလျော့ပါးသက်သာစေရေးလုပ်ငန်းစဉ်များနှင့် မူဝါဒများနှင့် ပတ်သက်ပြီး ယခုမူဘောင်တွင် မူဝါဒအမှတ် ၄.၁၂ (အတင်းအကျပ်နေရာပြန်လည်ချထားမှု) နှင့် ကိုက်ညီအောင် ရေးဆွဲထားပါသည်။ မူလ လူထုဗဟိုပြုစီမံကိန်းပါချဉ်းကပ်မှုနှင့်ကိုက်ညီစေရန်အတွက် တိုင်းရင်းသား လူမျိုးစုငယ် များ ဆိုင်ရာ သီးခြားအစီအစဉ်နှင့် ပြန်လည်နေရာချထားရေးမူဝါဒမူဘောင်များကို ရေးဆွဲမည်မဟုတ်ပါ။

**အဓိကလုပ်ငန်းအဆင့်များ**

**အဆင့် (၁) စီမံကိန်းလုပ်ငန်းခွဲများ ဖော်ထုတ်ခြင်း**

၇၈။ ကျေးရွာအဆင့်တွင် လူထုပါဝင်သော လူမှုဆန်းစစ်ချက် (SA)၊ လူမျိုးစု စစ်ဆေးမှုနှင့် ဦးစားပေးလိုအပ်ချက် များဖော်ထုတ်ခြင်း - လူထုစည်းရုံးရေးမှူးများ၏ ပံ့ပိုးမှုဖြင့် အကျိုးခံစားရမည့် ကျေးရွာများတွင် ကျေးရွာအစည်းအဝေး များ စဉ်ဆက်မပြတ် ပြုလုပ်ပြီး လူမှုဆန်းစစ်ချက်များကိုအခြေခံ၍ ရွာသူရွာသားများအနေဖြင့် ဦးစားပေးလိုအပ်ချက်များ ဖော်ထုတ်ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များပြုစုခြင်း၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ အတွက် ကျေးရွာ စေတနာ့ဝန်ထမ်းများနှင့် ကိုယ်စားလှယ်များ တင်မြှောက်ခြင်းကို ဆောင်ရွက်ပါသည်။ လူထုပါဝင်သော လူမှုဆန်းစစ်ချက်များတွင် စီမံကိန်းဧရိယာအတွင်း တိုင်းရင်းသားလူမျိုးများ ရှိမရှိကိုလည်းဆန်းစစ်ပါသည်။ အကယ်၍ ရှိနေပါက ၎င်းတို့၏လူမှုစီးပွားအခြေအနေများ၊ရပ်ရွာအသိုင်းအဝိုင်းအတွင်း ဆုံးဖြတ်ချက်ချမှတ်သည့်ကိစ္စများတွင် ၎င်းတို့ ပါဝင်နိုင်မှု အဆင့်နှင့် စီမံကိန်းလုပ်ငန်းများအပေါ် ၎င်းတို့အမြင်များကို ဆန်းစစ်ပါသည်။ တိုင်းရင်းသားလူမျိုးစု များနှင့် လွတ်လွတ်လပ်လပ်၊ တင်ကူးအသိပေးတိုင်ပင်မှုများပြုလုပ်ပြီး ၎င်းတို့၏အားပေးထောက်ခံမှုကို ရယူမည်ဖြစ်ပါ သည်။

၇၉။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်များအရ ဦးစားပေးလိုအပ်ချက်များကို ခိုင်မာအောင်ပြုလုပ်ခြင်း - ကျေးရွာ အုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီသည် ဦးစားပေးလုပ်ငန်းများပါဝင်သော ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီ အစဉ် များအဖြစ်သို့ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို စုစည်း သွားမည်ဖြစ်သည်။ ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အစီအစဉ်များ အတွက် ကြိုတင်အသိပေးပြီး လွတ်လပ်သောအကြံပေးမှုများ၊ စုစည်းထားသော ဦးစားပေး အစီအစဉ်များ၊ စီမံကိန်း လုပ်ငန်းခွဲများကို တိုင်းရင်းသား လူမျိုးစုငယ်များအပါအဝင် ကျေးရွာလူထုနှင့် ဆွေးနွေး တိုင်ပင် ရွေးချယ်ပါသည်။

၈၀။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်များကို ထောက်ခံအတည်ပြုခြင်း - မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီသည် ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အစီအစဉ်များကို လက်ရှိဖွံ့ဖြိုးရေး စီမံကိန်းများ၊ သိရှိထားသော အထောက်အပံ့အစီအစဉ်များနှင့် တိုက်ဆိုင်စစ်ဆေးပြီး အတည်ပြုပေးပါမည်။ အတည်ပြုလိုက်သည့် အစီအစဉ်များကို ဒေသ ဘာသာစကားဖြင့် ပြန်ဆိုပြီး ကျေးရွာအုပ်စုရုံးများ၊ ရွာသူရွာသားများ လက်လှမ်းမီမည့် အခြား သင့်လျော်မည့် နေရာများတွင် ထားရှိပေးပါသည်။ စာအရေးအသား စနစ် မရှိခြင်းကြောင့်ဖြစ်စေ၊ တခြားသော နည်းပညာပိုင်းအရ ခိုင်မာသည့်အကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ဒေသသုံး ဘာသာစကားများသို့ ပြန်ဆိုရန်ခက်ခဲပါက အနည်းဆုံး အတည်ပြုပြီးသား စီမံကိန်းလုပ်ငန်းခွဲများအပါအဝင် အတည်ပြုပြီးသော ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အစီအစဉ် အနှစ်ချုပ်ကို လက်ကမ်းစာစောင်၊ ပိုစတာ သို့မဟုတ် အသိပေးကြော်ငြာပစ္စည်းတစ်ခုခုတွင် ဖော်ပြကာ ကျေးရွာအတွင်းနှင့် ကျေးရွာအုပ်စုရုံးများရှိ ကြော်ငြာသင်ပုန်းများတွင် ကပ်ထားရမည်။

၈၁။ မကျေနပ်ချက်များကိုင်တွယ်ဖြေရှင်းခြင်း - ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီသည် မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ အတည်ပြုချက်ရသည်နှင့် ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အစီ အစဉ်ကို ကျေးရွာသူကျေးရွာသားများအား အသိပေးသွားမည်ဖြစ်ပါသည်။ ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အစီအစဉ်များတွင် ပါဝင်သော ဦးစားပေးအစီအစဉ်များအပေါ် မြို့နယ်စီမံကိန်း ရေးဆွဲရေးနှင့်

အကောင်အထည် ဖော်ရေး ကော်မတီက သဘောမတူညီမှုတစ်စုံတစ်ရာရှိပါက ကျေးရွာ စီမံကိန်း အထောက်အကူပြု ကော်မတီ သည် ဦးစားပေး အစီအစဉ်များကို ပြန်လည်ဆန်းစစ်ပြီး ပြင်ဆင် တည်းဖြတ်ထားသည့် အစီအစဉ်ကို မြို့နယ်အဆင့်သို့ တင်ပြပြီး အတည်ပြုချက် ရယူပါ မည်။

၈၂။ <u>ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်များ ပြင်ဆင်ခြင်း</u> - ရွာသားများ၊ သက်ဆိုင် ရာ ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီတို့သည် ဖွံ့ဖြိုးရေးအစီအစဉ်များကို နှစ်စဉ် ပြန်လည် သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်မည်ဖြစ်သည်။ အကြီးစား ပြင်ဆင်မှုများရှိခဲ့ပါက မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည် ဖော်ရေးကော်မတီက ထောက်ခံပေးမည် ဖြစ်သည်။ ပြင်ဆင်သည့် အကြိမ်တိုင်းတွင် လွတ်လပ်ပြီး ကြိုတင်အသိပေး ထားသည့် တိုင်ပင်ညှိနှိုင်းပွဲများကို အကျိုးခံစားမည့်ရပ်ရွာအသိုင်းအဝိုင်းများ၊ တိုင်းရင်းသား လူမျိုးများနှင့် ပြုလုပ်သွား ခြင်းဖြင့် ပြင်ဆင်လိုက်သည့်အစီအစဉ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှု ရအောင် လုပ်သွားမည်ဖြစ်သည်။

**အဆင့် (၂) ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝထိခိုက်နိုင်မှုများ ဆန်းစစ်လေ့လာခြင်းနှင့် အကာ အကွယ်အစီအစဉ်များ စဉ်းစားဆုံးဖြတ်ခြင်း။**

၈၃။ <u>အကာအကွယ်အစီအစဉ်များဆန်းစစ်ခြင်း</u> - ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာ များသည် ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ လူထု စည်းရုံးရေးမှူး များနှင့် လက်ထောက်နည်းပညာမှူးများ၏ အကူအညီဖြင့် စီမံကိန်းအကောင်အထည်ဖော်ရေးလက်စွဲပါ ဆန်းစစ်လေ့လာခြင်း ပုံစံကိုအသုံးပြု၍ အသေးစိတ်ဒီဇိုင်းများတစ်စိတ်တစ်ဒေသအဖြစ် သဘာဝပတ်ဝန်းကျင်နှင့် လူမှု ဆန်းစစ်ချက်များကို ပြုလုပ်သွားမည်ဖြစ်ပါသည်။

၈၄။ <u>ပထမနှစ်တွင် အကျုံးဝင်သော စာရင်းတွင် ပါဝင်သော မြို့နယ်များတွင် စီမံကိန်း အကောင်အထည် ဖော်သည့် ပထမနှစ်တွင်</u> အဆိုပြု စီမံကိန်း လုပ်ငန်းခွဲများ၏ ဘောင်ဝင်မှုအပေါ် အတည်ပြုခြင်းကို ဆန်းစစ်ချက်က အဓိကထား ပါသည်။ ပထမနှစ်အတွက် အကျုံးဝင်သည့် စီမံကိန်း လုပ်ငန်းခွဲပါ လုပ်ငန်းများအတွက် ဖြစ်လျှင် အဆိုပါ စီမံကိန်းလုပ်ငန်း ခွဲများ (ဇယား -၄) မှ ပေါ်ပေါက်လာဖွယ်ရှိသောအကျိုးသက်ရောက်မှုများ လျှော့နည်း စေရန် အတွက် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ် (ECoP) ကိုအသုံးပြုပါသည်။

၈၅။ စီမံကိန်းဒုတိယနှစ်နှင့် နောက်ပိုင်းနှစ်များတွင် အကျုံးဝင်သောလုပ်ငန်းများအတွက် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ဆန်းစစ်လေ့လာမှုများသည် အောက်ဖော်ပြပါနယ်ပယ် လေးခုကို အဓိကထားစဉ်းစားသည် -

(က) Open Menu အပေါ်မူတည်၍ အဆိုပြုစီမံကိန်းလုပ်ငန်းခွဲများသည် ငွေကြေး ထောက်ပံ့ရန် အတွက် အကျုံးဝင်မှုရှိမရှိ၊

(ခ) ဆန်းစစ်ချက် ပုံစံကိုအသုံးပြုပြီး စီမံကိန်း လုပ်ငန်းခွဲများမှ ဖြစ်ပေါ် လာနိုင်သော အကျိုး သက်ရောက်မှု များကိုဆုံးဖြတ်ခြင်း၊

(ဂ) ပတ်ဝန်းကျင်ဆိုင်ရာ လုပ်နင်းစဉ်ကျင့်ဝတ် (၁) သို့မဟုတ် (၂) (Environmental Code of Practice (ECoP) No. 1 or No. 2) တို့တွင် ပါဝင်သည့် လုပ်ငန်းများသည် အလာအလာ ရှိသည့် ဆိုးကျိုးများ ကို လျော့ကျစေနိုင် ခြင်းရှိမရှိ အတည်ပြုပေးခြင်း၊

(ဃ) ECoP တွင်ဖော်ပြထားသော လုပ်ငန်းများအပြင် မည်သို့သော ဖြည့်စွက် လျော့ပါး သက်သာရေး အလုပ်အဆောင်များက ဆိုးကျိုးများကိုစီမံခန့်ခွဲနိုင်မည်ကို ဖော်ထုတ်ခြင်း။

၈၆။ သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု စီမံချက် - ECoP များတွင်ပါဝင်သောလုပ်ငန်းများအပြင် ထပ်မံ ဖြည့်စွက်ရမည့် ဆောင်ရွက်ချက် လုပ်ငန်းများရှိပါက အကာအကွယ် လက်နက် ကိရိယာ တစ်ခုအဖြစ် ရိုးရှင်းသော သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု စီမံချက် (EMP) တစ်ခုကို လိုအပ်မည် ဖြစ်သည်။ ယင်းစီမံချက်သည် ECoP ကို အသုံးပြုခြင်းဖြင့် လုံလုံလောက် လောက်ဖြေရှင်း၍မရနိုင်သည့် ဒေသအလိုက်ဆိုးကျိုးဖြစ်နိုင်ခြေများကို ဖော်ထုတ်မည် ဖြစ်ပြီး လျော့ပါး သက်သာမည့် နည်းလမ်းများကို မည်သည့် အချိန်တွင်၊ မည်သူက၊ မည်ကဲ့သို့ ဆောင်ရွက်မည်ကိုပါ ညွှန်ပြမည် ဖြစ်သည်။ ထို့ပြင် လိုအပ်သည့် စောင့်ကြည့် ကြီးကြပ်မှု ကိုလည်း အတိအကျသတ်မှတ်မည်ဖြစ်သည်။ ဥပမာအားဖြင့် ရိုးစင်းသည့် EMP တစ်ခုကို လမ်းဖောက်လုပ်ခြင်းအတွက် အသုံးပြုနိုင်သည်။ EMP နမူနာတစ်ခုကို စီမံကိန်း အကောင်အထည်ဖော်ရေး လက်စွဲတွင် ဖော်ပြထားသည်။

၈၇။ လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများသည် လိုအပ်သောနည်းပညာပိုင်းဆိုင်ရာများကို ပံ့ပိုး ပေးသွားမည်ဖြစ်ရာ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီဝင်များအနေဖြင့် စီမံကိန်းအကောင် အထည် ဖော်ရေးလက်စွဲနှင့် ယခု သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်ပါ အချက်များနှင့်အညီ ကာ ကွယ်ဆန်းစစ်လေ့လာခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အတည်ပြုပြီးသော ဆန်းစစ်လေ့လာခြင်း ဆိုင်ရာ အချက်အလက်များကို ဒေသသုံးဘာသာစကားဖြင့်ပြုစုပြီး အသေးစိတ်စီမံကိန်းဒီဇိုင်းများကို စီမံကိန်းစာရင်းပါ ရွာသူ ရွာသားများ ဖတ်ရှုနိုင်အောင် တင်ပြပေးမည်ဖြစ်သည်။ ထို့ပြင် ကျေးရွာ အကောင်အထည်ဖော်ရေး ကော်မတီများ ထံ ရွာသားများက မေးခွန်းများ၊ ၎င်းတို့စိုးရိမ်သည့်အချက်များကို တင်ပြခွင့်ပေးမည်ဖြစ်သည်။

၈၈။ အကယ်၍ အကာအကွယ်ဆန်းစစ်လေ့လာရာတွင် အချို့သောအသေးစားအကျိုးသက်ရောက်မှုများကို ရှောင်လွှဲမရနိုင်ဟုတွေ့ရှိခဲ့ပါက ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီများအနေဖြင့် အဆိုပါအကျိုးသက် ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းမည့်နည်းလမ်းများကို ရှာဖွေရမည်။ သစ်ပင်၊ ခြံစည်းရိုး သို့မဟုတ် လူမနေသည့် တခြားသောအဆောက်အအုံများ သို့မဟုတ် ပုဂ္ဂလိကပိုင်မြေနေရာအနည်းအကျဉ်းရယူမှု စသည်တို့ထက်ပိုသည့် မည်

သည့်အကြီးစားအကျိုးသက်ရောက်မှုမျိုးကိုမျှ မျှော်လင့်မထားပါ။ ပုဂ္ဂလိကပိုင်ပစ္စည်းများဆုံးရှုံးနစ်နာမှုများအတွက် (၁) ကြည်ဖြူစွာလှူဒါန်းခြင်းနည်း သို့မဟုတ် (၂) အစားထိုးသုံးစွဲစရိတ်များအတွက် လျော်ကြေးပေးခြင်းနည်း နှစ်နည်း အနက်မှ တစ်နည်းနည်းဖြင့်ဖြေရှင်းနိုင်သည်။ ကမ္ဘာ့ဘဏ်မှပေးအပ်သောငွေကြေးကိုသုံးစွဲပြီး လျော်ကြေးပေးအပ်ခွင့် မရှိပါ။

၈၉။ ဆန္ဒအလျောက်လှူဒါန်းခြင်း- လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းခွဲတစ်ခုကြောင့် အကျိုးခံစားရမည့်သူများသည် ၎င်းတို့ပိုင်မြေကြီး သို့မဟုတ် ပိုင်ဆိုင်မှုများကို လျော်ကြေးမယူဘဲလှူဒါန်းခွင့်ကို ဆက်လက်ခွင့်ပြုပေးသွားမည်ဖြစ် သည်။ ဆန္ဒအလျောက်လှူဒါန်းရာတွင် မိမိတို့၏အသက်မွေးမှုများအပေါ် သိသိသာသာ သို့မဟုတ် ကာလရှည် မထိခိုက်စေဘဲ စီမံကိန်းအကျိုးဆက်အများစုကိုဖြေရှင်းနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ အောက်ဖော်ပြပါ နည်းလမ်း များဖြင့် ပုဂ္ဂလိကပိုင်ပစ္စည်းများ ဆန္ဒအလျောက်လှူဒါန်းခြင်းကို စီမံခန့်ခွဲမည်ဖြစ်ပါသည်။

- ဆန္ဒအလျောက် လှူဒါန်းခြင်းသည် သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ စိတ်သဘောဆန္ဒဖြင့်ဆောင်ရွက်ခြင်းဖြစ်ပြီး ဖိအားပေး စေခိုင်းခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း၊ သို့တည်းမဟုတ် ထိုသို့မဖြစ်မနေပြုလုပ်ရန် လိုအပ်သည်ဟု ထင်မြင် လာအောင် ပြုလုပ်ကာ လှူဒါန်းစေခြင်းမျိုး မဖြစ်ရပါ။
- ဆန္ဒအလျောက် လှူဒါန်းခြင်းသည် စီမံကိန်းလုပ်ငန်းများကို မူလသတ်မှတ်ထားသောနေရာထက် အခြား နေရာတစ်ခုတွင် အကောင်အထည်ဖော်ရန်အတွက် နည်းပညာပိုင်းအရ ဖြစ်နိုင်မှသာလျှင် ထိုသို့လှူဒါန်းရန် ခွင့်ပြုပါသည်။ စီမံကိန်းလုပ်ငန်းခွဲ၏သဘောသဘာဝအရ ထိုနေရာမှတစ်ပါးတခြားမဖြစ်နိုင်ပါက ထိုမြေကို ရယူခြင်းကို ဆန္ဒအလျောက်လှူဒါန်းခြင်းဟု မသတ်မှတ်နိုင်ဘဲ အာဏာသုံးခြင်းသာဖြစ်ပါလိမ့်မည်။ ဤကဲ့သို့ သောအခြေအနေမျိုးတွင် ပြန်လည်နေရာချထားရေးလုပ်ငန်းအစီအစဉ် (RAP) ကို အကျဉ်းဖြစ်စေ၊ အကျယ် ဖြစ်စေ ရေးဆွဲရမည်။
- အောက်ဖော်ပြပါအချက်များနှင့်ကိုက်ညီသည့် အသေးစားအကျိုးသက်ရောက်မှုများအတွက်သာ ဆန္ဒ အလျောက်လှူဒါန်းခြင်းကိုခွင့်ပြုပါသည်။
    - မြေ သို့မဟုတ် ပိုင်ဆိုင်သည့်ပစ္စည်းကိုလှူဒါန်းသည့်အိမ်ထောင်စုသည် စီမံကိန်းလုပ်ငန်းခွဲ၏ တိုက် ရိုက်အကျိုးခံစားသူများဖြစ်ခြင်း။
    - ထိခိုက်ခံရသည့်အိမ်ထောင်စုပိုင် စိုက်ပျိုးထုတ်လုပ်မြေစုစုပေါင်းပမာဏသည် စတုရန်းမီတာ ၃၀၀ ကျော်ခြင်း။
    - အကျိုးသက်ရောက်မှုသည် လှူဒါန်းသောအိမ်ထောင်စု၏ စုစုပေါင်းထုတ်လုပ်နိုင်စွမ်းအား၏ ၅% အောက်မှာသာရှိခြင်း။
    - မည်သူတစ်ဦးတစ်ယောက်မျှ နေရာရွှေ့ပြောင်းပေးရန်မလိုခြင်း။
- ထိခိုက်ခံစားရသူများ အနေဖြင့် မြေ သို့မဟုတ် အခြားပိုင်ဆိုင်မှုများကို မလှူဒါန်းဘဲနေခွင့်ရှိကြောင်း သို့မဟုတ် အစားထိုး ကုန်ကျစရိတ် ပြန်လည်ရယူခံစားခွင် ့ရှိကြောင်း နှင့် မလှူဒါန်းလိုကြောင်း

၎င်းတို့၏ဆန္ဒကို ဖော်ထုတ်နိုင်မည့် ဝေဖန်အကြံပြု တိုင်ကြားမှု ဖြေရှင်းရေးစနစ်တစ်ခုကိုလည်း ၎င်းတို့အတွက်စီစဉ်ပေးထား ကြောင်းကို အပြည့်အဝ အသိပေးထားရမည်။ မေးခွန်းများဖြစ်စေ စူးစမ်းလိုသည်များဖြစ်စေရှိပါက နှုတ်ဖြင့် ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ဝေဖန်အကြံပြု တိုင်ကြားမှု ဖြေရှင်းရေး စနစ်ကို အသုံးပြုရန် ၎င်းတို့အား တိုက်တွန်းထား ပါသည်။ တိုင်ကြားသူများကို ကာကွယ်ပေးထားသည့် လုပ်ဆောင်မှုများကိုလည်း လုံလောက်အောင် စီစဉ်ပေး ထားမည် ဖြစ်ပါသည်။

- ထိခိုက်ခံစားရသူများအနေဖြင့် လျော်ကြေးရယူခွင့်ရှိသော်လည်း ထိုသို့သိရှိပြီးမှသာ ဆန္ဒအလျောက် လွတ်လပ်စွာဖြင့် မိမိတို့ပိုင် မြေ သို့မဟုတ် တခြားပိုင်ဆိုင်မှုများကို လျော်ကြေးမယူဘဲ လှူဒါန်းခြင်းဖြစ်ကြောင်း လူထုစည်းရုံးရေးမှူးများ၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၏ ကျေးရွာကိုယ်စား လှယ်များနှင့် ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီတို့က မျက်နာစုံညီအစည်းအဝေးများမှတစ်ဆင့် အတည်ပြုချက်ရယူထားပါမည်။ ယခု သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင်ပါ ဆန္ဒ အလျောက်လှူဒါန်းခြင်းအတွက် အခြေအနေသတ်မှတ်ချက်များအားလုံးနှင့်ကိုက်ညီကြောင်း အတည်ပြုချက် အပါအဝင် အဆိုပါအစည်းအဝေး၏အစည်းအဝေးမှတ်တမ်းကို ကာယကံရှင်လက်မှတ်ထိုးထားသည့် ဆန္ဒ အလျောက်လှူဒါန်းခြင်းကြေညာပုံစံတွင် ပူးတွဲထားရမည်။
- လှူဒါန်းသူ၏စိတ်ဆန္ဒကို စာဖြင့်ရေးသားအတည်ပြုပြီးသည့်အခါ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြု ကော်မတီသည် ဆန္ဒအလျောက်လှူဒါန်းကြောင်းကြေညာလွှာပုံစံကိုပြုစုရမည်။ သက်ဆိုင်ရာအိမ်ထောင်စု၏ ဇနီးခင်ပွန်းနှစ်ဦးစလုံးတို့ကို လူထုစည်းရုံးရေးမှူးများ၊ ကျေးရွာအဆင့် အကောင်အထည်ဖော်ရေးကော်မတီ တို့၏ရှေ့မှောက်တွင် မူရင်းနှစ်စောင်ပေါ်၌လက်မှတ်ရေးထိုးစေရမည်။
- ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီသည် လက်မှတ်ထိုးထားသည့် ဆန္ဒအလျောက်လှူဒါန်း ကြောင်းကြေညာလွှာပုံစံကို သုံးသပ်အတည်ပြုပေးကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ကပြန်လည်ကြည့်ရှုနိုင်ရန်အတွက် မူရင်းတစ်စောင်ကိုလက်ခံထားရှိရမည်။ ကျန်မူရင်းတစ် စောင်ကို သက်ဆိုင်ရာအိမ်ထောင်စုက လက်ခံသိမ်းဆည်းထားရမည်။
- လက်မှတ်ထိုးထားသည့် ဆန္ဒအလျောက်လှူဒါန်းကြောင်းကြေညာလွှာပုံစံ ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီက အတည်ပြုပြီးမှသာလျှင် ဆန္ဒအလျောက်လှူဒါန်းမှုများရှိသည့် စီမံကိန်း လုပ် ငန်းခွဲများကို စတင်အကောင်အထည်ဖော်ရမည်။
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအောက်ရှိ မြို့နယ်ရုံးခွဲများက နှစ်စဉ် လူမှုစစ်ဆေးမှုများဆောင် ရွက်ပြီး လှူဒါန်းထားသည့်ပုဂ္ဂိုလ်များ၏ သိရှိနားလည်သဘောတူညီမှုဟုတ်မဟုတ်ကို စိစစ်ရမည်။

၉၀။ အစားထိုး ကုန်ကျစရိတ်များအတွက် လျော်ကြေးပေးခြင်း - ထိခိုက်ခံစားရသူများသည် လျော်ကြေး မယူဘဲ ၎င်းတို့ပိုင် အရာများကို လှူဒါန်းလိုစိတ် မရှိပါက၊ သို့မဟုတ် ဆန္ဒအလျောက် လှူဒါန်းမှု အတွက် သတ်မှတ်ချက် ကို ကျော်လွန်၍ ထိခိုက်ခံစားရပါက ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးများ အကူအညီကိုရယူကာ ပြန်လည်နေရာချထားရေး လုပ်ငန်းအစီအစဉ် (RAP) အကျဉ်းကို ပြုစုမည် ဖြစ်သည်။ လုပ်ငန်း အစီအစဉ်အကျဉ်းနှင့်အကျယ် ပြင်ဆင်ခြင်းအတွက် အသေးစိတ်လုပ်ငန်းစဉ်များနှင့် လုပ်နည်း လုပ်ဟန်များ (အဆိုပါ လုပ်ငန်းအစီအစဉ်များ၏ မာတိကာများ၊ တိုင်ပင်ဆွေးနွေးမှုများနှင့် အသိပေးမှု ဆိုင်ရာ လိုအပ်ချက်များ အပါအဝင်) ကို စီမံကိန်းအကောင်အထည်ဖော်ရေးလက်စွဲတွင် ဖော်ပြထားသည်။ ထို့ပြင် ဆန္ဒ အလျောက် မြေလှူဒါန်းခြင်းနှင့် အတင်း အကျပ် မြေယာသိမ်းဆည်းခြင်း၊ မကျေနပ်ချက်များဖြေရှင်းခြင်းတို့အတွက် လုပ်ငန်းစဉ်များနှင့် လုပ်နည်းလုပ်ဟန်များ စသည်တို့ကို သုံးစွဲသမျှဘာသာစကားအားလုံးဖြင့် လက်ကမ်း စာစောင်တွင် အကျဉ်းချုပ် ရိုက်နှိပ်ကာ စီမံကိန်းတွင် ပါဝင်သည့် ကျေးရွာအားလုံးသို့ ဖြန့်ဖြူးပါသည်။

**အဆင့် (၃) အကာအကွယ်အစီအမံများဖော်ထုတ်ခြင်း**

၉၁။ အကာအကွယ် ဆန်းစစ် လေ့လာသည့်အခါ မြေသိမ်းယူခြင်းနှင့် ပုဂ္ဂလိကပိုင် ပစ္စည်းများ ဆုံးရှုံးရခြင်းတို့မှာ မလွှဲ မရှောင်သာ ဖြစ်ကြောင်းနှင့် ဆန္ဒအလျောက် လှူဒါန်းခြင်းလည်း မရှိကြောင်းတွေ့ရှိရပါက ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာပိုင်း အကြံဉာဏ်များ၊ လက်ထောက်နည်းပညာမှူးများ၏ အကူအညီတို့ကို ရယူကာ ပြန်လည်နေရာချထားရေး အစီအမံ တစ်ရပ် (RAP အကျဉ်း သို့မဟုတ် အကျယ် တစ်စောင်) ကို ရေးဆွဲမည် ဖြစ်သည်။ ကျေးရွာ ကိုယ်စားလှယ်များ ကိုလည်း အကာအကွယ်နှင့် သက်ဆိုင်သည့် လေ့ကျင့်သင်တန်းများပေးရမည်။ လူမှုဘဝနှင့် သဘာဝ ပတ်ဝန်းကျင် အကာအကွယ် များဆိုင်ရာ အခြေခံ လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို စီမံကိန်းကျေးရွာများရှိ ကြော်ငြာ သင်ပုန်း များတွင် ကပ်ထားရမည်။

၉၂။ စီမံကိန်း လုပ်ငန်းခွဲ စာရွက်စာတမ်းများနှင့် လက်တွေ့ အသုံးချ ပြန်လည် နေရာချထားရေး နည်းလမ်း များကို မူကြမ်းပြု စုပြီးသည့်အခါစီမံကိန်းကျေးရွာများမှကျေးရွာကိုယ်စားလှယ်များပါဝင်သော ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီဝင်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် လက်ထောက် နည်းပညာမှူးတို့ သည် သက်ဆိုင်ရာလုပ်ငန်းခွင်များသို့ကွင်းဆင်းသွားရောက်ပြီး ကျေးရွာ လုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီ နှင့် နေ့ဝက်ခန့် အကြံပေး ဆွေးနွေးခြင်းများ ဆောင်ရွက်ပါသည်။ အစည်းအဝေးတွင် စီမံကိန်းလုပ်ငန်းခွဲစာရွက်စာတမ်း မူချေအဆင့်ကို အသေးစိတ်ဒီဇိုင်းမူကြမ်းနှင့်အတူ တင်ပြ ပါသည်။ ကျေးရွာ လုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီ၏ အကြံပေးချက်များသည် အပြည့်အဝ အကာအကွယ် ပေးနိုင်ရန် သို့မဟုတ် လျော့ပါးသက်သာစေရန် ဖြစ်နိုင်ခြေ ရှိမရှိ၊ သက်ဆိုင်ရာလူထုနှင့် တိုင်းရင်းသား လူမျိုးစုများ ပါဝင်သည့် အကျိုးစီးပွားထိခိုက်နစ်နာမည့် အစုအဖွဲ့များ၏ လို အပ်ချက်များကို ဖြည့်ဆည်း

ပေးနိုင်ခြင်း ရှိမရှိ ဆိုသည့် အချက်များအပေါ် မူတည်ပြီး စဉ်းစားသုံးသပ် သွားပါမည်။ ကျေးရွာ အုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီသို့ အတည်ပြုချက် ရရန်တင်ပြသည့် စီမံကိန်း လုပ်ငန်းခွဲ စာရွက်စာတမ်းများ မူချောတွင် ရွာသားများ၏ အကြံပြုချက် ပါဝင်ပြီး အစည်းအဝေးရလဒ်များကို မှတ်တမ်းတင်ပြီး စီမံကိန်းဖိုင်တွင် တွဲထား ရမည်။

၉၃။ စီမံကိန်းလုပ်ငန်းခွဲများအတွက် ပြန်လည်နေရာချထားရေး နည်းလမ်းများကို ကျေးရွာအုပ်စု စီမံကိန်း အထောက် အကူပြု ကော်မတီက သုံးသပ်အတည်ပြုပြီး လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန လက်အောက်ရှိ ကြေးတိုင် နှင့် မြေစာရင်းဦးစီးဌာနက အကောင်အထည်မဖော်မီ အတည်ပြု ပေးသွားရမည် ဖြစ်သည်။ အတည်ပြု ပြီးသည် RAP အကျဉ်း နှင့် အပြည့်အစုံတို့ကို ဒေသသုံး ဘာသာစကားဖြင့် ပြုစုပြီး ကျေးရွာအုပ်စုရုံး များနှင့် စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်သည့်ကျေးရွာများတွင် ကျေးရွာ အတွင်းရှိ ရွာသူရွာသားများ လက်လှမ်းမီမည့် အခြားသင့်လျော် သည့်နေရာများတွင် ပြသထားရှိပေးရမည်။

၉၄။ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာကျင့်ဝတ် (ECoP) များသည် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည် ဖော်ရန်နှင့် စောင့်ကြည့်ကြီးကြပ်ရန် အသုံးပြုသည့် ပင်မသဘာဝ ပတ်ဝန်းကျင် အကာအကွယ်ပေးရေး နည်းလမ်းများ ဖြစ် သည်။ အကယ်၍ ECoP ပါပြဋ္ဌာန်းချက်များ ဘောင်ကို ကျော်လွန်ပြီး တိကျသည့် အန္တရာယ် လျှော့ချရေး လိုအပ်လာမည့် မူလက မပါသည့် အကျိုး သက်ရောက်မှုများ ရှိလာမည်ဟု မျှော်မှန်းပါက ရိုးစင်းသည့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီ အစဉ် (EMP) တစ်ခု လိုအပ်ပါမည်။ EMP သည် စောင့်ကြည့်ကြီးကြပ်မှုဆိုင်ရာ အညွှန်းကိန်းများနှင့် အဆိုပြုထားသည့် ဘေးအန္တရာယ် လျှော့ချရေး ဆောင်ရွက်ချက်များ၊ ထိုလုပ်ငန်းများ အကောင်အထည်ဖော်ရန် ခန့်မှန်း ကုန်ကျစရိတ်များကို လည်း ဖော်ပြ ထားမည် ဖြစ်သည် (EMP နမူနာပုံစံအတွက် နောက်ဆက်တွဲ ၃ ကိုကြည့်ပါ)။

## အဆင့် (၄) အကာအကွယ်အစီအမံများ အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ စောင့်ကြည့်ကြည့်ရှုခြင်းနှင့် အကဲဖြတ်ခြင်း

၉၅။ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီတစ်ခုစီသည် ယခု သဘာဝ ပတ်ဝန်းကျင်နှင့် လူမှု ဆိုင်ရာ စီမံခန့်ခွဲမှုမူဘောင်ပါ မူဝါဒများနှင့်လုပ်နည်းလုပ်ဟန်များနှင့်အညီ ဆန္ဒအလျောက် လှူဒါန်းကြောင်း ကြေညာလွှာ ပုံစံများ၊ အကျဉ်းချုပ် RAP နှင့် အပြည့်အစုံ၊ ပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်များ (ECoP)၊ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီ အစဉ်ပါဝင်သော စီမံကိန်း အကာအကွယ် အစီအမံများကို အကောင်အထည် ဖော်ရန် တာဝန်ရှိသည်။ ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြုကော်မတီသည် RAP အကျဉ်းချုပ် နှင့် RAP အပြည့်အစုံ အကောင်အထည် မဖော်ရသေးမီ သို့မဟုတ် သက်ဆိုင်ရာ အိမ်ထောင်စုများက လက်မှတ်ရေးထိုး ထားသည့် ဆန္ဒအလျောက် လှူဒါန်းကြောင်းကြေညာ လွှာပုံစံများကို သုံးသပ် အတည်မပြုရသေးမီတွင် မြေရယူခြင်း သို့မဟုတ် ပြန်လည် နေရာချထားခြင်း များကို လုံးဝမပြု လုပ်ရပါ။

၉၆။ ကျေးရွာစောင့်ကြည့်စစ်ဆေးရေး ဆပ်ကော်မတီများသည် လူထုစည်းရုံးရေးမှူးများ၊ ကျေးရွာစေတနာ့ဝန်ထမ်း တို့နှင့်အတူလက်တွဲပြီး ECoP (လိုအပ်ပါက EMP) အပါအဝင် ဆန္ဒအလျောက်

လူ့ဒါန်းကြောင်း ကြေညာလွှာ ပုံစံများနှင့် အကျဉ်းချုပ် RAP သို့မဟုတ် RAP အပြည့်အစုံတို့ အပါအဝင် အကာအကွယ်အစီအမံများ အကောင် အထည်ဖော်မှုကို စောင့်ကြည့် စစ်ဆေးရန် တာဝန်ရှိပါသည်။ ကျေးရွာစောင့်ကြည့်စစ်ဆေးရေး ကော်မတီသည် အကာ အကွယ် အစီအမံများ စနစ်တကျလိုက်နာပြီးဖြစ်ကြောင်း အတည်ပြုပြီးချိန်တွင် စီမံကိန်းလုပ်ငန်းခွဲများအကောင် အထည် ဖော်ရန် အသင့်ဖြစ်ကြောင်း ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီသို့ အသိပေးရမည်။ ဆန္ဒ အလျောက် မြေလှူဒါန်းခြင်း၊ ဆန္ဒမပါဘဲ မြေကိုရယူခြင်းသို့မဟုတ် ပိုင်ဆိုင်မှုဆုံးရှုံးခြင်းများပါဝင်သော စီမံကိန်း လုပ်ငန်းခွဲများ အကောင်အထည်ဖော်ရန်အတွက် ဤ အတည်ပြုချက်လိုအပ်ပါသည်။

၉၇။ စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်နေစဉ် အတွင်း ကျေးရွာစောင့်ကြည့်စစ်ဆေးရေး ဆပ်ကောမတီ များနှင့် လူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာမှူးများသည် ဖြစ်ပေါ်လာနိုင်သောဆိုးကျိုးများကို စောင့်ကြပ် ကြည့်ရှု ပေးရမည်။ လူထုစည်းရုံးရေးမှူးများသည် ကျေးရွာများသို့ပုံမှန်သွားရောက်ပြီး သတင်းအချက်အလက်များ စုဆောင်း ရမည်။ ရွာသားများဘက်က မိမိတို့မဖြေဆိုနိုင်သောမေးခွန်းများ၊ မကျေနပ်မှုများတင်ပြလာပါက ဝေဖန် အကြံပြု တိုင်ကြားမှုဖြေရှင်းရေး စနစ်နှင့်အညီ အဖြေရှာသွားရန် တိုက်တွန်းရမည်။

၉၈။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် အကြံပေးအဖွဲ့ များသည် လူမှု စစ်ဆေးမှု များကို နှစ်စဉ်ဆောင်ရွက်မည်ဖြစ်သည်။ လူမှုစစ်ဆေးမှုများပြုလုပ်ရန်အတွက် လူထုစည်းရုံးရေးမှူး များက ကျေးရွာ များ၌ လူထုအစည်းအဝေးများကို ဦးဆောင်ကျင်းပမည်ဖြစ်သည် (ဝေးလံသည့် ဒေသများတွင် ရွာအချင်းချင်းစုပေါင်း ကာ အာလုံးအဆင်ပြေမည့်တစ်နေရာ၌ တွေ့ဆုံစည်းဝေးနိုင်သည်)၊ ထို့ပြင် အစည်းအဝေး ကျင်းမည့်အကြောင်းကို လည်း ကြိုတင်အသိပေးကြေညာပြီး လူထုပါဝင်နိုင်မှုကို အမြင့်ဆုံး မြှင့်တင်နိုင်မည့် အချိန်နှင့် နေရာ တို့ကို ရွေးချယ်ကာ ကျင်းပ သွားမည်ဖြစ်သည်။ လူမှုစစ်ဆးမှု ပြုရသည့် ရည်ရွယ်ချက်မှာ တစ်နှစ်တာ အတွင်း ဖြစ်ပေါ် တိုးတက်ခဲ့မှုများ၊ ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အစီအစဉ်အတွက် ကုန်ကျ စရိတ်များ၊ နည်းပညာ စစ်ဆေးမှုနှင့် ငွေစာရင်း စစ်ဆေးမှု ရလဒ်များ၊ ရရှိသင်ခန်းစာများနှင့် အနာဂတ်တွင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်ပြီး ကျေးရွာအုပ်စုရှိ ဒေသခံပြည်သူ လူထုကို ပြန်လည်အသိပေးတင်ပြ ရန်နှင့် ကျေးရွာသူကျေးရွာသားများ၏ ထင်မြင်ချက်၊ ယူဆချက်များနားထောင်ရန် ဖြစ်သည်။ အစည်းအဝေးကို ကျေးရွာ စေတနာ့ ဝန်ထမ်းများ၊ လူထုစည်းရုံးရေးမှူးများ၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများနှင့် ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီဝင်များ တက်ရောက်ကြမည်ဖြစ်သည်။ ၎င်းအစည်းအဝေးသည် ပြဿနာများကို တင်ပြရန်၊ နစ်နာမှုများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်ပြီး ပြည်သူများ ကြုံတွေ့ရနိုင်သည့် ကိစ္စရပ်များအတွက် မကျေနပ်သံများကို နားထောင်ရန် ပြုလုပ်သည့် ပြည်သူ့ဖိုရမ်တစ်ခုပင်ဖြစ်သည်။ လူထုစည်းရုံးရေးမှူးသည် တင်ပြသည့် ကိစ္စရပ်များနှင့် နောက်ဆက်လာမည့် စက်ဝန်းတွင် မည်သို့ဖြေရှင်းမည် စသည် တို့ကိုမှတ်သားထားသည့် အစည်းအဝေး မှတ်တမ်းကိုပြုစုမည်ဖြစ်သည်။ ထိုအချက်အလက်များကို ပြင်ဆင်တည်းဖြတ် မည့် ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အစီအစဉ်တွင် ထည့်သွင်းကာ ကျေးလက်ဒေသ

ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ ဝင်းမှတ်တမ်းကို တင်ပြမှသာလျှင် နောက်နှစ်အတွက် လူထုသို့တိုက်ရိုက်ထောက်ပံ့ငွေကို လွှဲပြောင်းပေးမည်ဖြစ်သည်။

၉၉။ ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီက ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနသို့ လစဉ်ပေးပို့သည့် အစီရင်ခံစာတွင် ပတ်ဝန်းကျင်နှင့် လူမှုအကာအကွယ်များနှင့် စပ်လျဉ်းသော လုပ်ငန်းများ ကို အကျဉ်းချုပ် ဖော်ပြသွားည်ဖြစ်သည်။ ယင်းအစီရင်ခံစာတွင် အစီရင်ခံသည့် ကာလအတွင်း ဆောင်ရွက် ပြီးစီးခဲ့သော သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လျော့ပါးသက်သာရေးအစီအစဉ်၊ ဆန္ဒအလျောက် လှူဒါန်းခဲ့မှုများ၊ အကျဉ်းချုပ် RAP နှင့် RAP အပြည့်အစုံ (ဆီလျော်ပါက) တို့ကိုပါ အကျဉ်းချုပ်ဖော်ပြသွားမည်ဖြစ်သည်။

၁၀၀။ ကမ္ဘာ့ဘဏ် အနေဖြင့် အကာအကွယ်များဆန်းစစ်လေ့လာခြင်းပုံစံများ၊ သဘာဝပတ်ဝန်းကျင်းဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်၊ ဆန္ဒအလျောက်လှူဒါန်းခြင်း၊ RAPအကျဉ်း နှင့် RAP အပြည့်အစုံ၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်များ (ECoP) များ အသုံးချမှုများကို ကျပန်းစနစ်ဖြင့် ပြန်လှန်စစ်ဆေးပြီး ယခု ESMF နှင့် စီမံကိန်းနှင့်ဆိုင် သည့် အခြားသော လက်စွဲများပါ အချက်များနှင့်အညီ အကာအကွယ် အစီအမံများ လိုက်နာမှု ရှိမရှိကို စိစစ်ရန်အတွက် ကွင်းဆင်းစစ်ဆေးမည်ဖြစ်သည်။

**တိုင်းရင်းသားလူနည်းစုများ အပြည့်အဝပါဝင်နိုင်ရေး အထူးနည်းလမ်းများ**

၁၀၁။ တိုင်းရင်းသား လူနည်းစုများအနေဖြင့် စီမံကိန်း အကောင်အထည်ဖော်မှုတွင် အပြည့်အဝ ပါဝင် ဆောင်ရွက်နိုင်မှု မရှိခြင်းနှင့် စီမံကိန်းမှ အကျိုးကျေးဇူး မခံစားရခြင်းတို့ကို အတတ်နိုင်ဆုံးလျှော့ချရန်အတွက် အောက်ပါ နည်းလမ်းများကို လူထုဗဟိုပြုစီမံကိန်းက အသုံးပြုသွားပါမည်။

- စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက်လုံး လူထုစည်းရုံးရေးမှူးများကို ကူညီမည့် ကျေးရွာ စေတနာ့ဝန်ထမ်းများရွေးချယ်ရာတွင် တိုင်းရင်းသားလူမျိုးစုငယ်များပါဝင်နိုင်အောင် ဆောင်ရွက် ခြင်း။
- လူထုစည်းရုံးရေးမှူးများ/လက်ထောက်နည်းပညာမှူးများအား လူမျိုး၊ ဘာသာနှင့် ဘေးဖယ်ထုတ်မှုဆိုင်ရာ ကိစ္စရပ်များကိုဂရုစိုက်မှုမြင့်မားလာစေရန် လေ့ကျင့်သင်ကြားပေးခြင်း
- ကျေးရွာနှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်များနှင့်ပတ်သက်ပြီး တိုင်းရင်းသားလူမျိုးစုငယ်များအား လွတ် လပ်သော ကြိုတင်အသိပေးညှိနှိုင်းမှုများဆောင်ရွက်ခြင်း
- ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီက ဆုံးဖြတ်ချက်ချမှတ်ရာတွင် တိုင်းရင်းသားလူနည်းစု များပါဝင်နိုင်အောင်ဆောင်ရွက်ခြင်း
- လုပ်ငန်းအရည်အသွေး စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကျိုးစီးပွားဆန်းစစ်လေ့လာမှုများပြုလုပ်ရာတွင် ဆိုင် ရာအသိုင်းအဝိုင်း၏သဘောသဘာဝအခြေအနေနှင့် တိုင်းရင်းသားလူမျိုးများ၊ အမျိုးသမီးများနှင့် အထိခိုက် အခံရနိုင်ဆုံးသောပုဂ္ဂိုလ်များအပေါ် အထူးဂရုပြုအာရုံစိုက်ပြီးလျှင် ပင်မအစုဖွဲ့ဆွေးနွေးပွဲများနှင့် အဓိကကျ သော အချက်အလက်ရယူမှုအင်တာဗျူးများကိုအသုံးပြုခြင်း

- စီမံကိန်းအကြောင်းသတင်းထုတ်ပြန်ရာတွင် ဒေသသုံးဘာသာစကားများဖြင့်ပါ ဖော်ပြခြင်း

၁၀၂။ ယင်းနည်းလမ်းများကို စီမံကိန်းအကောင်အထည်ဖော်ရေးလက်စွဲတွင် ဖော်ပြထားသည်။

**အမျိုးသမီးများအပြည့်အဝပါဝင်နိုင်မှုရှိစေရေး အထူးနည်းလမ်းများ**

၁၀၃။ ယင်းအတွက် လေ့ကျင့်သင်ကြားပေးထားသည့် လူထုစည်းရုံးရေးမှူးများနှင့် ကျေးရွာစေတနာ့ဝန်ထမ်းများက အမျိုးသမီးများနှင့် အမျိုးသားများကို သီးခြားစီခွဲကာ အစည်းအဝေးများပြုလုပ်ပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် ၎င်းတို့တင်ပြလိုသည့် လိုအပ်ချက်များနှင့် ဦးစားပေးလုပ်ရန်များကို မေးမြန်းဖော်ထုတ်ကာ စီမံကိန်း အချက်အလက် စနစ်အတွင်း မှတ်တမ်းတင်သိမ်းဆည်းထားသည့်နည်းကို လူထုဗဟိုပြုစီမံကိန်းက ဆက်လုပ်အသုံးပြုသွားပါမည်။ တူညီသောအလုပ်တိုင်းအတွက် အမျိုးသားနှင့်အမျိုးသမီး တန်းတူလုပ်ခရရှိပါမည်။ ထို့ပြင် စီမံကိန်းလုပ်ငန်းခွဲတစ်ခုစီ အတွက် သဘာဝပတ်ဝန်းကျင်နှင့်လူမှုဘဝအကာအကွယ်များကို ဆန်းစစ်ရာတွင်လည်း ကျားမအခန်းကဏ္ဍကို ထည့် သွင်းပါမည်။ စီမံကိန်းလုပ်ငန်းခွဲများအတွက်လုပ်သည့် အကာအကွယ်အစီအမံများတွင် ကျားမအခန်းကဏ္ဍသုံးသပ် ချက်ပါဝင်မည်ဖြစ်ပြီး ကျားမကွဲပြားမှုအတွက် တိတိကျကျဆောင်ရွက်ရမည်များကိုလည်း အဆိုပြုထားပါသည်။ လူထု စည်းရုံးရေးမှူးများနှင့် ကျေးရွာစေတနာ့ဝန်ထမ်းများအနေဖြင့်လည်း အမျိုးသမီးများ၏ပါဝင်မှုကိုကန့်သတ်ခြင်းများ မရှိ ကြောင်းနှင့် အမျိုးသမီးများသည်လည်း ကျေးရွာအဆင့် အကောင်အထည်ဖော်ရေးကော်မတီများနှင့် ဆပ်ကော်မတီ အသီးသီးတွင် ကိုယ်စားပြုပါဝင်မှုရှိကြောင်းကို ဂရုတစိုက်စစ်ဆေးရမည်ဖြစ်သည်။ ကော်မတီဝင်များ၏ ၅၀ ရာခိုင်နှုန်း သည် အမျိုးသမီးများဖြစ်ရမည်ဟု သတ်မှတ်ထားပါသည်။

**၈။ အဖွဲ့အစည်း ဆန်းစစ်လေ့လာခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း**

၁၀၄။ စွမ်းဓောင်ရည်မြှင့်တင်ပေးရန်အတွက် ဆန်းစစ်မှုပြုလုပ်ခြင်းကို ကနဦး နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ အထောက်အပံ့ပြင်ဆင်သည့်ကာလအတွင်း ဆောင်ရွက်ခဲ့ပြီး ပထမလူထုစက်ဝန်းအပြီးတွင် ထပ်မံပြုလုပ်ခဲ့ပါသည်။ ရလဒ်များကို ဇယား (၇) တွင် ဖော်ပြထားပါသည်။

၁၀၅။ အထက်တွင်တွေ့ရသည့် စွမ်းဆောင်ရည်အခက်အခဲများကိုဖြေရှင်းရန်အတွက် လူထုဗဟိုပြုစီမံကိန်းသည် စွမ်းဆောင်ရည်တိုးတက်ရေးကိုအဆင့်တိုင်းတွင် အကြီးအကျယ်ရင်းနှီးမြှုပ်နှံမှုတင်လုပ်ဆောင်သွားမည်ဖြစ်သည်။ယင်းမှာ စီမံကိန်းလုပ်ငန်းခွဲများအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆန်းစစ်လေ့လာရေးမူဘောင်များနှင့် ကိုက်ညီစေရန်နှင့် ရေရှည်တည်တံ့မှုများရရှိစေရန်အတွက် ရည်ရွယ်သည်။ ရပ်ရွာအဆင့် လေ့ကျင့်သင်ကြားမှုများအတွက် လိုအပ်သည့် ပစ္စည်းများမှာ ရိုးရှင်းရမည် (ရပ်ရွာအဆင့်တွင် စီမံကိန်းလုပ်ကိုင်နေစဉ်အတွင်း မှီငြမ်းနိုင်ရေးအတွက် အကောင် အထည်ဖော်ရေးလက်စွဲ၏ သက်ဆိုင်သည့်အပိုင်းများကို ရိုးစင်းအောင်ပြုလုပ်ထား)၊ စာမတတ်သူများလည်း လက်လှမ်းမီစေရန် ပုံဖြင့်ရေးဆွဲထားသလို (ဝေဖန်အကြံပြုဖြေရှင်းနည်း၊ အလွဲသုံးစားနှင့် ခြစားမှုနှင့် အကာအကွယ်အတွက် လိုအပ်ချက်များကို ရုပ်ပြ၊

သရုပ်ဖော်ပုံများနှင့် ဓာတ်ပုံများဖြင့်ဖော်ပြထားခြင်း) အသုံးပြုသည့် ဘာသာစကားအားလုံးသို့ ပြန်ဆိုထားပါသည်။

၁၀၆။ စီမံကိန်းမြို့နယ်တစ်ခုချင်းစီအလိုက် လုပ်ငန်းစတင်သည့် ကနဦးလများအတွင်း စွမ်းဆောင်ရည်မြှင့်တင်မှုကို အဓိက လုပ်ဆောင်ပါသည်။ ပြည်ထောင်စုအဆင့်တွင် လက်ထောက်နည်းပညာမှူး များ၏ အကူအညီကို ရယူ ထားသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အတွင်းရေးမှူးရုံးက မြို့နယ်အဆင့် ကျေးလက်ဦးစီးနှင့် နည်းပညာ အကူအညီဝန်ထမ်းများကို လေ့ကျင့် သင်ကြားပေးသည်။ မြို့နယ်ကျေးလက်ဦးစီးရုံးများနှင့် အကြံပေးအဖွဲ့ တို့က စီမံကိန်း အကောင်အထည်ဖော်ရေးလက်စွဲပါ စပ်ဆိုင်ဆီလျော်သည့် ကဏ္ဍများနှင့် ပတ်သက်ပြီး ကျေးရွာလူထုနှင့် လက်ထောက်နည်းပညာမှူးများအား ဆက်လက် လေ့ကျင့် သင်ကြား ပေးသည်။ ထိုအဆင့် ကျမှသာ ကျေးရွာအဆင့် စီမံကိန်းစက်ဝန်းစတင်လည်ပတ်မည်ဖြစ်ပြီး ကျေးရွာအဆင့် ပထမဆုံး အကြိမ် အစည်းအဝေး စတင်ခေါ်ယူမည်ဖြစ်သည်။ မြို့နယ်အဆင့် ကျေးလက်ဦးစီးရုံးများ၊ အကြံပေးအဖွဲ့ များနှင့် လူထုစည်းရုံးရေးမှူးများက အကောင်အထည်ဖော်မှုအဆင့်တွင် တက်ကြွစွာ ပါဝင် ဆောင်ရွက် နေသူများ အတွက် သီးခြားသင်တန်းများဖွင့်လှစ် သင်ကြားပေးသည်။ ယင်းသင်တန်းများကို ကျေးရွာ စေတနာ့ဝန်ထမ်း များနှင့် ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီဝင်များ၊ ကျေးရွာအဆင့် အကောင်အထည် ဖော်ရေး ကော်မတီနှင့် ဆပ်ကော်မတီခွဲအမျိုးမျိုးတို့မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။ ရပ်ရွာလူထုနှင့် ကျေးလက်ဦးစီးဝန်ထမ်းများအတွက် စွမ်းဆောင်ရည်တိုးတက်ရေး လုပ်ငန်းများ ကို လိုအပ်သလို ပုံမှန် ဆောင်ရွက်သည်။ နှစ်စဉ်ပြန်လှန်သင်ကြားခြင်းနှင့် နှစ်စဉ် လူထုတိုက်ရိုက်ထောက်ပံ့ငွေ များ မရမီစပ်ကြား မြို့နယ်များ အကြား အပြန်အလှန်သွားရောက်လည်ပတ်မှုများလည်း ပါဝင်ပါသည်။

၁၀၇။ အကောင်အထည်ဖော်ရာမှာ ရရှိသည့် သင်ခန်းစာများအပေါ် အခြေပြုပြီး လေ့ကျင့် သင်တန်းများ အတွက် သုံးစွဲ သည့် အထောက်အကူပြု ပစ္စည်းများကို ဆက်လက်ပြောင်းလဲ သွားမည်ဖြစ်သည်။ လူမှုစစ်ဆေးမှုများနှင့် စီမံကိန်းနှင့် သက်ဆိုင်သူအားလုံး ပါဝင်သော သုံးသပ်ပွဲများမှ ဖော်ထုတ်တွေ့ရှိရသည်များ၊ ငွေစာရင်းစစ် ဝင်ခြင်းနှင့် ကျေးလက်ဦးစီး ဌာနက တာဝန်ပေးလွှဲအပ်ချက်အရပြုလုပ်သည့် လွတ်လပ်သော နည်းပညာသုံးသပ်မှုတို့မှ သိရှိရသည်များ ကို ထည့်သွင်းစဉ်းစားကာ ပထမနှစ်စက်ဝန်းပြီးနောက်တွင် ပြင်ဆင် ပြောင်းလဲခြင်း ဖြစ်ပါသည်။ သင်ခန်းစာ ရလဒ်များ အနေဖြင့် လူထုစည်းရုံးရေးမှူးများ၊ လက်ထောက် နည်းပညာမှူးများ၊ မြို့နယ်အဆင့် ကျေးလက်ဦးစီးဌာန နှင့် အကြံပေးအဖွဲ့ဝန်ထမ်းများအတွက် ပေးသည့် သင်တန်းများနှင့် ကျေးရွာအဆင့် ပေးသည့် သင်တန်းများ အားလုံးအတွက် သင်ကြားရေး အထောက်အကူ ပစ္စည်းများကို ပြင်ဆင် ပြောင်းလဲ သလို သင်တန်းကာလကိုလည်း တိုးချဲ့ပါ သည်။

## ၈။ စောင့်ကြပ်ကြည့်ရှုခြင်း

၁၀၈။ **ကျေးရွာအဆင့်** - အစောပိုင်း နည်းပညာဆိုင်ရာအစည်းအဝေးပွဲများကချမှတ်လိုက်သည့် ကျေးရွာ စီမံကိန်းလုပ်ငန်းခွဲ လုပ်ငန်းအစီအစဉ်ပေါ်အခြေခံပြီး ကျေးရွာ စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ (MSC)

သည် ကျေးရွာအဆင့်၌ စီမံကိန်း လုပ်ငန်းခွဲများ အကောင်အထည်ဖော်မှု တိုးတက်မှု အခြေအနေများကို စောင့်ကြပ်ကြည့်ရှုသည်။ ကျေးရွာ အဆင့်စီမံကိန်းလုပ်ငန်းခွဲသည် ကျေးရွာတစ်ရွာ ထက်မက သို့မဟုတ် မြို့နယ်တစ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု တစ်စုထက်မက ပို၍ တိုက်ရိုက်အကျိုးပြုပါက အကျိုးခံစားရသည့်ကျေးရွာများရှိ ကျေးရွာစောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီများအနေဖြင့် အကောင်အထည်ဖော်မှု တိုးတက်မှု အခြေအနေကို ပူးတွဲ စောင့်ကြည့် ကြမည် ဖြစ်သည်။ မူလ လူထုဗဟိုပြုစီမံကိန်းအရ တည်ဆောက်ဆဲကာလတွင် စောင့်ကြည့် ဆပ်ကော်မတီသည် ကျေးရွာ စီမံကိန်းလုပ်ငန်းခွဲ စောင့်ကြည့်ကြီးကြပ်ရေး ပုံစံကိုအသုံးပြုကာ အစီအစဉ်ပါ လုပ်ငန်းများနှင့် လက်တွေ့လုပ်ကိုင်နေမှုများကို တိုက်ဆိုင် ကာ တစ်လတစ်ကြိမ် သုံးသပ်ပြီးလျှင် အဆိုပါပုံစံကို ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီထံ ပေးပို့ရမည်။ ၎င်းဆပ်ကော်မတီသည် သဘာဝပတ်ဝန်းကျင်နှင့်လူမှုဘဝသက်ရောက်မှုလျှော့ချရေး အစီအမံ အကောင်အထည် ဖော်မှုတိုးတက်မှုအခြေအနေကိုလည်း လေ့လာ စောင့်ကြည့်ရမည် ဖြစ်သည်။ စောင့်ကြည့်ကြီး ကြပ်မှုအစီရင်ခံစာများကို ကျေးရွာရှိကြော်ငြာသင်ပုန်းတွင် အများ သိရှိစေရန် ကပ်ပေး ထားမည် ဖြစ်သည်။ ကျေးရွာ စီမံ ကိန်းလုပ်ငန်းခွဲ စောင့်ကြပ်ကြီးကြပ်ရေး ပုံစံစာရွက် များတွင် စီမံကိန်း ရလဒ်မူဘောင်နှင့်ကိုက်ညီသည့် သတင်းအချက် အလက်များကို ဖြည့်သွင်း ရမည်ဖြစ်သည်။ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီသည် အကောင် အထည် ဖော် ဆောင်ရွက်ဆဲ ကျေးရွာအလိုက်စီမံကိန်းလုပ်ငန်းခွဲများအကြောင်း လချုပ် စုစည်း ရေးသား ပြီးလျှင် ကျေး လက်/ဦးစီး မြို့နယ်အဆင့် စောင့်ကြည့်ကြီးကြပ်ရေးနှင့်အကဲဖြတ်အရာရှိ (M&E Officer) ထံသို့ တင်ပြ ရမည်ဖြစ် သည်။ ကျေးရွာ စေတနာ့ဝန်ထမ်းများ၏ အကူအညီဖြင့် စောင့်ကြည့်ကြီးကြပ် ဆပ်ကော်မတီ သည် ကျေးရွာအလိုက် စောင့်ကြည့်ကြီးကြပ်ရေး အစည်းအဝေးကို နှစ်တစ်ကြိမ် သို့မဟုတ် လုပ်ငန်းအဆင့် မှတ်တိုင်တစ်ခုစိုက်ပြီး တိုင်း ကျင်းပရမည်။ အစည်းအဝေးသို့ ရွာသူရွာသား တတ်နိုင်သမျှများများတက်ရောက်မှုရှိစေရန် အစွမ်းကုန် ဂရုစိုက် အားထည့်ရမည်။ အကောင်အထည်ဖော်မှုနှင့် ဆိုင်သည့် ကဏ္ဍအလိုက် တိုးတက်မှု အခြေအနေများ (ဝယ်ယူ ဖြည့်တင်း ရေးလုပ်ငန်းများ၊ ဆောင်ရွက်ပြီးအလုပ်ရာခိုင်နှုန်း၊ အလုပ်လုပ်သည့် ရက်နှင့် လုပ်သား အရေအတွက်နှင့် ရှင်းပေးခဲ့သည့် လုပ်အားခများ၊ ထိုနေ့အထိထွက်ငွေနှင့် လက်ထဲ ကျန်ငွေ၊ အမျိုးသမီးများပါဝင်နိုင်မှု၊ အကာအကွယ်နှင့် ဘေးအန္တ ရာယ်လျှော့ချရေးအစီအမံများ စသည်) ကို စောင့်ကြည့်ဆပ်ကော်မတီက ရွာသူရွာသားများအား တင်ပြအစီရင်ခံရ မည်။ ရွာသူရွာသား များကလည်း မေးခွန်းမေးမြန်းခွင့်၊ စီမံကိန်းနှင့်ပတ်သက်ပြီး ၎င်းတို့စိတ်ထဲ ရှိသည်များကို တင်ပြခွင့် များရမည်ဖြစ်သည်။

၁၇၉။ **မြို့နယ်အဆင့်** - မြို့နယ်အင်ဂျင်နီယာ၊ မြို့နယ်နည်းပညာအကူအညီအဖွဲ့၊ လူထု စည်းရုံးရေးမှူး နှင့် လက် ထောက်နည်းပညာမှူးတို့သည် မူလလူထုဗဟိုပြုစီမံကိန်းပါအတိုင်း စီမံကိန်း လုပ်ငန်းခွဲများကို ဆက်လက် စောင့်ကြပ် ကြည့်ရှုရမည်။ မြို့နယ်အင်ဂျင်နီယာနှင့် ကျေးလက်ဦးစီး ဌာန မြို့နယ်ရုံးမှ M&E အရာရှိတို့သည် ကျေးရွာများရှိ စီမံကိန်း လုပ်ငန်းခွဲများ ရှိရာနေရာများသို့ ပုံမှန်သွားရောက် ကွင်းဆင်းရမည်။ ခရီးစဉ်တစ်ခုပြီးတိုင်း အကျဉ်းချုပ်မှတ်ချက် ကို ရေးသား ဖိုင်တွဲထားရမည်။ ထိုသို့ပြုစုရာတွင် သတ်မှတ်ထားသည့် ဇယား ပုံစံကို အသုံးပြုရမည်။ ကျေးရွာ အလိုက် အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်အချိန်ဇယားနှင့် လုပ်ငန်းအစီအစဉ်တို့နှင့်

ညှိပြီး ခရီးစဉ်များကိုစီစဉ်ရမည်။ စီမံကိန်း လုပ်ငန်းခွဲ အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေနှင့် သဘာဝပတ်ဝန်းကျင်နှင့်လူမှုဘဝအန္တ ရာယ်လျှော့ချရေးအစီအမံများကို ခရီးစဉ် များမှတစ်ဆင့် လေ့လာသုံးသပ်ပြီး ကြုံတွေ့နေရသည့်ပြဿနာများကို ဖြေရှင်းနိုင်မည့် အလား အလာ ရှိသည့် နည်းလမ်းများကိုလည်း အကြံပြုတိုက်တွန်းရမည်။ ကျေးလက်/ဦးစီးဌာန မြို့နယ်ရုံးမှ M&E အရာရှိသည် ကြီးကြပ်ကွပ်ကဲရေး ခရီးစဉ်များမှ အဓိက လေ့လာတွေ့ရှိချက် များကို သုံးလပတ် မြို့နယ် လုပ်ငန်း တိုးတက်မှု အစီရင်ခံစာတွင် တစ်ပေါင်းတည်း ထည့်သွင်း ထားရမည်။ မြို့နယ်အင်ဂျင်နီယာသည် ကျေးရွာ စီမံကိန်းအထောက်အကူပြု ကော်မတီက တောင်းဆို လာသည့်အတိုင်း လိုအပ်သည့်အကြံဉာဏ်များပေးရန် အတွက် လိုအပ်ပါက ခရီးစဉ်များ ထပ်မံ ရေးဆွဲရမည်။

၁၁၀။ **ပြည်ထောင်စုအဆင့်** - ကျေးလက်/ဦးစီးဌာန ပြည်ထောင်စုရုံးဝန်ထမ်းများနှင့် အခြား ပတ်သက်သော နည်း ပညာ အကူအညီအတိုင်ပင်ခံများသည် မြို့နယ်များ၊ ကျေးရွာအုပ်စုများနှင့် ကျေးရွာ စီမံကိန်းလုပ်ငန်းခွင်များသို့ ပုံမှန်ကြီးကြပ်ကွပ်ကဲရေးနှင့် စောင့်ကြည့်ကြီးကြပ်ရေး ခရီးများကို ဆက်လက် ရေးဆွဲသွားလာရမည်။ ခရီးစဉ်များမှ တစ် ဆင့် မြို့နယ်တစ်ခုတွင်ရှိသည့် ကျေးရွာအုပ်စုများ အတွင်း စီမံကိန်း အကောင်အထည်ဖော်မှု တိုးတက်မှုများကို ဆန်းစစ် အကဲဖြတ်မည် ဖြစ်သည်။ ပြည်ထောင်စုအဆင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသည် အကောင်အထည် ဖော်မှု အရည်အသွေးတိုးတက်စေရန်အတွက် အခြားမြို့နယ်များမှ ရရှိ သည့် အတွေ့အကြုံများကိုလည်း မျှဝေဖလှယ်မှုရှိစေရန် ဂရုစိုက်မည်။ ပြည်ထောင်စုအဆင့် ကျေးလက် ဦးစီး ဌာန ရုံးဝန်ထမ်းများနှင့် ပြည်ထောင်စု နည်းပညာ အကူအညီ အတိုင်ပင်ခံများသည် မြို့နယ်အဆင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးဝန်ထမ်းများနှင့် ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီများသို့ လိုအပ်သည့်အတိုင်း နည်းပညာ အကူအညီများ ဆက်လက် ပေးသွားရမည်။ ပြည်ထောင်စုအဆင့် ကျေးလက်/ဦးစီးဌာန M&E အရာရှိသည် ကြီးကြပ် ကွပ်ကဲရေး ခရီးစဉ်များမှ အဓိ ကလေ့လာတွေ့ရှိချက်များကို သုံးလတစ်ကြိမ် တိုးတက်မှု အစီရင်ခံစာ အတွင်းသို့ တစ်ပေါင်းတည်းထည့်သွင်းအစီရင်ခံ ရမည်။

၁၁၁။ နှစ်စဉ်စီမံကိန်းစက်ဝန်းတစ်ခုပြီးဆုံးတိုင်း ကုန်ကျစရိတ်များနှင့်တိုးတက်အောင်မြင်မှုများကို ပြန်လည်သုံးသပ် ရန်၊ ဘဏ္ဍာငွေစာရင်းစစ်ခြင်းနှင့် နည်းပညာစစ်ဆေးမှုတွေ့ရှိချက်များကို ဆွေးနွေးရန်နှင့် စီမံကိန်းစက်ဝန်း သို့မဟုတ် ကျေးရွာအကောင်အထည်ဖော်မှုပုံစံအတွက် ဒေသ အလိုက် လိုက်လျောညီထွေပြောင်းလဲကျင့်သင့်ပုံများကို အကြံပြု ရန်အတွက် လူမှု ဆန်းစစ်မှုများ ပြုလုပ်ပွဲများသို့ ရွာသူရွာသားများကို ဖိတ်ခေါ်ရမည်။ မြို့နယ်တစ်ခုအတွင်း စီမံကိန်း အသက်ဝင် နေသမျှ ရွာသားများအနေဖြင့် ဝေဖန်အကြံပြု ဖြေရှင်းရေး လုပ်ငန်းစဉ်မှတစ်ဆင့် ဝေဖန် အကြံပြုချက်များ ပေးခြင်း သို့မဟုတ် မကျေနပ်ချက်များကို တိုင်ကြားခြင်းများ ပြုနိုင်မည်ဖြစ်သည်။ ပထမ စက်ဝန်းပြီးချိန်တွင် ပြုလုပ်သည့် လူမှုဆန်းစစ်ချက်များ အကျဉ်းချုပ်ကို ယခု သဘာဝ ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်၏ အပိုင်း (စ) တွင် ဖော်ပြထားသည်။

## ည။ မကျေနပ်မှုများဖြေရှင်းခြင်း

၁၁၂။ တိုင်ကြားမှုများနှင့် နစ်နာမှုများကို လူထုဗဟိုပြုစီမံကိန်းပါ ဝေဖန်အကြံပြု ဖြေရှင်းရေး နည်းစနစ်ကို အသုံးပြုပြီး ကိုင်တွယ်ဖြေရှင်းပေးပါသည်။ ယင်းမှာ စီမံကိန်းကို အကောင်အထည် ဖော်ရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူမှု တာဝန်ခံမှုရှိကြောင်း၊ ဆင်းရဲသားများနှင့် အဖယ်ကြဉ်ခံ လူအုပ်စုများ၏အသံကိုလည်း ပစ်မထားကြောင်းနှင့် ပေါ်ပေါက် လာသည့် ပြဿနာ ရပ်များ၊ နစ်နာမှုများကို ထိထိရောက်ရောက်နှင့် မြန်မြန်ဆန်ဆန်ဖြေရှင်းပေးကြောင်း ခိုင်မာစေရန် ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို စီမံကိန်း အကောင်အထည်ဖော်ရေး လက်စွဲတွင် ဖော်ပြ ထားပါသည်။ ၎င်း တို့ကို ကျေးရွာအဆင့်အထိ လက်လှမ်းမီ သိရှိနိုင်စေရန်အတွက် ပိုစတာများ၊ မျက်မြင်အထောက်အကူပြုပစ္စည်းများ အသုံးပြုပြီး ကြေညာ ပေးပါသည်။

၁၁၃။ မိမိတို့၏သိရှိပိုင်ခွင့်ကိုအနှောင့်ယှက်ခံရသည်ဟု ယူဆပါက၊ ပြင်ပအဖွဲ့အစည်းတစ်ခုခုက မလျော်မကန် ဝင်ရောက်စွက်ဖက်ပါက၊ မသမာမှုနှင့်ခြစားမှုများရှိပါက၊ ယခု မူဘောင်ပါ ရပိုင်ခွင့်များနှင့် အခွင့်အရေးများ ချိုးဖောက်ခံရ ပါက၊ သို့မဟုတ်စီမံကိန်း၏ မည်သည့် အခြေခံမှုများ မဆို၊ လုပ်ထုံးလုပ်နည်းများမဆို သွေဖည်ခံရပါက ကျေးရွာသူရွာ သားများ၊ ကန်ထရိုက်တာများ၊ စီမံကိန်း ဝန်ထမ်းများ၊ အာဏာပိုင်များနှင့် တခြား ပတ်သက်အဖွဲ့အစည်းများအနေဖြင့် တိုင်ကြား နိုင်ပါသည်။

၁၁၄။ တိုင်ကြားချက်များလက်ခံမည့်ရုံးများကို ကျေးရွာအဆင့်တွင် ရွာသူရွာသားများကိုယ်တိုင်က ရွေးချယ်သဖြင့် ၎င်းတို့သည် ပဋိပက္ခ/မကျေနပ်ချက်များ ကြားခံဖြေရှင်းရေး လုပ်ငန်းစဉ်၏ ပထမအလွှာ ဖြစ်လာသည်။ ၎င်းတို့သည် ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီအား အစည်းအဝေး ခေါ်ပြီး ထိခိုက်ခံစားရသူများတင်ပြသည့်ကိစ္စများကို ဆွေးနွေးရန်၊ သို့မဟုတ် နှစ်ဦးနှစ်ဖက် ကျေနပ်နိုင်မည့် ဖြေရှင်းနည်းများရအောင် ညှိနှိုင်းပေးရန်အတွက် တောင်းဆို နိုင် သည်။ ထို့ပြင် ထိခိုက်နစ်နာသူများဘက်က ဝေဖန်တိုင်ကြားဖြေရှင်းရေးလုပ်ငန်းစဉ်သို့ တရားဝင် တိုင်ကြားနိုင်ရေး အတွက်လည်း အကူအညီများပေးနိုင်သည်။ ယခု မူဘောင်ပါပြဋ္ဌာန်းချက်နှင့်အညီ ၎င်းတို့အား သင်တန်းများပေးပြီး ၎င်းတို့လက်ခံရရှိသည့် တိုင်ကြားချက်များကို မှတ်တမ်း ထိန်းထား ရမည်။

၁၁၅။ အကယ်၍တိုင်ကြားသူက မည်သူမည်ဝါမှန်း မဖော်ပြသည့်အခါမျိုးမှလွဲလျှင် တိုင်ကြားမှု များကို အများပြည်သူ သို့ထုတ်ပြန်မည်ဖြစ်သည်။ တိုင်ကြားမှုအတွက် မည်သည့်အခကြေးငွေမျှ ပေးရန်မလိုပါ။ တိုင်ကြားသူမည်သူမည်ဝါ မှန်းသိရှိပါက တိုင်ကြားချက်ဖြေရှင်းရေးရုံးသည် တိုင်ကြားချက် လက်ခံရရှိချိန်မှ နှစ်ပတ်အတွင်း ဖြေရှင်းမည့်အချိန် ဇယားနှင့် ဖြေရှင်းမည့်ပုံစံတို့ကို ဆက်သွယ် ပြောကြားပါမည်။ တိုင်ကြားသူမသိရသည့်တိုင်ကြားချက်များအပါအဝင် နစ်နာမှု အားလုံး တို့ကို ရက်သတ္တလေးပတ်အတွင်း တုံ့ပြန်ကာ တိုင်ကြားချက်စလက်ခံရရှိချိန်မှ သုံးလ အတွင်း အပြီး အပြတ်ဖြေရှင်းပေးမည်ဖြစ်သည်။

၁၁၆။ နစ်နာမှုများဖြေရှင်းရေး လုပ်ငန်းစဉ်ကို အဆင့်ငါးဆင့်ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ (၁) လက်ခံခြင်း (၂) ခွဲခြားခြင်း (၃) စိစစ်ခြင်း (၄) အရေးယူခြင်းနှင့် (၅) ဆက်လက် အရေးယူခြင်းတို့ဖြစ်သည်။

၁၁၇။ ကျေးရွာအဆင့်တွင် တိုင်ကြားချက် လက်ခံရုံးများသည် မကျေနပ်ချက်အတွက် တိုင်ကြား လိုသူ မည်သူမဆို အတွက် ပင်မ ဆက်သွယ်ရမည့်နေရာ ဖြစ်သည်။ အကယ်၍ ကာယကံရှင်က အလိုရှိလျှင် ကျေးရွာစေတနာ့ဝန်ထမ်း၊ စည်းရုံးရေးမှူး၊ ကျေးရွာ စီမံကိန်း အထောက်အကူပြု ကော်မတီဝင် သို့မဟုတ် ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြုကော်မတီဝင် သို့မဟုတ် မြို့နယ်အင်ဂျင်နီယာစသည့် စီမံကိန်းအကောင်အထည်ဖော်မှုနှင့်ပတ် သက်သည့် အခြားသော ပုဂ္ဂိုလ်များမှ တစ်ဆင့်လည်း ဖြေရှင်းပေးနိုင်ပါသည်။ ကာယကံရှင်အနေဖြင့် အောက်ပါလမ်း ကြောင်းများ အတိုင်းလည်း တိုင်ကြားနိုင်ပါသည်။ (၁) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး/ စည်းရုံးရေးမှူး/ မြို့နယ်အဆင့် တိုင်ကြားမှု ကိုင်တွယ်ဖြေရှင်းရေး အရာရှိတို့ထံ နှုတ်ဖြင့် ဆက်သွယ် တိုင်ကြားခြင်း၊ (၂) တစ်ရွာချင်းစီအလိုက် ဝေဖန် အကြံပြုရန်စာပုံးများ (ထိုပုံးကို ကျေးရွာ တိုင်ကြားချက် လက်ခံရေးရုံးက နှစ်ပတ်တစ်ကြိမ်ဖွင့်ဖောက်ရန်) ကိုထားရှိပေး ခြင်း၊ (၃) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရုံးချုပ်၊ မြို့နယ်ရုံးခွဲ၊ ပြည်ထောင်စုအဆင့် အစိုးရ မဟုတ်သော အဖွဲ့အစည်း (NGO)/လုပ်ငန်း၊ မြို့နယ်အဆင့် NGO/လုပ်ငန်းများသို့ စာပို့ခြင်း၊ (၄) ကျေးလက်ဦးစီး ရုံးချုပ်နှင့် ပြည်ထောင်စုအဆင့် NGO/လုပ်ငန်းတို့အတွက် ပေးထားသည့် အီးမေးလ်လိပ်စာ များသို့ အီးမေးလ်ပို့ခြင်း၊ (၅) ကျေး လက်ဦးစီးရုံးချုပ်နှင့် ပြည်ထောင်စုအဆင့် နည်းပညာအကူအညီအဖွဲ့များ၏ ရုံးခန်းတယ်လီဖုန်းနံပါတ်များ သို့မဟုတ် (၆) ကျေးလက်/ဦးစီး၏ စီမံကိန်းဝက်ဘ်ဆိုက် သို့မဟုတ် လူမှုမီဒီယာစာမျက်နှာတို့ဖြစ်သည်။ ကာယကံရှင်က ဆုံးဖြတ်ချက် ဖြင့် ကျေးရွာလူထုစည်းဝေးပွဲများမှတစ်ဆင့်လည်း မကျေနပ်ချက်ကို တိုင်ကြားဖြေရှင်းနိုင်သည်။

၁၁၈။ လမ်းကြောင်း အမျိုးမျိုးမှတင်ပြလာသော နစ်နာမှုတိုင်ကြားချက်များကို သက်ဆိုင်ရာ ကျေးလက်ဦးစီး မြို့နယ်ရုံးများသို့ပေးပို့ကာ သုံးသပ်ခြင်း၊ စိစစ်ခြင်းနှင့် အကယ်၍ နစ်နာမှုသည် ကျေးရွာသို့မဟုတ် ကျေးရွာအုပ်စု နှင့် ဆိုင်သည့် ကိစ္စရပ်နှင့် ဆက်နွှယ်ပါက မည်သို့ ဖြေရှင်းမည် တို့ကို ဆောင်ရွက်ရမည်။ အကြောင်းကိစ္စသည် မြို့နယ် သို့ မဟုတ် ပြည်ထောင်စုအဆင့်နှင့် သက်ဆိုင်ပါက ကျေလက်ဦးစီးဌာနရုံးချုပ် (အတိအကျဆိုရလျှင် ပြည်ထောင်စု အကြံပေးအဖွဲ့၏ တိုင်ကြားစာများ ကိုင်တွယ်ဖြေရှင်းရေးအရာရှိ) ထံသို့ ဆက်လက်ပေးပို့ရမည်။ ၎င်းက သုံးသပ်၊ စိစစ်ကာ မည်သို့ဆောင်ရွက်ရမည်ကိုဆုံးဖြတ်မည်ဖြစ်သည်။

၁၁၉။ မြို့နယ် သို့မဟုတ် ဗဟိုအဆင့် ကျေးလက်/ဦးစီးဝန်ထမ်းများအနေဖြင့် သက်ဆိုင်သည့် နည်းပညာအကူ အညီအဖွဲ့ဝင်များနှင့်အတူ နစ်နာမှုများမှာခိုင်မာမှုရှိမရှိနှင့် ခိုင်မာပါက ဖြေရှင်းမည့် နည်းလမ်းများကို သင့်လျော်သလို ဖော်ထုတ်ရမည်ဖြစ်သည်။ စိစစ်သည့်အဆင့်တွင် လုပ်ငန်းခွင်သို့ သွားရောက်ခြင်း၊ စာရွက်စာတမ်းများကို ပြန်လှန် ကြည့်ရှုစစ်ဆေးခြင်း၊ (အမည်ဖော်ပြထားပြီး ဆန္ဒရှိပါက) တိုင်ကြားသူနှင့် တွေ့ဆုံခြင်း နှင့် (ကျေးရွာ၏ တရားဝင်ခေါင်းဆောင်များရော ခေါင်းဆောင် သဖွယ် ဖြစ်နေသူများပါအပါအဝင်) ပြဿနာကိုဖြေရှင်းနိုင်မည့် သူများနှင့် တွေ့ဆုံခြင်းတို့ ပါဝင်သည်။

၁၂၀။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ (VPSC) သည် ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်နှင့် နစ်နာမှုကို ဖြေရှင်းဆောင်ရွက်ပေးမည့်နည်းလမ်းများနှင့်ပတ်သက်ပြီး နောက် တစ်ကြိမ် လူထုအစည်းအဝေးပွဲကျင်းပသည့်အခါ ရှင်းလင်းတင်ပြရမည်။ တိုင်ကြားသူကို သိရှိ ထားလျှင်

တိုင်ကြားချက်လက်ခံရေးရုံး (သို့မဟုတ် တိုင်ကြားချက်ကို ရရှိခဲ့ သည့်ပုဂ္ဂိုလ်) က ကာယကံရှင်အား ဖြေရှင်းမည့်နည်းလမ်းကို ရှင်းပြရမည်။ ဖြေရှင်းမည့်နည်းလမ်းအပေါ် ကျေနပ်ဖွယ် ဖြစ်သည်ဟု ကာယကံရှင်ကထင်မထင်ကို တိုင်ကြားချက်လက်ခံရေးရုံးက ဆက်လက် စူးစမ်းရမည်။ အကယ်၍ ကာယကံရှင်က မကျေနပ်နိုင်ပါက နစ်နာသူသည် နောက်တစ်ဆင့်သို့ သွားရောက် တိုင်ကြားနိုင်သည်။ မူအရပြောရ လျှင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အဆင့်မြင့်အရာရှိများ၊ ပြည်ထောင်စုအဆင့် နည်းပညာအကူအညီ အဖွဲ့ခေါင်းဆောင်နှင့် ပြည်ထောင်စု နည်းပညာအကူအညီ နစ်နာမှုဖြေရှင်းရေးအရာရှိတို့ပါဝင်ဖွဲ့စည်းထားသည့် ပြည် ထောင်စု ဝေဖန်အကြံပြုဖြေရှင်းရေးကော်မတီ၏ အဆုံးအဖြတ်သည် အတည်နှင့် နောက်ဆုံး ဖြစ်သည်။ တိုင်ကြားချက် ဖြေရှင်းရေးလုပ်ငန်းစဉ်မှတစ်ဆင့်လက်ခံရရှိသည့် နစ်နာမှု တိုင်ကြားချက် များကို စီမံကိန်း စီမံခန့်ခွဲမှုသတင်းအချက် အလက်စနစ်တွင် မှတ်တမ်း တင်ထားရမည်။

၁၂၁။ တိုင်ကြားချက်များဖြေရှင်းရေးစနစ်ကို အများသိအောင်လှုံ့ဆော်မှုနှင့် လေ့ကျင့်သင်တန်း အစီအစဉ်များဖြင့် အားဖြည့် ကူညီထားသည်။ စီမံကိန်းတွင် ပါသည့်ကျေးရွာများအားလုံးရှိ ရွာသူရွာသားများအား တိုင်ကြားဖြေရှင်းရေး စနစ်အကြောင်း အသိပေးထားမည်ဖြစ်ပြီး ခေါင်းစဉ် မျိုးစုံဖြင့် ကျင်းပသည့်လူထုစည်းဝေးပွဲများ၌ ဆက်သွယ်ရမည့် ပုဂ္ဂိုလ်များနှင့် ဆက်သွယ်ရန် နံပါတ်များ၊ လိပ်စာများကို ဖြန့်ဝေပေးမည်ဖြစ်သည်။ စီမံကိန်းအကြောင်း၊ နစ်နာမှုများ အတွက် ဖြေရှင်းနည်းမည့် နည်းလမ်းများကိုဖော်ပြထားသည့် လက်ကမ်းစာစောင်များနှင့် ပိုစတာများကို ရရှိ ထားပြီးဖြစ်ကာ ဒေသခံလူထုရရှိနိုင်စေရန်ဆောင်ရွက်ထားပြီး ကျေးရွာ ကြော်ငြာ သင်ပုန်းများတွင် ကပ်ထားမည်ဖြစ် သလို ဒေသတွင်းရေဒီယိုများ၊ ရုပ်သံများမှတစ်ဆင့်လည်း အသိပေး ကြေညာမည် ဖြစ်သည်။ တိုင်းရင်းသားဘာသာ စကားများပြောဆိုသူများအပါအဝင် သက်ဆိုင်သူ အားလုံးတို့ အနေဖြင့် တိုင်ကြားချက်များ ဖြေရှင်းရေးစနစ်ကို အသုံးချ နိုင်ကြောင်း အခိုင်အမာ သေချာနိုင်သည်အထိ ဒေသသုံးဘာသာစကားများကို အသုံးပြုပါမည်။ တိုင်ကြားမှုလက်ခံရေး ရုံးဝန်ထမ်းများကို ကျေးရွာနှင့်ကျေးရွာအုပ်စုအဆင့်တွင် တင်မြှောက် သို့မဟုတ် ခန့်အပ်ပြီး နစ်နာမှုများ ကိုင်တွယ်ဖြေ ရှင်းရန်တာဝန်ရှိသည့် ကျေးလက်/ဦးစီးဝန်ထမ်းများကို မြို့နယ် အဆင့်နှင့် ဗဟိုအဆင့်တွင် တာဝန်ပေးခန့်အပ်သည်။ အကောင်အထည် ဖော်မှုတွင် ပါဝင်သည့် မြို့နယ်နှင့် ကျေးရွာအဆင့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် နစ်နာမှု တိုင်တန်းချက် များကို မည်သို့ လျှို့ဝှက်ထိန်းသိမ်းကာ လက်ခံကိုင်တွယ်ဆောင်ရွက်ရမည်ကို သင်တန်း တက်ရောက် ရမည်ဖြစ်သည်။

၁၂၂။ စီမံကိန်းစက်ဝန်းပြီးသည့်အခါ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီသည် လက်ခံရရှိသည့် နစ်နာမှုတိုင်တန်းချက်များကို လည်းကောင်း၊ ဖြေရှင်းပြီးသည့် နစ်နာမှုများ ကိုလည်းကောင်း ကျေးရွာအဆင့်တွင် ပြုလုပ် သည့် လူမှုစစ်ဆေးမှုအစည်းအဝေးများ၌ တင်ပြရမည်။ လူမှုစစ်ဆေးမှုအစည်းအဝေးများတွင် ရွာသားများက နစ်နာမှု တိုင်ကြားချက် ဖြေရှင်းရေး လုပ်ငန်းစဉ်၏ ထိရောက်မှုကိုဆွေးနွေးပြီးလျှင် မည်သို့တိုးတက်အောင်လုပ်ရမည်ကို အကြံပြု တင်ပြကြမည်ဖြစ်သည်။ ထိခိုက်နစ်နာသူများအနေဖြင့် ဖြေရှင်းပေးပုံကိုမကျေနပ်ပါက အစည်းအဝေး၌တင်ပြရန် ဝိုင်းဝန်း တိုက်တွန်းကြမည် ဖြစ်သည်။ ပုံမှန်သွားရောက်သည့် ကြီးကြပ်ရေး ခရီးစဉ်များတွင် ကျေးလက်/ဦးစီး ဗဟိုရုံးမှ

ဝန်ထမ်းများနှင့် ပြည်ထောင်စုအဆင့် နည်းပညာအကူအညီအဖွဲ့တို့သည် ဖြေရှင်းရေးစနစ်လုပ်ကိုင်နေပုံကို ဆန်းစစ် အကဲဖြတ်ပြီး ရွေးချယ် စစ်ဆေးမှုများလည်း ပြုလုပ်မည်ဖြစ်သည်။

၁၂၃။ ကျေးလက်ဦးစီးရုံးချုပ်သည် နစ်နစ်မှု ဖြေရှင်းရေးစနစ်ကို လစဉ်ခန့်မှန်း အကဲဖြတ်နိုင်ရန် (လက်ခံရရှိသည့် နစ်နာမှုတိုင်ကြားချက် အရေအတွက်နှင့်အမျိုးအစားနှင့် ဖြေရှင်းခဲ့သည့် တိုင်ကြားမှုများ) စီမံခန့်ခွဲမှုသတင်း အချက်အလက်စနစ်ကို အသုံးပြုသည်။ နစ်နာမှု အကျဉ်းချုပ် ကိုလည်း သုံးလပတ် အခြေအနေတိုးတက်မှုအစီရင်ခံစာ နှင့် နစ်ပတ်လည်အစီရင်ခံစာတို့တွင် ထည့်သွင်း ဖော်ပြမည်ဖြစ်သည်။ ၎င်းတို့ကို ကျေးလက်/ဦးစီးရုံးချုပ်က ရေးသားပြု စုမည်ဖြစ်သည်။ အစီရင်ခံစာ ရေးသားရာတွင် နစ်နာမှုဖြေရှင်းခြင်းနှင့် ယေဘုယျတွေ့ရှိချက်များ (လက်ခံရရှိသည့် နစ်နာမှု တိုင်ကြားချက် အရေအတွက်၊ အကြောင်းရင်း၊ ဖြေရှင်းပေးနိုင်ခဲ့သည့် နစ်နာမှု အရေအတွက်၊ နစ်နာမှုတစ်ခုဖြေ ရှင်းရန်ပျမ်းမျှကြာချိန်၊ ဆောင်ရွက်ဖြေရှင်းပေးပုံ ကို ကျေနပ်မှု ရှိသည့် တိုင်တန်းထားသူရာခိုင်နှုန်း၊ အလွယ်ဆုံးနည်းလမ်းများသုံးပြီးဖြေရှင်းပေးနိုင်ခဲ့သည့် နစ်နာမှု အရေအတွက် စသည်) ကို ထည့်သွင်းမည်ဖြစ်သည်။

၁၂၄။ နစ်နာမှုဖြေရှင်းရေးစနစ်အပေါ် လွတ်လပ်သည့်စစ်ဆေးမှုကိုလည်း စီမံကိန်း သက်တမ်း မကုန်မီ အတွင်း ဆောင် ရွက်မည်ဖြစ်သည်။

## ၄။ အကြံပေးခြင်းနှင့်ထုတ်ပြန်ကြေညာခြင်း

၁၂၅။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင်တွင် ရှင်းလင်းတိကျသော လမ်းညွှန်မှု များ၊ ထိခိုက် နိုင်ခြေရှိသူများနှင့် ဆွေးနွေးရန်အတွက် လိုအပ်ချက်များပါဝင်ပြီး ၎င်းတို့သည် အောက်ခြေအသံကိုနားစွင့်သည့် ချဉ်း ကပ်ပုံနှင့် စီမံကိန်း အစီအစဉ် ရေးဆွဲမှုစက်ဝန်းတို့နှင့် ကိုက်ညီမှုရှိသည်။ စီမံကိန်းလုပ်ငန်းခွဲများကို ရွာသူရွာသားများက သတ်မှတ်ပြီး ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီက အတည်ပြုပေးသည်။ စီမံကိန်း ဒီဇိုင်းပိုင်းတွင် အချို့သောတိကျသည့်သတ်မှတ်ချက်များရှိရာ ယင်းတို့တွင် စီမံကိန်း စက်ဝန်း အတွင်း အမျိုးသမီးများကိုယ်စားပြုမှုနှင့် တိုင်းရင်းသားလူနည်းစု များ၊ ဘာသာရေးလူနည်းစုများ၊ အခြားသော အားနည်းအုပ်စုများပါဝင်မှုဆိုင်ရာ သတ်မှတ်ချက် များပါဝင်သည်။ ထို့ပြင် နည်းပညာ ဒီဇိုင်းနှင့် အကာအကွယ်စီစဉ်မှုအစိတ်အပိုင်းအဖြစ် ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီနှင့် ကျေးရွာအဆင့် အကောင်အထည်ဖော်ရေးကော်မတီတို့သည် အထောက်အကူပြု ကော်မတီက အတည်မပြုမီတွင် စီမံကိန်းလုပ်ငန်းခွဲတစ်ခုကြောင့် ထိခိုက်နိုင်ဖွယ်ရှိသည့် အိမ်ထောင်စု များနှင့် တိုင်ပင် ဆွေးနွေးမှုများပြုလုပ်ပါသည်။ ထိုသို့ဆွေးနွေးတိုင်ပင်မှုများကို ဒေသအလိုက် ဓလေ့ထုံးစံများနှင့်အညီဆောင်ရွက်ပြီး စီမံကိန်း လုပ်ငန်းခွဲ မှတ်တမ်းများထဲသို့ ထည့်သွင်းကာ ဒေသခံများသိရှိစေရန်ထုတ်ပြန်ပေးပါသည်။ ယင်းလုပ်ငန်းစဉ် များအကြောင်း မှန်ကန်စွာ သိနားလည်ပြီး ထိရောက်စွာအကောင်အထည်ဖော်မှုရှိစေရန်အတွက် ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာ အကောင်အထည်ဖော်ရေး ကော်မတီဝင် များနှင့် စောင့်ကြည့် ကြီးကြပ်ရေးဆပ်ကော်မတီဝင်များ၊ ကျေးလက်/ဦးစီးဌာနဝန်ထမ်းများအား သင်တန်းများ ပေးပါသည်။

၁၂၆။ မူလသဘာဝပတ်ဝန်းကျင်နှင့် လူမှုဆန်းစစ် လေ့လာရေးမူဘောင် (ESSAF) ကို ကျေးလက်/ဦးစီးဌာန၏ မြန်မာဘာသာဖြင့်ထုတ်ဝေသော သီးခြားစာစောင်အဖြစ်လည်းကောင်း၊ ကမ္ဘာ့ဘဏ်၏ Infoshop တွင် အင်္ဂလိပ်ဘာ သာဖြင့်လည်းကောင်း ထုတ်ပြန်ထားပါသည်။ ထို့ပြင် အကာအကွယ်နည်းလမ်းများအား ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းနှင့် ဆိုင်သည့် စီမံကိန်းလုပ်ငန်းခွဲမှတ်တမ်းမှတ်ရာများကိုလည်း စီမံကိန်းဧရိယာတွင်းရှိ ဒေသများ၌ ဒေသသုံး ဘာသာစကား (များ)ဖြင့် ထုတ်ဝေပါသည်။

၁၂၇။ ယခု သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ စီမံခန့်ခွဲမှုမူဘောင် (ESMF) သည် အရပ်ဘက်အဖွဲ့များ၊ အခြား သော စီမံကိန်းနှင့်ဆိုင်သူများနှင့်အတူကျင်းပမည့် အကာအကွယ် ဆိုင်ရာ အစည်း အဝေးများ၌ အဓိကဆွေးနွေးရမည့် ခေါင်းစဉ်ဖြစ်လာပါလိမ့်မည်။ အပြီးသတ် သည်နှင့် ၎င်းကို ကမ္ဘာ့ဘဏ်၏ သတင်းအချက်အလက်ရယူမှုမူဝါဒနှင့်အညီ ထုတ်ပြန်ကာ ဒေသသုံး ဘာသာစကားများသို့ပြန်ဆိုပြီး စီမံကိန်းဝင် ကျေးရွာများ၌ ဖြန့်ဝေမည်ဖြစ်ပါသည်။

## ၄။ အကောင်အထည်ဖော်ရန်ရန်ပုံငွေ

၁၂၈။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင် လုပ်ငန်းစဉ်များနှင့် အကာအကွယ် အစီအမံများ ဆောင်ရွက်ရန် ကုန်ကျစရိတ်များသည် အပိုင်း- ၂ (ကူညီထောက်ပံ့ရေးနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေး) နှင့် အပိုင်း - ၄ (အကောင်အထည်ဖော်ရေးအကူအညီ) တို့တွင် ပါဝင်သည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်များ (ECoP) အကောင်အထည် ဖော်ခြင်း အတွက် ကုန်ကျစရိတ်နှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအစီအစဉ် (RAP) အကျဉ်း သို့မဟုတ် RAP အပြည့်အစုံတို့မှ ရရှိလာမည့် အကျိုးကျေးဇူးများမှာမူ စီမံကိန်းလုပ်ငန်းခွဲများ၏ အပိုင်း - ၁ (စီမံကိန်းလုပ်ငန်းများအတွက် လူထုသို့ တိုက်ရိုက်ထောက်ပံ့ငွေ) တွင် ပါဝင်ပါသည်။

**LIST OF ANNEXES**


Annex 1: Subproject safeguards screening form

Annex 2: Voluntary donation form

Annex 3: Environmental management plan

Annex 4: Final Subproject inspection form

Annex 5: List of subprojects reviewed by technical consultant

## ပုံစံ - စ - ၁၃ - အကာအကွယ် စစ်ဆေးချက် ပုံစံ (FORM PC 13)

လိုအပ်ပါက ဤပုံစံကို ဖြည့်၍ စီမံကိန်း လုပ်ငန်းခွဲ အဆိုပြုလွှာတွင် တွဲပါ။

ဖြည့်သွင်းပြီး ပုံစံကို (စီမံကိန်း လုပ်ငန်းခွဲ တစ်ခုစီ) စီမံကိန်း လုပ်ငန်းခွဲ အဆိုပြုလွှာတွင် တွဲပါ။

| | |
|---|---|
| တိုင်းဒေသကြီး/ပြည်နယ် | |
| မြို့နယ် | |
| ကျေးရွာအုပ်စု | |
| ကျေးရွာ | |
| စီမံကိန်း လုပ်ငန်းခွဲ | |
| စီမံကိန်း လုပ်ငန်းခွဲ အမှတ် | |

**စီမံကိန်း လုပ်ငန်းခွဲ အကြောင်း**

အမျိုးအစား (အကျုံးဝင်မှု အမျိုးအစားတွင် ကြည့်ပါ)

စီမံကိန်း အမျိုးအစား (အမှန်ခြစ်ပါ)□ ပြင်ခြင်း □ တိုးချဲ့ခြင်း □ အသစ် □ အခြား

အခြေခံ အဆောက်အဦ အမျိုးအစား

□အဆောက်အဦ □လမ်း/တံတား/ဆိပ်ခံ □ရေပေးရေး □ကျေးလက်လျှပ်စစ်မီး □စိုက်ပျိုးရေ

□ကျန်းမာသန့်ရှင်းရေး

ခန့်မှန်းကုန်ကျငွေ

တည်နေရာ (GPS reading ရနိုင်ပါက ဖော်ပြရန်)

အကျိုးပြု ဦးရေ

အကျိုးပြု ကျေးရွာပေါင်း

ကဏ္ဍအလိုက် စီမံကိန်း နှင့် ဆက်စပ်မှု (ရွေးပါ) □ ရှိ □ မရှိ

ကျေးရွာ တွင် အလားတူ စီမံကိန်း လုပ်ငန်းခွဲ/ ပုံစံတူ ပစ္စည်း (ရွေးပါ) □ ရှိ □ မရှိ

**သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ စိစစ်မှု**

ကျေးရွာ စီမံကိန်း လုပ်ငန်းခွဲများ အားလုံးအတွက်

*E1.* သဘာဝ ပတ်ဝန်းကျင် *Natural environment*

(က) စီမံကိန်း လုပ်ငန်းခွဲ ဧရိယာ အနီးရှိ သစ်ပင် များ၏ အခြေအနေ အနည်းငယ် ဖော်ပြပါ။

(ခ) ရှင်းလင်းရမည့် သစ်ပင် အရေအတွက် ခန့်မှန်းပါ။

(ဂ) စီမံကိန်း လုပ်ငန်းခွဲမှ သက်ရောက်မှု ရှိမည့် နေရာတွင် သဘာဝ ပတ်ဝန်းကျင် နှင့် မျိုးသုဉ်းတော့မည့် တိရစ္ဆာန် မျိုးစိတ်များ တည်ရှိပါက ဆိုးရွားစွာ ထိခိုက် နိုင်ခြေ စစ်ဆေးပါ။
-- သဘာဝ သစ်တော ရှိ___ မရှိ___
-- သဘာဝ ပန်းခြံ ရှိ___ မရှိ___
-- မြစ် ရှိ___ မရှိ___
-- ကန် ရှိ___ မရှိ___
-- ရေနက်ကွင်း၊ စိမ့်မြေ၊ ရာသီအလိုက် လွှမ်းမိုးမှု ရှိသောမြေများ ရှိ___ မရှိ___
-- ဥပဒေ စည်းမျဉ်းများ၊ သဘောတူညီမှုများ အရ မျိုးသုဉ်းတော့မည့် တိရစ္ဆာန် မျိုးစိတ်များ ရှိ___ မရှိ___
-- အခြား ရှိ___ မရှိ___

တစ်ခုခု ရှိသည် ဟု ဖြေပါက သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု ရှိနိုင်ကြောင်း VSP အမှတ် အသား ပြုပါ
□ထိခိုက်မှုရှိ □ထိခိုက်မှုမရှိ

*E2.* မြစ်ချောင်းများ၏ ဂေဟဗေဒ *(River ecology)*

ရေထိမ်း တမံ၊ ရေလွှဲ စသော ဆည်မြောင်းဆိုင်ရာ အဆောက် အဦ အသစ်များ ဆောက်လုပ်မှု ကြောင့် မြစ်ချောင်းများ၏ ဂေဟဗေဒကို ထိခိုက် စေနိုင်မှု ရှိမရှိ စိစစ်ပါ။ ရေ၏ အရည်အသွေးရော ပမာဏပါ သတိပြုရန် လိုပါသည်၊ သဘာဝ၊ စီးပွားဖြစ် တွက်ခြေကိုက်မှု နှင့် ရေနေ သတ္တဝါများ အတွက်ပါ ထည့်သွင်း စဉ်းစားရန် လိုသည်။ ရှိ___ မရှိ___
တစ်ခုခု ရှိသည် ဟု ဖြေပါက သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု ရှိနိုင်ကြောင်း VSP အမှတ် အသား ပြုပါ
□ထိခိုက်မှုရှိ □ထိခိုက်မှုမရှိ

*E3.* ကာကွယ်ထားသောဧရိယာ *(Protected areas)*

စီမံကိန်း လုပ်ငန်းခွဲဧရိယာ (သို့မဟုတ် စီမံကိန်း လုပ်ငန်းခွဲ အစိတ်အပိုင်း) သည် ကာကွယ် ထားသော ဧရိယာ (အမျိုးသား ဥယျာဉ်၊ အမျိုးသား ကာကွယ်တော၊ ကမ္ဘာ့အမွေအနှစ်၊ စသည်) နှင့် ထိစပ် / ကျရောက် နေမှု ရှိ___ မရှိ___

စီမံကိန်း လုပ်ငန်းခွဲ သည် ဧရိယာ အတွင်း မကျရောက် သော်လည်း နီးကပ်နေပြီး သက်ရောက်မှုကြောင့် ဂေဟာဗေဒ အရ ထိခိုက်နိုင်ခြေ (ဥပမာ၊ နို့တိုက်သတ္တဝါ များ၊ ငှက်များ၏ ဝင်ထွက်လမ်းပေါ် ကျရောက် နေမှု) ရှိ___ မရှိ___

တစ်ခုခု ရှိသည် ဟု ဖြေပါက သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု ရှိနိုင်ကြောင်း VSP အမှတ် အသား ပြုပါ
□ထိခိုက်မှုရှိ □ထိခိုက်မှုမရှိ

*E4.* ဂျီအိုလိုဂျီ နှင့် မြေဆီလွှာ *(Geology and soils)*

စစ်ဆေး တွေ့ရှိချက် (သို့မဟုတ်) စာအုပ် စာတန်းများ အရ ဂျီအိုလိုဂျီ နှင့် မြေလွှာ တည်ငြိမ်မှု မရှိခြင်း (မြေလွှာ တိုက်စားခြင်း၊ မြေပြိုခြင်း၊ subsidence-prone) ရှိ___ မရှိ___
စစ်ဆေး တွေ့ရှိချက် (သို့မဟုတ်) စာအုပ် စာတန်းများ အရ ကြီးကြီး မားမား မြေဆီလွှာ တိုက်စားခြင်း ရှိ___ မရှိ___

တစ်ခုခု ရှိသည် ဟု ဖြေပါက သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု ရှိနိုင်ကြောင်း VSP အမှတ် အသား ပြုပါ
□ထိခိုက်မှုရှိ □ထိခိုက်မှုမရှိ

*E5.* ညစ်ညမ်းမှု *Pollution*

စီမံကိန်း လုပ်ငန်းခွဲကြောင့် မြေ၊ ရေ၊ လေ ထု ညစ်ညမ်းမှု ဖြစ်စေနိုင်ခြင်း ရှိ___ မရှိ___
ခဲ အသုံးပြုသော ဘက်ထရီများ အသုံးပြုမှု ရှိ___ မရှိ___

တစ်ခုခု ရှိသည် ဟု ဖြေပါက သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု ရှိနိုင်ကြောင်း VSP အမှတ် အသား ပြုပါ
□ထိခိုက်မှုရှိ □ထိခိုက်မှုမရှိ

*E6.* လမ်း ဖေါက်လုပ်မှုကြောင့် သစ်ပင် မျိုးစိတ်များကို အနှောက်အယှက် ဖြစ်စေခြင်း *(Invasive plant species along feeder road routes)*

စီမံကိန်း လုပ်ငန်းခွဲသည် လမ်း ဖေါက်လုပ်မှုကြောင့် သစ်ပင် မျိုးစိတ်များကို အနှောက်အယှက် ဖြစ်စေခြင်း ရှိ___ မရှိ___

တစ်ခုခု ရှိသည် ဟု ဖြေပါက သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု ရှိနိုင်ကြောင်း VSP အမှတ် အသား ပြုပါ
☐ထိခိုက်မှုရှိ ☐ထိခိုက်မှုမရှိ

*E7.* သမိုင်းဝင်၊ ရှေးဟောင်း၊ ယဉ်ကျေးမှု ဇရိယာ *(Historical, archaeological or cultural heritage site)*

ရရှိသော အချက်အလက်များ အရ၊ ဒေသ အာဏာပိုင်များ၏ အကြံပေးမှု အရ၊ ဒေသခံ များ၏ သိရှိမှု အရ၊ လေ့လာမှု အရ စီမံကိန်း လုပ်ငန်းခွဲသည် သမိုင်းဝင်၊ ရှေးဟောင်း၊ ယဉ်ကျေးမှု ဇရိယာ (ဥပမာ ဘုရား စေတီ၊ အမှတ်ရ အောက်မေ့ဖွယ် အဆောက်အဦ နှင့် သင်္ချိုင်းဂူများ) သို့မဟုတ် အနီးနားတွင် တူးဖော်ရန် လိုအပ်မှု ရှိ___ မရှိ___

တစ်ခုခု ရှိသည် ဟု ဖြေပါက သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု ရှိနိုင်ကြောင်း VSP အမှတ် အသား ပြုပါ
☐ထိခိုက်မှုရှိ ☐ထိခိုက်မှုမရှိ

*E8.* သီးနှံ အပင် နှင့် နေအိမ် အဆောက်အဦ ပျက်စီးမှု *(Loss of crops, fruit trees and household infrastructure)*

စီမံကိန်း လုပ်ငန်းခွဲကြောင့် သီးနှံ အပင် နှင့် နေအိမ် အဆောက်အဦ (ဥပမာ၊ ကျီ၊ ကျ စသော သိုလှောင်ရုံ များ၊ အိမ်ပြင်ပရှိ အိမ်သာ၊ မီးဖိုချောင် စသည်) ပျက်စီးမှု ရှိ___ မရှိ___

တစ်ခုခု ရှိသည် ဟု ဖြေပါက သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု ရှိနိုင်ကြောင်း VSP အမှတ် အသား ပြုပါ
☐ထိခိုက်မှုရှိ ☐ထိခိုက်မှုမရှိ

*E9.* သဘာဝ သတ္တဝါများ အပေါ် ဆိုးရွားစွာ သက်ရောက်မှု*(Adverse impacts on natural habitats)*

စီမံကိန်း လုပ်ငန်းခွဲကြောင့် သဘာဝ သတ္တဝါများ အပေါ် (OP 4.04 Natural Habitats) လက်ခံနိုင်သော ပမာဏထက် ပိုလွန်၍ ဆိုးရွားစွာ သက်ရောက်မှု ရှိ___ မရှိ___

တစ်ခုခု ရှိသည် ဟု ဖြေပါက သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု ရှိနိုင်ကြောင်း VSP အမှတ် အသား ပြုပါ
☐ထိခိုက်မှုရှိ ☐ထိခိုက်မှုမရှိ

*E10.* ရေဆိုး နှင့် အမှိုက် *(Solid or liquid waste)*

စီမံကိန်း လုပ်ငန်းခွဲကြောင့် ရေဆိုး နှင့် အမှိုက် ထွက်ရှိမှု ရှိ___ မရှိ___

ရှိပါက စီမံကိန်း လုပ်ငန်းခွဲတွင် လုံလောက်သော စွန့်ပစ်စနစ် ပါဝင်မှု ရှိ___ မရှိ___

တစ်ခုခု ရှိသည် ဟု ဖြေပါက သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု ရှိနိုင်ကြောင်း VSP အမှတ် အသား ပြုပါ
□ထိခိုက်မှုရှိ □ထိခိုက်မှုမရှိ

- **အထက်ပါ မေးခွန်း တစ်ခု၏ အဖြေသည် "ရှိ" ဟု ဖြစ်ပါက သဘာဝ ပတ်ဝန်းကျင် စီမံ ခန့်ခွဲမှု အစီအစဉ် *(Environmental Management Plan)* ကို ရေးဆွဲ၍ သက်ရောက်မှုအပေါ် ခံနိုင်ရည် ရှိစေရေး ပြင်ဆင်ရမည်။**

**လူမှု စစ်ဆေးချက် (Social screening)**

*S1.* ပြန်လည် နေရာချထားခြင်း နှင့် မြေသိမ်းခြင်း *(Resettlement and/or land acquisition)*

စီမံကိန်း လုပ်ငန်းခွဲ အကောင်အထည် ဖော်ရန် ပုဂ္ဂလိက ပိုင် မြေ၊ အိမ်ရာ၊ စိုက်ခင်း၊ သို့မဟုတ် အခြား ပိုင်ဆိုင်မှု များကို အမြဲတမ်း သို့မဟုတ် ယာယီ အသုံးပြုရန် လိုအပ်မှု ရှိ___ မရှိ___

- အဖြေသည် "ရှိ" ဖြစ်ပါက မြေသိမ်းဆည်းမှု လမ်းညွှန် အတိုင်း (မြေလှူဒါန်းခြင်း သို့မဟုတ် ရွှေ့ပြောင်းရေး အစီအစဉ် တို့ကို လိုအပ်သလို အသုံးပြု၍) ဆက်လက် ဆောင်ရွက်ပါ။

*S2.* စီမံကိန်း လုပ်ငန်းခွဲ၏ အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်း *(Accessing benefits)*

ကျေးရွာတွင်းရှိ အောက်ပါ အုပ်စုများသည် စီမံကိန်း လုပ်ငန်းခွဲ၏ အကျိုးကို ခံစားရရှိခြင်း

-- အမျိုးသမီးများ အကျိုး ခံစားရရှိခြင်း ရှိ___ မရှိ___
-- လူငယ်များ အကျိုး ခံစားရရှိခြင်း ရှိ___ မရှိ___
-- တိုင်းရင်းသား လူနည်းစု အကျိုး ခံစားရရှိခြင်း ရှိ___ မရှိ___
-- ဘာသာရေးအရ လူနည်းစု အကျိုး ခံစားရရှိခြင်း ရှိ___ မရှိ___
-- အခြား အုပ်စုများ (ဥပမာ၊ နွမ်းပါးသူများ၊ သက်ကြီးရွယ်အိုများ) အကျိုး ခံစားရရှိခြင်း ရှိ___ မရှိ___

- အုပ်စု တစ်ခုတိုင်း အတွက် "ရှိ" လျှင် မည်သို့ "မရှိ" လျှင် မည်သို့ ရှင်းလင်းချက် ပါရှိစေရမည်။

အကောင်အထည် ဖော်ရာတွင် ကျေးရွာသားများကို အလုပ် ခန့်ထားနိုင်မှု ရှိ___ မရှိ___

- "ရှိ" လျှင် အပိုင်း - ၁ - ပါ ရန်ပုံငွေ ပေးအပ်ခြင်း (Block Grants) တွင် နေ့တွက်ခနှင့် တိုက်ဆိုင် စစ်ဆေးပါ။

| | | | |
|---|---|---|---|
| အမည် | ______ | ရာထူး | ဥက္ကဋ္ဌ၊ ကျေးရွာ စီမံကိန်း အထောက်အကူပြု ကော်မတီ ______ |
| လက်မှတ် | ______ | ရက်စွဲ | ______ |
| တင်ပြမည့်နေရာ | | ရာထူး | ကျေးလက်/ဦးစီး မြို့နယ် CDD စီမံကိန်း ရုံး (မြို့နယ် အင်ဂျင်နီယာ၏ အတည်ပြုချက်ဖြင့်) |
| ရက်စွဲ | ______ | | |

## ပုံစံ - စ - ၁၄ - ဆန္ဒအလျှောက် လှူဒါန်းခြင်း (FORM PC 14)

| | |
|---|---|
| တိုင်းဒေသကြီး/ ပြည်နယ် | |
| မြို့နယ် | |
| ကျေးရွာအုပ်စု | |
| ကျေးရွာ | |
| စီမံကိန်း လုပ်ငန်းခွဲ အမှတ် | |
| လက်ထောက်နည်းပညာမှူး | |

<table>
<tr><td colspan="2">မြေပိုင်ရှင် အမည်</td><td colspan="2">နိုင်ငံသား စိစစ်ရေး ကတ်ပြား အမှတ်</td><td colspan="2">စီမံကိန်း လုပ်ငန်းခွဲ အကျိုး ခံစားရသူ ဟုတ်/ မဟုတ်</td></tr>
<tr><td colspan="2">ကျား/မ</td><td colspan="2">အသက်</td><td colspan="2">ရာထူး</td></tr>
<tr><td colspan="6">လိပ်စာ</td></tr>
<tr><td>စီမံကိန်း လုပ်ငန်းခွဲက အသုံး ချမည့် မြေယာ အနေအထား</td><td>အသုံး ချမည့် ဧရိယာ</td><td colspan="2">စုစုပေါင်း ဧရိယာ</td><td>အသုံး ချမည့် ဧရိယာ နှင့် စုစုပေါင်း ဧရိယာ အချိုး</td><td>မြေပုံ အမှတ်</td></tr>
<tr><td colspan="6">စီမံကိန်း ကြောင့် ထိခိုက်မည့် စိုက်ပင် သီးနှံ</td></tr>
<tr><td colspan="2"></td><td colspan="2">အသေးစိတ်</td><td colspan="2">အရေအတွက်</td></tr>
<tr><td colspan="2">– ခုတ်လှဲရမည့် သစ်ပင်</td><td colspan="2"></td><td colspan="2"></td></tr>
<tr><td colspan="2">– သီးပင်</td><td colspan="2"></td><td colspan="2"></td></tr>
<tr><td colspan="2">– စိုက်ပင်</td><td colspan="2"></td><td colspan="2"></td></tr>
<tr><td colspan="2">– သစ်ပင်ကြီး</td><td colspan="2"></td><td colspan="2"></td></tr>
<tr><td colspan="2">– အခြား</td><td colspan="2"></td><td colspan="2"></td></tr>
<tr><td colspan="6">စီမံကိန်း အကောင် အထည် ဖော်ရန် ပျက်စီး ဆုံးရှုံးသွားမည့် ပိုင်ဆိုင်မှု/ ပစ္စည်းများ</td></tr>
<tr><td colspan="6">လှူဒါန်းမှု တန်ဘိုး</td></tr>
<tr><td colspan="6">ထိခိုက်သူများ ရွှေ့ပြောင်း ပေးရခြင်း ရှိမရှိ</td></tr>
</table>

ဤ ပုံစံ စာရွက်ပေါ်တွင် လက်မှတ် ရေးထိုးခြင်း လက်ဗွေနှိပ်ခြင်းဖြင့် မြေအသုံးပြုသူ/ပိုင်ရှင်သည် မိမိပိုင်မြေကို စီမံကိန်း အား လှူဒါန်းခြင်းကို ဖော်ပြသည်။ ဆန္ဒအလျှောက် လှူဒါန်းခြင်း ဖြစ်သည်။ အကယ်၍ မြေအသုံးပြုသူ/ပိုင်ရှင်သည် မိမိပိုင်မြေကို စီမံကိန်း အား လှူဒါန်းလိုခြင်း မရှိပါက ဤ ပုံစံ စာရွက်ပေါ်တွင် လက်မှတ် ရေးထိုးခြင်း မပြုဘဲ ငြင်းပယ်၍ လျော်ကြေး တောင်းခံ နိုင်သည်။

ရက်စွဲ............................

ကျေးရွာ စီမံကိန်း အထောက်အကူပြု
ကော်မတီ ကိုယ်စားလှယ် လက်မှတ်

ရက်စွဲ.........................

ထိခိုက် ခံရသူ ပိုင်ရှင် လက်မှတ်
(ဇနီးမောင်နှံ နှစ်ဦးစလုံး လက်မှတ်
ထိုးရမည်)

# ပုံစံ - စ - ၁၅ - သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု စီမံချက် (FORM PC 15)

ဖြည့်သွင်း ပြီးစီး သော ပုံစံကို ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းခွဲ တွင် ဆက်၍ တွဲရမည်။
စီမံကိန်း လုပ်ငန်းခွဲ သဘာဝ ပတ်ဝန်းကျင် စီမံ ခန့်ခွဲမှု အစီအစဉ်(EMP) ကို ကျေးလက်/ဦးစီး မြို့နယ် အင်ဂျင်နီယာက အတည်ပြု ပေးရမည်။

| | |
|---|---|
| တိုင်းဒေသကြီး/ ပြည်နယ် | |
| မြို့နယ်: | |
| ကျေးရွာအုပ်စု: | |
| ကျေးရွာ: | |
| စီမံကိန်း လုပ်ငန်းခွဲ ID: | |
| လက်ထောက်နည်းပညာမှူး | |

| ဆိုးကျိုး သက်ရောက် နိုင်ခြေ | ကြိုတင် ပြင်ဆင်မှု | ကြီးကြပ်မည့် အစီအစဉ် | တာဝန် | အကောင်အထည် ဖော်မည့် အချိန် ဇယား | ခန့်မှန်း ကုန်ကျငွေ |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

အမည်:

ရာထူး ဥက္ကဋ္ဌ၊ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီ

လက်မှတ်:

ရက်စွဲ:

## ပုံစံ - စ-၁၀ - လုပ်ငန်းပြီးစီးမှု စစ်ဆေးချက်ပုံစံ (FORM PC 10)

| | | | |
|---|---|---|---|
| လမ်းညွှန်။ | | | |
| စည်းရုံးရေးမှူး။ | | | |
| ရက်စွဲ။ | □ပ နှစ်□ဒု နှစ်□တ နှစ်□ စ နှစ် | | |
| ပြည်နယ်/ တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |

**စီမံကိန်းလုပ်ငန်းခွဲအကြောင်း**

| **လုပ်ငန်း** | **ပမာဏ** | | **အကျိုးပြုဦးရေ** | |
|---|---|---|---|---|
| | လျာထား | အမှန် | လျာထား | အမှန် |
| | | | | |
| | | | | |

**ဘဏ္ဍာရေးဆိုင်ရာ**

| လူထုဗဟိုပြုစီမံကိန်း ရန်ပုံငွေ | | ကျေးရွာ ထည့်ဝင်ငွေ | | အစိုးရ အခြား ရန်ပုံငွေ | | အခြား | |
|---|---|---|---|---|---|---|---|
| လျာထား | အမှန် | လျာထား | အမှန် | လျာထား | အမှန် | လျာထား | အမှန် |
| | | | | | | | |

| |
|---|
| **တည်ဆောက်ရေး။** ပြီးစီးမှု □ မရှိသေး □ ပြီးစီး၊ (ဖော်ပြပါ) |
| **ဝယ်ယူရေး။** ပစ္စည်း ဝယ်ယူရေး၊ ကန်ထရိုက် ငှားရမ်းရေး ဆိုင်ရာ ပြဿနာ □ မရှိပါ □ ရှိသည်၊ (ဖော်ပြရန်) |

**အကာအကွယ်/ECOP**

(က) မြေသိမ်းယူမှု ဆိုင်ရာ ပြဿနာ □ မရှိပါ □ ရှိသည်၊ (ဖော်ပြရန်)

(ခ) သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ပြဿနာ □ မရှိပါ □ ရှိသည်၊ (ဖော်ပြရန်)

**လည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ကော်မတီ။** ဖွဲ့စည်းမှု နှင့် လုပ်ငန်း ဆောင်ရွက်မှု□ မရှိ (ဖော်ပြပါ) □ ရှိ

**အရည်အသွေး**

လုပ်ငန်း အရည်အသွေး□ ညံ့ □ သင့် □ ကောင်း □ အလွန်ကောင်း

**လူထု ကျေနပ်မှု**

လုပ်ငန်း အပေါ် ကျေးရွာလူထု ကျေနပ်မှု□ ညံ့ □ သင့် □ ကောင်း □ အလွန်ကောင်း

အခြား တင်ပြချက်

အထက်ဖော်ပြပါ လုပ်ငန်းသည် ပြီးစီးပြီး ဖြစ်ကာ စတင် သုံးစွဲလျက် ရှိကြောင်း ထောက်ခံအပ်ပါသည်

ရက်စွဲ ____________________

ဥက္ကဋ္ဌ၊ ကျေးရွာ စီ/ထောက်ကော်မတီ ________________________ လက်မှတ်

ဥက္ကဋ္ဌ၊ ကျေးရွာ ဝယ်ယူရေး ဆပ်ကော်မတီ __________________ လက်မှတ်

စာရင်းကိုင် ________________________________ လက်မှတ်

သက်သေ (နည်းပညာရှင်) _____________________________ လက်မှတ် __________________ ရက်စွဲ

## ပုံစံ - စ-၁၀ - လုပ်ငန်း ပြီးစီးမှု စစ်ဆေးချက်ပုံစံ (FORM PC 10)

## အပိုင်း (ခ) စီမံကိန်း လုပ်ငန်းခွဲ အသေးစိတ် အသုံးစရိတ်များ

လမ်းညွှန်။ကျေးရွာ စောင့်ကြည့် ကြီးကြပ်ရေး ကော်မတီ နှင့်စာရင်းကိုင်တို့က (CF/TF) တို့၏ အကူအညီဖြင့် လုပ်ငန်း ပြီးစီးမှု စစ်ဆေးချက် အဖြစ် ဖြည့်သွင်းရန်

စည်းရုံးရေးမှူး/ ဝန်ထမ်း/ ကော်မတီဝင် အမည်

ရက်စွဲ

ပြည်နယ်/ တိုင်းဒေသကြီး မြို့နယ် ကျေးရွာအုပ်စု ကျေးရွာ

စီမံကိန်း လုပ်ငန်းခွဲ အမှတ်

| အုပ်စု | နံပါတ် | ယူနစ် | ပမာဏ | နှုန်း | နောက်ဆုံး အမှန် ကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်း | ကျေးရွာ | အခြား | ပေါင်း |
| ဆောက်လုပ်ရေး ပစ္စည်း | | | | | | | | |
| လက်သုံး ကိရိယာ | | | | | | | | |
| လုပ်အားခ | | | | | | | | |
| ဝန်ဆောင်မှု | | | | | | | | |
| အခြား | | | | | | | | |
| စုစုပေါင်း | | | | | | | | |

**Annex 5: List of subprojects reviewed by technical consultant**

| *No.* | *Township* | *Village Tract* | *Village Name (English)* | *Sub-Project* | *Date of Inspection* | *H.H* | *Female* | *Total Population* | *Approx Distance from Township (KM) or (Hours: Min) for Kyunsu* |
|---|---|---|---|---|---|---|---|---|---|
| 1 | Kanpetlet | Kyet Chan | Ma Kyauk Ahr | Footpath | Aug 7, 2014 | 40 | 112 | 231 | 6.4 |
| 2 | Kanpetlet | Kant Thar Yon | Saw Laung | Water Supply | Aug 7, 2014 | 29 | 83 | 147 | 1.6 |
| 3 | Kanpetlet | Kant Thar Yon | Par Kun | School Rehabilitation | Aug 7, 2014 | 46 | 136 | 266 | 0.2 |
| 4 | Kanpetlet | Kant Thar Yon | Saw Chaung | Water Supply | Aug 7, 2014 | 19 | 40 | 69 | 3.2 |
| 5 | Kanpetlet | Kant Thar Yon | Kant Thar Yon | Linking Road | Aug 7, 2014 | 40 | 95 | 195 | 1.6 |
| 6 | Kanpetlet | Hman Taung | Maw Chaung | Water Supply | Aug 8, 2014 | 38 | 111 | 225 | 64 |
| 7 | Kanpetlet | Kyin Dway | Hpone Twi Khi | Irrigation | Aug 8, 2014 | 22 | 70 | 138 | 89.6 |
| 8 | Kanpetlet | Lon Ein Nu | Tin Pon Kyinn | School Extension | Aug 9, 2014 | 26 | 62 | 114 | 99 |
| 9 | Kanpetlet | Kyin Dway | Auk Hle | School Extension | Aug 9, 2014 | 31 | 120 | 208 | 100.8 |
| 10 | Kanpetlet | Kyin Dway | Hoke Pon Kyin | School Extension | Aug 9, 2014 | 19 | 46 | 91 | 89.6 |
| 11 | Kanpetlet | Pu Saw | Pan Taung | Water Supply | Aug 9, 2014 | 24 | 78 | 142 | 92.8 |
| 12 | Namhsan | Kyauk Hpyu | Kyauk Hpyu Ywar Ma | School Fence | Aug 12, 2014 | 134 | 378 | 741 | 7 |
| 13 | Namhsan | Nam Len | Nam Len | Community Hall | Aug 13, 2014 | 244 | 971 | 1795 | 25 |
| 14 | Namhsan | Ahr Ram | Ahr Ram (Pa Laung) | Public latrine | Aug 13, 2014 | 242 | 773 | 1751 | 11 |
| 15 | Namhsan | Ahr Ram | Ho Nam | Hydro | Aug 14, 2014 | 26 | 112 | 208 | 18 |
| 16 | Namhsan | Za Yang | Za Yang (North) | School Fence | Aug 14, 2014 | 321 | 909 | 1744 | 4 |
| 17 | Namhsan | Za Yang | Za Yang Ywar Ma | Road | Aug 14, 2014 | 386 | 1019 | 1923 | 2 |
| 18 | Namhsan | Ngun Hseng | Ngun Hseng | Water Tank | Aug 14, 2014 | 221 | 545 | 1057 | 5 |
| 19 | Namhsan | Hpa Yar Gyi | Man Pang | Side Drain | Aug 15, 2014 | 172 | 187 | 379 | 8 |

| ***No.*** | ***Township*** | ***Village Tract*** | ***Village Name (English)*** | ***Sub-Project*** | ***Date of Inspection*** | ***H.H*** | ***Female*** | ***Total Population*** | ***Approx Distance from Township (KM) or (Hours: Min) for Kyunsu*** |
|---|---|---|---|---|---|---|---|---|---|
| 20 | Namhsan | Man Kan | Ho Chit @ Sa Khan Thar | Concrete Road | Aug 15, 2014 | 64 | 248 | 468 | 13 |
| 21 | Namhsan | Li Lu | Li Lu | Bridge | Aug 15, 2014 | 60 | 151 | 283 | 34 |
| 22 | Kyunsu | Zay Ka Mi | Zay Ka Mi | School Renovation | Oct 25, 2014 | 139 | 398 | 805 | 1:45 |
| 23 | Kyunsu | Zay Ka Mi | Pan Taung | Water Supply | Oct 25, 2014 | 78 | 200 | 406 | 1:55 |
| 24 | Kyunsu | Zay Ka Mi | Shwedu/Taungpuu | School | Oct 25, 2014 | 102 | 180 | 392 | 1:55 |
| 25 | Kyunsu | Mawng Hiaw | Mawng Hlaw Auk | Bridge | Oct 26, 2014 | 165 | 530 | 1026 | 2:00 |
| 26 | Kyunsu | Mawng Hiaw | Yataung Adwin | School | Oct 26, 2014 | 162 | 525 | 1023 | 2:45 |
| 27 | Kyunsu | Min Goke | Min Goke | Water Tank | Oct 26, 2014 | 250 | 750 | 1511 | 3:00 |
| 28 | Kyunsu | Kat Ta Lu | Leik Kvei | Hydro Power | Oct 27, 2014 | 28 | 66 | 128 | 2:45 |
| 29 | Kyunsu | Kat Ta Lu | Htein Chaung | Concrete Road | Oct 27, 2014 | 146 | 391 | 758 | 2:30 |
| 30 | Kyunsu | Ka Pa | Ma Yan Chaung | School | Oct 27, 2014 | 248 | 576 | 1059 | 1:30 |
| 31 | Kyunsu | Ma Ai | Lin Ma Lo | Jetty | Oct 28, 2014 | 90 | 291 | 590 | 3:15 |
| 32 | Kyunsu | Ma Ai | Ma San Pa | Concrete Footpath | Oct 28, 2014 | 159 | 437 | 934 | 2:45 |

Sources:

(1) Population data of Kanpetlet, based on CFs' data, updated on April-14, 2014

(2) National Community-Driven Development (NCDD) Project, Table 1. Summary Profile of First Cycle Townships, Distance from KPL, data based on CFs/TFs

(3) Namhsan Township, Shan (North), Demographic Data.

(4) Tanintharyi Region, Myeik District, Kyunsu Township (Mode of Travel)